# မင်္ဂလာဖွင့်ကောက်နှုတ်ချက်

## (မင်္ဂလာ)

၁၂
မ

ယဉ်ကျေးမှုအခြေခံ

မင်္ဂလာ စာမေးပွဲများ အတွက်

# မင်္ဂလာဖွင့် ကောက်နုတ်ချက်

"ခံကျောင်း" မင်္ဂလာဖွင့် အကျယ်မှ

ထုတ်နုတ်သည်

---

၁၃၂၁-ခုနှစ်

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာနံပါတ်**


အကြောင်းပြစကား

မင်္ဂလာသံပေါက်များ

မင်္ဂလာမည်ပုံ ........ ........ ၉

ပြဿဒါးမရွေးရ ........ ........ ၉

မင်္ဂလာဟူသည် ........ ........ ၁၀

မင်္ဂလာပေါ်လာပုံ ........ ........ ၁၂

(၁) ဗာလာန အသေဝနာ မင်္ဂလာ ........ ၁၃

ဗာလမည်ပုံ ........ ........ ၁၃

မှီဝဲ မမှီဝဲ အဓိပ္ပါယ် ........ ........ ၁၄

လူမိုက်အဖြစ် ........ ........ ၁၅

ငရဲဒုက္ခ ........ ........ ၁၆

လူမိုက်နှင့်ပေါင်း၍ လူမိုက်ဖြစ်ပုံ ........ ၁၇

လူမိုက်နှင့်ပေါင်းပြစ် ........ ........ ၂၀

(၂) လူမိုက်နှင့် မပေါင်းသင့်ပုံ ........ ၂၂

ပဏ္ဍိတသေဝနာ မင်္ဂလာ ........ ၂၃

ပညာရှိဖြစ်ရကျိုး ........ ........ ၂၄

ပညာရှိနှင့် ပေါင်းဖော်ရကျိုး ........ ၂၅

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- |
| (၃) ပူဇာစ မင်္ဂလာ ........ ........ | ၂၇ |
| ပူဇော်ထိုက်သူ ........ ........ | ၂၇ |
| ပူဇော်နည်းနှစ်မျိုး ........ ........ | ၂၈ |
| ပူဇော်ကျိုး ........ ........ | ၂၈ |
| ပူဇော်ပြစ် ........ ........ | ၂၉ |
| (၄) ပတိရူပဒေသဝါသ မင်္ဂလာ ........ | ၃၀ |
| သင့်တင့်လျောက်ပတ်သောအရပ် ........ | ၃၀ |
| (၅) ပုဗ္ဗေ ကတပုညတာ မင်္ဂလာ ........ | ၃၁ |
| ကံ, ဉာဏ်, ဝီရိယ ........ ........ | ၃၁ |
| (၆) အတ္တသမ္မာ ပဏိဓိ မင်္ဂလာ ........ | ၃၂ |
| ပဏိဓိ မင်္ဂလာ နည်းတဖြာ ........ | ၃၃ |
| အတ္တသမ္မာနှင့် ပြောင်းပြန်ကျင့် ........ | ၃၄ |
| (၇) ဗာဟုသစ္စ မင်္ဂလာ ........ | ၃၅ |
| ပြည့်စုံသင့်ရာ ဗာဟုသစ္စ မင်္ဂလာ ........ | ၃၅ |
| အပြစ်မကင်းသော အကြားအမြင် ........ | ၃၆ |
| (၈) သိပ္ပ မင်္ဂလာ ........ ........ | ၃၇ |
| ရဟန်းနှင့်ဆိုင်သော အတတ် ........ | ၃၇ |
| လူနှင့်ဆိုင်သောအတတ် ........ ........ | ၃၈ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| စာကလေးနှင့် မျောက် | ၃၇ |
| သိပ္ပ အကျိုး | ၃၇ |
| ဆဲ့ရှစ်ရပ် အတတ်မျိုးစုံ | ၃၉ |
| (၉) သုသိက္ခိတ ဝိနယ မင်္ဂလာ | ၄၀ |
| ဝိနည်းသင် သင့်ပုံ | ၄၀ |
| သာသနာ့ပြုနည်း | ၄၂ |
| လူ့ဝိနည်း၊ ရဟန်းဝိနည်း | ၄၂ |
| (၁၀) သုဘာသိတာဝါစာ မင်္ဂလာ | ၄၄ |
| သုဘာသိတ ဖြစ်ပုံ | ၄၄ |
| သုဘာသိတာ အကျိုး | ၄၆ |
| ဤသို့ကျင့် | ၄၇ |
| ဒုဗ္ဘာသိတ အပြစ် | ၅၀ |
| ကြမ်းသင့်လျှင် ကြမ်း | ၅၀ |
| (၁၁) မာတာပိတု ဥပဋ္ဌာန မင်္ဂလာ | ၅၁ |
| မိဘကျေးဇူးကြီးပုံ | ၅၁ |
| ကျေးဇူးဆပ်နည်း | ၅၃ |
| မိဘကို မလုပ်ကျွေးပြစ် | ၅၄ |
| မိဘကို လုပ်ကျွေးကျိုး | ၅၆ |
| မိဘလုပ်ကျွေးပုံ | ၅၇ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| ရဟန်းဖြစ်သော်လည်း မိဘကို လုပ်ကျွေးရမည် | | ၅၈ |
| (၁၂) ပုတ္တဒါရသင်္ဂဟ မင်္ဂလာ | ........ | ၅၈ |
| သားကိုမွေးမိ စောင့်ရှောက်ပုံ | ........ | ၅၈ |
| အတတ်သင်စေပုံ ........ | ........ | ၆၀ |
| ထိမ်းမြားပုံ, အမွေပေးပုံ ...... | ........ | ၆၁ |
| အိမ်ထောင်စုံလေးမျိုး ........ | ........ | ၆၁ |
| လင့်ဝတ္တရား ........ | ........ | ၆၂ |
| မယားငယ် မယူရပုံ ........ | ........ | ၆၂ |
| ဥစ္စာအပ်ပုံ, တန်ဆာဆင်ပုံ | ........ | ၆၃ |
| မယား ၇ မျိုး ........ | ........ | ၆၄ |
| မယားဝတ် ........ | ........ | ၆၅ |
| (၁၃) အနာကုလ ကမ္မန္တ မင်္ဂလာ | ........ | ၆၈ |
| အနှောင်အရှက်ကင်းသောအလုပ် | ........ | ၆၈ |
| လွတ်လပ်မှုကို မလိုက်ကြပုံ | ........ | ၆၈ |
| လွတ်လပ်မှုကို လိုက်သင့်ပုံ | ........ | ၆၉ |
| (၁၄) ဒါနဉ္စ မင်္ဂလာ ........ | ........ | ၆၉ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| ဒါန၏ ၅ ပြန်ကျိုး | ၇၀ |
| ဒါနနှင့် နိဗ္ဗာန် | ၇၀ |
| ဒါနပြုသူ မပြုသူ | ၇၁ |
| (၁၅) ဓမ္မစရိယာ မင်္ဂလာ | ၇၂ |
| ဒုစရိုက် သုစရိုက် အပြစ်အကျိုး | ၇၄ |
| (၁၆) ဉာတကာနံသင်္ဂဟ မင်္ဂလာ | ၇၇ |
| ဆွေမျိုးမည်ပုံ | ၇၇ |
| (၁၇) အနဝဇ္ဇ ကမ္မ မင်္ဂလာ | ၇၈ |
| အပြစ်ကင်းသောအမှု | ၇၈ |
| (၁၈) အာရတီပါပါ မင်္ဂလာ | ၈၀ |
| (၁၉) ဝိရတီပါပါ မင်္ဂလာ | ၈၀ |
| အာရတီနှင့် ဝိရတီအထူး | ၈၀ |
| (၂၀) မဇ္ဇပါနာသံယမ မင်္ဂလာ | ၈၁ |
| အရက်သောက်ပြစ် | ၈၂ |
| အရက်မသောက်ကျိုး | ၈၃ |
| (၂၁) မမေ့သူ အပ္ပမာဒ မင်္ဂလာ | ၈၄ |
| ရဟန်းအပ္ပမာဒ၊ လူ့အပ္ပမာဒ | ၈၅ |
| လောကီအပ္ပမာဒ | ၈၅ |

# မာတိကာ

အကြောင်းအရာ ... စာမျက်နှာနံပါတ်


(၂၂) ဂါရဝ မင်္ဂလာ ........ ........ ၈၆
ဗုဒ္ဓဂါရဝ, ဓမ္မဂါရဝ ........ ........ ၈၇
သံဃဂါရဝ ........ ........ ၈၈
ဂါရဝအမျိုးမျိုး ........ ........ ၈၉
လောကပါလတရား ........ ........ ၉၁
(၂၃) နိဝါတမင်္ဂလာ ........ ........ ၉၁
မာနကြောင့်ပျက်စီးရပုံ ........ ........ ၉၂
(၂၄) သန္တုဋ္ဌိမင်္ဂလာ ........ ........ ၉၃
သန္တောသအဓိပ္ပါယ် ........ ........ ၉၃
(၂၅) ကတညုတာ မင်္ဂလာ ........ ၉၆
ကျေးဇူးကို ခြေဖျက်သူ ........ ........ ၉၆
ကျေးဇူးသိတတ်သူ ဝတ္ထု ........ ၉၈
(၂၆) ကာလေန ဓမ္မဿဝန မင်္ဂလာ ........ ၁၀၀
တရားမနာပြစ် ........ ........ ၁၀၁
(၂၇) ခန္တီ မင်္ဂလာ ........ ........ ၁၀၁
သည်းမခံပြစ် ........ ........ ၁၀၂
သည်းခံနည်း ........ ........ ၁၀၄
(၂၈) သောဝစဿတာ မင်္ဂလာ ........ ၁၀၄
ဆိုးမနည်း ........ ........ ၁၀၅

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာနံပါတ်**


| | | |
|---|---|---|
| (၂၉) သမဏာနဉ္စဒဿန မင်္ဂလာ | ........ | ၁၀၆ |
| ဒကာ၀တ်,ရဟန်း၀တ် ........ | ........ | ၁၀၇ |
| သဒ္ဒါပျက်ရဟန်း ........ | ........ | ၁၀၈ |
| (၃၀) ကာလေနဓမ္မသာကစ္ဆာ မင်္ဂလာ | ........ | ၁၀၉ |
| တရားဆွေးနွေးပုံ ........ | ........ | ၁၀၉ |
| ဆွေးနွေးရကျိုး ........ | ........ | ၁၁၀ |
| (၃၁) တပေါစမင်္ဂလာ ........ | ........ | ၁၁၀ |
| ခြိုးခြံပုံ ........ | ........ | ၁၁၁ |
| (၃၂) ဗြဟ္မစရိယမင်္ဂလာ | ........ | ၁၁၁ |
| မေထုန်မှ ရှောင်ကြဉ်ကျိုး | ........ | ၁၁၂ |
| (၃၃) အရိယသစ္စာနဒဿန မင်္ဂလာ | ........ | ၁၁၄ |
| (၃၄) နိဗ္ဗာနသစ္ဆိကိရိယာမင်္ဂလာ | ........ | ၁၁၆ |
| (၃၅) နကမ္ပတိမင်္ဂလာ ...... | ........ | ၁၁၇ |
| (၃၆) အသောကမင်္ဂလာ | ........ | ၁၁၈ |
| (၃၇) ဝိရဇမင်္ဂလာ ........ | ........ | ၁၂၀ |
| မြူကင်းပုံ ........ | ........ | ၁၂၀ |
| (၃၈) ခေမမင်္ဂလာ ........ | ........ | ၁၂၃ |
| ဒိုးမြင်ကြောင်း ........ | ........ | ၁၂၇ |
| မင်္ဂလာလုပ်ရကျိုး ........ | ........ | ၁၂၇ |

# မှား-မှန်ပြင်ချက်

| အမှား | အမှန် | စာမျက်နှာနံပါတ် |
|---|---|---|
| ရင်နှင့် | ရင်နှစ် | (က) မင်္လာ သံပေါက်မှာ |
| မိမိကိုယ်ကိုယ် | မိမိကိုယ်ကို | ၁၀ |
| နည်းနာယ | နည်းနာနယ | ၁၅ |
| မိမိတို့ကိုယ်ကို | မိမိတို့ကိုယ်တိုင် | ၁၅ |
| ကို့တို့သာ | တို့ကိုသာ | ၁၆ |
| အဖြစ်မျိုး | အပြစ်မျိုး | ၁၉ |
| ဥ ဋ္ဌကိ | ဥပဋ္ဌကိ | ၂၁ |
| ဗဟုသုတ | ဗဟုဿုတ | ၂၃ |
| ပြဆ်ဦးအံ့ | ပြဆိုဦးအံ့ | ၂၄ |
| ဓမ္မာပူဇာ | ဓမ္မပူဇာ | ၂၈ |
| ကိုပါပဏ္ဍာ | ကိုယ်ပါပဏ္ဍာ | ၃၂ |
| ဒါယကာမ | ဒါယိကာမ | ၃၅ |
| မပျက်ပြားစေမြင်း | မပျက်ပြားစေခြင်း | ၄၇ |
| ပစ္စပ္ပန် | ပစ္စုပ္ပန် | ၄၉ |
| သေးဆုံး | သေဆုံး | ၆၁ |
| မိမိခင်မွန်းမ | မိမိခင်ပွန်းမ | ၆၃ |
| သဒ္ဓကြည်ဖြူ | သဒ္ဓါကြည်ဖြူ | ၆၉ |
| သေသည်၏အခြား၌မှဲ့ | သေသည်၏အခြားမှဲ့၌ | ၇၅ |
| တဦးတဦးကျေးဇူး | တဦးကျေးဇူး | ၁၀၀ |
| စသည်တို့ကိုမခံနိုင် | စသည်တို့ကို သည်းမခံနိုင် | ၁၀၂ |
| ပိရိအာကြုံး | ပိရိအားကြိုး | ၁၁၂ |
| အရိယာသစ္စာန | အရိယသစ္စာန | ၁၁၄ |

# အကြောင်းပြစကား

**မင်္ဂလာဖွင့်အကျယ်။** ။ ကျေးဇူးတော်ရှင် ညောင်တုန်းမြို့ ရွှေဟင်္သာ တောရ "အဂ္ဂမဟာပဏ္ဍိတ" ပဌမ စံကျောင်း ဆရာတော်ဘုရားကြီးသည် "မင်္ဂလသုတ်" ပါဠိတော်၏ အနက် အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြရာ "မင်္ဂလာဖွင့် အကျယ် လက်စွဲ" ခေါ် ကျမ်းစာအုပ်ကို ၁၂၈၂ ခုနှစ်တွင် အပြီး သတ်စီရင်ကာ အကြိမ်ပေါင်းများစွာပင် စက်တင်ပုံနှိပ် ခဲ့ရာ နိုင်ငံတော်အတွင်းဝယ် များစွာ ကျယ်၍ သူယယ် လောကသို့ပင် နှံ့ခဲ့လေပြီ။

**ဤကျမ်းစာ။** ။ ဤစာအုပ်ငယ်သည်ကား ပေါ်ပြပါ "မင်္ဂလာဖွင့်အကျယ်လက်စွဲ" စာအုပ်ကြီးမှ အချို့ အချက်အလက်များကို ကောက်နုတ် ထုတ်ယူကာ "မင်္ဂလာဖွင့်နုတ်" အဖြေဖြင့်သာ စီရင်သော ကျမ်းစာအုပ်ငယ်ဖြစ်လေသည်။

**ရည်ရွယ်ချက်။** ။ ယခုကဲ့သို့ စီစဉ်ရခြင်းမှာ ပြန့်လွန် တော်မူပြီးသည့် ကျေးဇူးရှင် ဆရာ တော်ဘုရားကြီးများအတွက် **ရွှေဟင်္သာတောရ** မူလ ဌာနနှင့်တကွ၊ သက်ဆိုင်ရာ ဌာနအသီးသီးတို့၌ ပြုလုပ် အပ်သော **ထေရပူဇာမင်္ဂလာစာမေးပွဲ** ခေါ် ပူဇော် ပွဲများ၌ ကျောင်းသားသူငယ်ဉာဏ်နုနယ်သူတို့ အလွယ်

# အကြောင်းပြစကား

တကူ သင်ယူ လေ့လာ ဖြေဆိုနိုင်ကြပါစေရန် ရည်သန်စီစဉ်ခြင်းဖြစ်လေသည်။

**တိုက်တွန်းချက်။** ။ဤ "ကောက်နုတ်ချက်" နှင့်တကွ၊ မူလကျမ်းရင်း အကျယ်ကိုပါ လေ့လာ အားထုတ်ကာ **ထေရပူဇာ** မင်္ဂလာ စာမေးပွဲများကို ဝင်နိုင်ခြင်းဖြင့် မိမိတို့၏ ယဉ်ကျေးမှု အဆင့်ကိုမြှင့်တင်ကာ နတ်ရွာစံဝင် ကျေးဇူးရှင်ဆရာတော်ကြီးများကိုလည်း "ဓမ္မပူဇာ" အမှုဖြင့် ပူဇော်နိုင်ကြပါစေသတည်း။

ဦးဝိမလ (တိုက်အုပ်)
ရွှေဟင်္သာတောရ
၃၂၁-ခု နယုန်လဆန်း ၉ ရက်နေ့။

# မင်္ဂလာသံပေါက်

(က) မင်္ဂလာစစ်၊ မြတ်ရှင်ချစ်နှင့်၊ ရှင်နှင့်ရွှေ သား၊ မြတ်တရား၊ ဝတ်တွားဦးနှိမ်ခါ။

(ခ) မင်္ဂလာခေါ်၊ တရားတော်၊ ဟောဖော် စေသဏ္ဍာ။

(ဂ) အများလူဗိုလ်၊ သိစေလို၊ မိန့်ဆိုသံပေါက် စာ။

(ဃ) ခပ်သိမ်းဘေးဒဏ်၊ ရန်အမျိုးမျိုး၊ ပယ်နှိမ် ချိုး၍၊ ကောင်းကျိုးသုခ၊ ဟူသမျှကို၊ မုချ ပေးတတ်၊ တရားမြတ်၊ မှတ်လေ့မင်္ဂလာ။

(င) သုံးပုံပိဋကတ်၊ အဆီမြတ်၊ မှတ်လေ့ မင်္ဂလာ။

(စ) မင်္ဂလာကို၊ ဗြဟ္မာသိကြား၊ နဂါးဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗဟူ၊ နတ်လူအပေါင်း၊ သောင်းသောင်း အုပ်အာ၊ သူ့တက်ငါ လျှင်၊ သိလှချင်၍၊ ဆင်ခြင်နှိုင်းဆ၊ ကြကုန် ကြလည်း၊ ကာလတွက်စစ်၊ ဆဲ့နှစ်နှစ်တိုင်၊ မသိနိုင်မှ၊ လက်မှိုင်ချ၍၊ ဗုဒ္ဓမြတ်စွာ၊ စေသဏ္ဍာအား၊ ဒေဝါ တယောက်၊ သန်းခေါင် လောက်မှာ၊ [illegible]လျှောက် လာမှ၊ ဟောဖော်ပြ၊ သိရင်ဦး[illegible]။

# သုံးဆယ့်ရှစ်ဖြာမင်္ဂလာ

၁။ တရားကင်းငြား၊ လူမိုက်အား၊ ရှောင်ရှားမင်္ဂလာ။

၂။ တရားကျင့်သိ၊ ပညာရှိ၊ ကပ်ဘိမင်္ဂလာ။

၃။ ပူဇော်ထိုက်သူ၊ ပူဇော်မှု၊ မှတ်ယူမင်္ဂလာ။

၄။ ကုသိုလ်ဖြစ်ရန်၊ လျော်ကန်သင့်မြတ်၊ ထိုအရပ်၊ နေအပ်မင်္ဂလာ။

၅။ ရှေးကပြုအပ်၊ ကုသိုလ်မြတ်၊ ရှိလတ်မင်္ဂလာ။

၆။ ကိုယ်, နှုတ်, စိတ်အား၊ ကောင်းစွာထား၊ မှတ်သားမင်္ဂလာ။

၇။ အပြစ်ကင်းစင်၊ ကြားအမြင်၊ များလျှင်မင်္ဂလာ။

၈။ အပြစ်ကင်းလတ်၊ ထိုအတတ်၊ သင်လတ်မင်္ဂလာ။

၉။ လူရှင်ကျင့်စရာ၊ အာစာပညတ်၊ ဝိနည်းမြတ်၊ သင်လတ်ကျင့်လတ်မင်္ဂလာ။

၁၀။ ဆိုသင့်ထိုက်တန်၊ ဟုတ်မှန်ကျိုးများ၊ ထိုစကား၊ ဆိုငြားမင်္ဂလာ။

၁၁။ ရှိသေတုပ်ကွ၊ မိဘနှစ်ပါး၊ လုပ်ကျွေးငြား၊ မှတ်သားမင်္ဂလာ။

၁၂။ သားမယားအား၊ ထောက်ပံ့ခြင်း၊ မှတ်သား
မင်္ဂလာ။

၁၃။ ကိုင်းကျွန်းယာလယ်၊ ကုန်ကိုသွယ်ခြင်း၊
နှောက်ရှက်ကင်းမှု၊ အလုပ်စု၊ လုပ်မှုမင်္ဂလာ။

၁။၄ သဒ္ဓါကြည်ဖြူ၊ အလှူဒါန၊ ပေးလှူက၊ မုချ
မင်္ဂလာ။

၁၅။ သုစရိုတ၊ ဆယ်ဓမ္မ၊ ကျင့်ကမင်္ဂလာ။

၁၆။ ဆွေမျိုးတို့အား၊ ထောက်ပံ့ခြင်း၊ မှတ်သား
မင်္ဂလာ။

၁၇။ ကီ, ကုတ်, နှစ်ရစ်၊ အပြစ်ကင်းမှု၊ အလုပ်စု၊
လုပ်မှုမင်္ဂလာ။

၁၈။ မကောင်းမှုမှ၊ အဝေးက၊ ရှောင်ထမင်္ဂလာ။

၁၉။ မကောင်းမှုမှ၊ အထူးပ၊ ရှောင်ထမင်္ဂလာ။

၂၀။ အရက်တသင်း၊ ဘိန်း, ဘင်း, ဘဇော်၊
လှော်ဓာ, ဆေးခြောက်၊ မသောက်မစား၊
ရှောင်ကြဉ်ခြင်း၊ မှတ်သားမင်္ဂလာ။

၂၁။ ဒါနသီလ၊ စသည်ပေါင်းစု၊ ကုသိုလ်မှုကို၊
ပြုရသည်မှ၊ မမေ့က မုချမင်္ဂလာ။

၂၂။ သုံးပါးရတနာ၊ ဆရာမိဘ၊ အစ်မ အစ်ကို၊
ရိုသေထိုက်သမျှ ရိုသေက မုချ မင်္ဂလာ။

၂၃။ ခြေသုတ်ပုဆိုး၊ မြွေပွယ်ကျိုးလား၊ ချိုကျိုး
နွားသို့၊ မလွှားမပ၊ စိတ်ကိုချ၊ မုချမင်္ဂလာ။

၂၄။ ရရသမျှ ရောင့်ရဲက မုချမင်္ဂလာ။

၂၅။ ပေးဘူး ကျေးဇူး၊ သူ့ကျေးဇူး၊ အထူး
သိက မင်္ဂလာ။

၂၆။ အခါသင့်လျော်၊ သူတော်တရား၊ ကြားနာ
ငြား၊ မှတ်သားမင်္ဂလာ။

၂၇။ ကိ,ကုတ်,နှစ်တန်၊ ကျိုးများရန်ပ၊ သည်း
ခံက၊ မုချမင်္ဂလာ။

၂၈။ ဆုံးမစကား၊ နားလွယ်ငြား၊ မှတ်သား
မင်္ဂလာ။

၂၉။ ရဟန်းသံဃာ၊ မကြာခဏ၊ ဖူးမြင်က၊ မုချ
မင်္ဂလာ။

၃၀။ အခါသင့်လျော်၊ သူတော်တရား၊ ဆွေးနွေး
ငြား၊ မှတ်သားမင်္ဂလာ။

၃၁။ သတိဒမ္မ၊ ဝီရိယမျိုး၊ ဖြိုးဖြဲပွားပ၊ ကျင့်ကြံက၊
မုချမင်္ဂလာ။

၃၂။ သူတော်ကျင့်အပ်၊ အကျင့်မြတ်၊ ကျင့်လတ်
မင်္ဂလာ။

၃၃။ သစ္စာလေးဝ၊ သိမြင်က၊ မုချမင်္ဂလာ။

၃၄။ ဒုက္ခကင်းဝေး၊ ချမ်းအေးသာစံ၊ ပြည်နိဗ္ဗာန်ဟု၊ မျက်မှောက်ပြု၊ မှတ်ရှုမင်္ဂလာ။

၃၅။ လာဘ်ရမရ၊ ရှုတ်ချမြှောက်စား၊ နည်းများခြံရံ၊ သုခဒုက္ခာ၊ ဤရှစ်ဖြာကြောင့်၊ ဝမ်းသာဝမ်းနဲ၊ နှစ်ကွဲ့မရှိ၊ စိတ်တည်ဘိ၊ မှတ်သိမင်္ဂလာ။

၃၆။ လာဘ်ရမရ၊ ရှုတ်ချမြှောက်စား၊ နည်းများခြံရံ၊ သုခဒုက္ခာ၊ ဤရှစ်ဖြာကြောင့်၊ ဗျာပါတမျိုး၊ စိုးရိမ်ကြောင်းကြ၊ မရှိက၊ မုချမင်္ဂလာ။

၃၇။ လာဘ်ရမရ၊ ရှုတ်ချမြှောက်စား၊ နည်းများခြံရံ၊ သုခဒုက္ခာ၊ ဤရှစ်ဖြာကြောင့်၊ ရာဂဒေါသ၊ မောဟတည်းကြူ၊ မရှိမှု၊ မှတ်ယူမင်္ဂလာ။

၃၈။ လာဘ်ရမရ၊ ရှုတ်ချမြှောက်စား၊ နည်းများခြံရံ၊ သုခဒုက္ခာ၊ ဤရှစ်ဖြာကြောင့်၊ လေးဖြာယောဂ၊ ဘေးကင်းက၊ မုချမင်္ဂလာ။

# ဒခငြိး သဘာ် ဒိုဂုဏ်း

(က) ဤတွင်ပြီးဆုံး၊ သုံးဆဲ့ရှစ်ပါး၊ မြတ်တရား၊ မှတ်သား၊ မင်္ဂလာ။

(ခ) မင်္ဂလာကို၊ ကောင်းစွာကျင့်က၊ နေ့ညမလပ်၊ ခပ်သိမ်းရပ်တွင်၊ အောင်မြင်ရန်ချိုး၊ ကောင်းကျိုးသုခ၊ ချမ်းသာရ၊ မုချ မင်္ဂလာ။

(ဂ) ဤသို့ဘုရား၊ ဟောမြွက်ကြား၊ မှတ်ထား သေချာစွာ။

(ဃ) ဤစာပြီးလစ်၊ သက္ကရာဇ်၊ တစ်,နှစ်,ရှစ်, ဒွယာ။

(င) ညောင်တုန်း နဂရ၊ ဒက္ခိဏာ၊ တောရု ရွှေဟသ်ာ။

(စ) စံကျောင်း မည်ပေါ်၊ ဆရာတော်၊ ဟောဖေါ်သံပေါက်စာ။

(ဆ) တစ်၊ နှစ်၊ သုံး၊ ငါ၊ ခုနှစ်ကား၊ မွေးဖွား ကျမ်းဆရာ။

(ဇ) ထိုကျမ်းပြီးခါ၊ ကျမ်းဆရာ၊ ဝါမှာ နှစ်ရှစ်ပါ။

# အဓိပ္ပါယ်ဖော်ပြချက်

ဃ, ခပ်သိမ်းသောဒဏ်၊ ရန်အမျိုးမျိုး၊ ပယ်မှုန်ချိုး၍၊ ကောင်းကျိုးသုခ ဟူသမျှကို ရချပေးတော် တရားမြတ် မှတ်လေ့မင်္ဂလာ။

**မင်္ဂလာမည်ပုံ**......"မင်္ဂလာ" ဟူသည် ကာယသိဒ္ဓိ၊ ဝိပါသိဒ္ဓိ၊ ဓနသိဒ္ဓိ စသော သိဒ္ဓိအမျိုးမျိုးကို ပြီးစေတတ်သော ပဉ္စမြားမှုကိုနှင်ကြီးနှင့် တူသည်ဖြစ်၍ ဘေးအမျိုးမျိုး ရန်အမျိုးမျိုးတို့ကိုပယ်ချိုးကင်းဝေးစေလျက်နှစ်သက် တောင့်တအပ်သော အကျိုးဟူသမျှတို့ကို ပေးတတ်၏။

**ပြဿဒါးမရွေးရ။** ။ဤနေရာ၌ ပြဿဒါး, ရက်ရာဇာ, နတ်နေ့, စက်နေ့, လာဘ်နေ့, ခြေခံ, နဂါးလှည့် တို့ကိုရွေးချယ်ခြင်း၊ ဗိုဟ်စာကြွေးခြင်း၊ နတ်ဘင်ခြင်း၊ နတ်ကခြင်း၊ စသည်တို့မှာ မင်္ဂလာမဟုတ်ကုန်။ စင်စစ်သော်ကား ကောင်းသောအမှုကို ပြုလုပ်ခြင်း၊ ကောင်းသော စကားကို ပြောဆိုခြင်း၊ ကောင်းသော အကြံအစည်ကို ကြံစည်ခြင်းတို့သာ "မင်္ဂလာ" အစစ်မည်၏။

**အကယ်၍**......ကောင်းသော ကိုယ်အမှု၊ နှုတ်အမှု တို့ကို ပြုလုပ်သည်ဖြစ်အံ့။ မကောင်းသော နက္ခတ်၊ မကောင်းသောနေ့၊ မကောင်းသော အချိန်ဟူ၍ မရှိတော့သည်သာ။ ကောင်းသောနက္ခတ်၊ ကောင်းသော နေ့၊ ကောင်းသောအချိန်ဟူ၍သာ ရှိရာ၏။

**ယုံကြည်သင့်-လုပ်သင့်ရာ။** ။ထိုကြောင့် လောကတွင် လူများသမုတ်အပ်သော ပြဿဒါး၊ ရောင်ရာဇာ၊ နတ်နေ့၊ ဘက်နေ့၊ လဘက်နေ့၊ မြေခံ၊ နဂါးလှည့် စသည့် လောကီအလုပ်တို့ကို ယုံကြည်ခြင်းမပြုမူ၍ ပြဆိုလတ္တံ့သော ဘုရားဟော မင်္ဂလာအစစ်ကိုသာလျှင် ယုံကြည်အားထား၍ သွားရာ၊ စားရာ၊ အိပ်ရာတို့၌ ထိုမင်္ဂလာကိုသာ ပြုလုပ်ချေက မချွတ်ဘေးရန်ကင်းလျက် နှစ်သက်တော်မူအပ်သော ကောင်းကျိုးကို ရမည်ကား ယုံမှားမရှိရာ။

**မင်္ဂလာဟူသည်-** မိမိအလိုရှိအပ်သော အကျိုးကို ရခြင်းပင်ဖြစ်၏။ ကောင်းကင်၌ မိမိတို့ ဓါတ်သဘာဝအားဖြင့် သွားလာ၍ နေကြကုန်သော ကြယ်တာရာ နက္ခတ်တို့က မည်သည့် ကိစ္စကိုမျှ ပြုလုပ် နိုင်ကြသည် မဟုတ်ပေ။

အကုသိုလ်ကို ဖျက်ဆီးတတ်သော ကုသိုလ်စိတ် ကောင်းသော စေတသိက် အစုတို့ကို မင်္ဂလာဆို၏။ အကျဉ်းချုပ်မှတ်ရန်မှာ "မင်္ဂလာ" ဟူသည် စိတ်ကောင်းပင် ဖြစ်၏။ ထိုစိတ်ကောင်းလျှင် ထိုစိတ်ကောင်းက မိမိကိုယ်ကိုယ် မြင့်မြတ်သည်ထက် မြင့်မြတ်အောင် ဆောင်ရွက်နိုင်၏။

**ဆောင်ပါ**...... အပ်ကိုအပ်မှ၊ မိဘဆွေမျိုး၊ ပွဲတိုးစေ၍၊ လုပ်ဆောင်တာထက်၊ ကောင်းစွာထားအပ်၊
စိတ်မြတ်ကသာ၊ ထိုထက်များစွာ၊ လုပ်နိုင်ပါ၏။

**အကယ်၍**......မိမိတို့က စိတ်ကောင်းကို မမွေးမြူကြ မူ၍ စိတ်ဆိုးစိတ်ယုတ်ကို လက်ခံ၍ ထားကြသည်ဖြစ်အံ့။ ထို ဆိုးညံ့ ယုတ်မာသော စိတ်က တနေ့ထက် တနေ့ ယုတ်သည်ထက် ယုတ်အောင် ရှက်ဆောင်တတ်၏။

**ဆောင်ပါ**........ ပျက်စီးစေရန်၊ ရန်သူချင်းချင်း၊ ခိုးသူ ချင်းက၊ လုပ်ကြသည်ထက်၊ ဆတက်လွန်စွာ၊ စိတ်ယုတ်မာက၊ ပြုတတ်လှ၏။

အစ်ကို အစ်မ၊ မိဘဆွေမျိုး၊ ပွားတိုးစေ၍၊ သည့် ထွက် တာ ထက်၊ ကောင်းစွာထားအပ်၊ စိတ်မြတ်ကသာ၊ ပြုတတ်စွာ၏။

(င) သုံးပုံပိဋကတ်၊ အဆီမြတ်၊ မှတ်လေ့မင်္ဂလာ။

**ပိဋကတ်အဆီ**........ "မင်္ဂလာ" တရားတော်၌ လောကီဘက် လောကုတ္တရာဘက် နှစ်ပါးသုံးကိုပင် သိမ်းကျုံးရောပြွမ်းလျက် စုံလင်စွာ ဟောတော်မူအပ် သည် ဖြစ်ရကား "မင်္ဂလာ" တရားတော်ကို ပိဋကတ် သုံးပုံ၏ အဆီအနှစ်ဟူ၍ ခေါ်ဝေါ်ခြင်းငှါ ထိုက်၏။ **တနည်းလည်း** ပိဋကတ်သုံးပုံကို "မင်္ဂလာ" တရား တော်၌ သွတ်သွင်းလျှင် "မင်္ဂလာ" တရားတော်သို့ အကုန် ဝင်နိုင်သောကြောင့် "ပိဋကတ်သုံးပုံကို သို့ဖြိုးသိမ်းဆည်း ရာ ကြီးစွာသော ရတနာတိုက်ခန်းကြီး" ဟူ၍ ခေါ်ဆို ထိုက်၏။

(စ) မင်္ဂလာကို၊ ဗြဟ္မာသိကြား၊ နဂါးဂဠုန်၊ ဘုမ္မဋ္ဌ ယက္ခ၊ ဂန္ဓဗ္ဗဟူ၊ နတ်လူအပေါင်း၊ သောင်း သောင်းအုတ်အာ၊ သူ့ထက် ငါလျှင်၊ သိလှ ချင်၍၊ဆင်ခြင်နိုင်းဆ၊ကြံဘုန်ကြလည်း၊ကာလ တွက်စစ်၊ ဆဲ့နှစ်နှစ်တိုင်၊ မသိနိုင်မှု၊ လက်ရှိုင် ချ၍၊ ဗုဒ္ဓမြတ်စွာ၊ စောသတ္တာအား၊ ဒေဝါ ဘယောက်၊ သန်းခေါင် လောက်မှာ၊ မေး လျှောက်လာမှု၊ဟောပေါ်ပြု၊သိရဘိုးထိုက်စွာ။

**မင်္ဂလာ ပေါ်လာပုံ........** နတ် နှင့် တ ကွ သော လူ အပေါင်းတို့သည် ၁၂ နှစ်တို့ ကာလပတ်လုံး အခါ ခပ်သိမ်းမင်္ဂလာကိုသာ တိုင်ပင်နှီးနှော ပြောဆိုကြံစည် ကြသော်လည်း မည်သူတယောက်မျှ မသိမမြင်နိုင်ကြ ကုန်။ ထိုအကြောင်းကိုတာဝတိံသာနတ်အပေါင်းတို့က သိကြားမင်းအား လျှောက်ကြားကြ၍ သိကြားမင်းက စေလွှတ် အပ်သော နတ် သား တ ယောက် သည် သန်းခေါင်ယံ အချိန်တွင် ဘုရားရှင် သီတင်းသုံးတော် မူရာ သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်းသို့ လာ၍ ကိုယ်ရောင်ကိုယ်ဝါဖြင့် ကျောင်းတိုက် တတိုက်လုံးကို ထွန်းလင်းစေပြီးလျှင် ျင် တော် ဘု ရား နတ်နှင့်တကွ သော လူအများတို့သည် မင်္ဂလာတရားတော်ကို သိလို လှပါ၍ စင်ကြယ်စွာ သော မင်္ဂလာ တရားတော်ကို ဟောမြွက်တော်မူပါမည့်အကြောင်း''ဖြင့် တောင်းပန်

လျှောက်ထားသောအခါမှ (အသေဝနာစ ဗာလာနံ) စသော မင်္ဂလာတရားတော်ကို ဟောမြွက်တော်မူအပ်၏။

ယခုအခါမှစ၍ (၃၈)ဖြာ မင်္ဂလာတရားတော်များ၏ အနက်အဓိပ္ပါယ်များကို ပြဆိုပါတော့မည်။

(၁) အသေဝနာစ ဗာလာနံ။

(၁) တရားကင်းငြား၊ လူမိုက်အား၊ ရှောင်ရှား မင်္ဂလာ။

**ဗာလမည်ပုံ** ........ ဤဘဝ ပညာဖြင့် အသက်ရှည်ခြင်းကိုမပြု၊ ထွက်သက် ဝင်သက် ရှုရှိုက်မှုဖြင့်သာ အခါကို လွန်စေလျက် အကောင်းအဆိုး အကြောင်းအကျိုး မှိဝဲအပ် မမှိဝဲအပ် ကုသိုလ် အကုသိုလ်တရားတို့ကို မသိသောသူသည် "လူမိုက်" မည်၏။

**တနည်းကား**........ (က) အကြားအမြင် ဗဟုသုတနည်းပါးသဖြင့် ကိုယ်ကျင့် တရားနှင့် မပြည့်စုံသောသူ။ (ခ) အကြားအမြင် ဗဟုသုတများသော်လည်း ကိုယ်ကျင့်တရားနှင့် မပြည့်စုံသောသူ, ထိုသူ နှစ်ယောက်တို့သည် "လူမိုက်" မည်ကုန်၏။

**တနည်းကား**.......(က) လောကီကျိုး, လောကုတ္တရာကျိုး နှစ်ပါးကို ရအောင်အားမထုတ်နိုင်သဖြင့် နှစ်ဘက်ကန်းနှင့်တူသောသူ, (ခ) လောကီကျိုးကိုသာ အား

ထုတ်နိုင်၍ လောကုတ္တရာကျိုးကို ရအောင်အားမထုတ်နိုင်သဖြင့် တဘက်ကန်းနှင့်တူသောသူ, ထိုသူနှစ်ယောက်တို့သည် " လူမိုက် " မည်ကုန်၏။

**တနည်းကား**........ ဒုစရိုက် ၁၀ ပါးကို သွန်ကျူးသောသူသည် "လူမိုက်" မည်၏။ **တနည်း**........ မကောင်းကြံ မကောင်းပြော မကောင်း လုပ်တတ် သူ သည် "လူမိုက်" မည်၏။ သူခိုး, ထားပြ, ကစားသမား, အရက်သမား, ဘိန်းသမား, လူဆော့လူပေ, အမိအဘ, ဆရာသမား, မိကြီး မိထွေး, လူကြီး လူကောင်းတို့ကို မထေလေးစားသောသူ စသည်တို့သည် " လူမိုက် "တို့ မည်ကုန်၏။

**ဆောင်ပါ**........ (က) ကောင်းဆိုးနှစ်ပါး၊ မသိခြား၊ မှတ်သားလူမိုက်သာ။

(ခ) ဒုစ္စရိတ၊ ကျင့်ကြံက၊ မှတ်ကြလူမိုက်သာ။

(ဂ) ကိ, ကုတ်နှစ်မျိုး၊ အကျိုးနှစ်ဝ၊ မရကာ၊ မှတ်ကြလူမိုက်သာ။

(ဃ) ကြံ,ပြော, လုပ်မှု၊ ဤသုံးခုများ၊ မကောင်းခြား၊ မှတ် သား လူမိုက်သာ။

**မှီဝဲ-မမှီဝဲ**........ မမှီဝဲရ, မဆည်းကပ်ရ, မှီဝဲရ, ဆည်းကပ်ရမည်ဟူရာ၌ ခေညှခဏာမှ တွေ့ဆုံခြင်း, မိမိက

ထိုသူအား ဆုံးမလို၍သော်၎င်း၊ နည်းပေးလို၍သော်၎င်း ထိုသူနှင့် ရောနှောဆက်ဆံခြင်းကို မှီဝဲသည်။ ဆည်းကပ်သည်ဟူ၍ မဆိုထိုက်ချေ။ ကုန်ရောင်းကုန်ဝယ်မှု စသော တစုံတခုသော ပြုဘွယ်ကိစ္စ အတွက် တွေ့ဆုံသည်ကို လည်း မှီဝဲဆည်းကပ်သည်ဟူ၍ မဆိုရချေ။

**အမှန်မှာ**........ထိုသူ၏ အဆုံးအမကိုခံလို၍ ဖြစ်စေ၊ ထိုသူ၏နည်းနာယကို အတုခိုးလို၍ဖြစ်စေ၊ ထိုသူနှင့် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်လို၍ဖြစ်စေ၊ ထိုသူနှင့်တိုင်ပင် ဘော တိုင်ပင်ဘက် အနေမျိုးနှင့်ဖြစ်စေ၊ ထိုသူနှင့်အတူ တကွအကြိမ်များစွာ မကာမကာ ပေါင်းသင်းဆက်ဆံခြင်း ဆည်းကပ် ခစားခြင်းကိုမှီဝဲသည်၊ ဆည်းကပ်သည်ဟူ၍ ဆိုရ၏။ထိုစကားကို 'ပါဠိ့ဘာသာအားဖြင့် 'သေဝနာ) ဟူ၍ခေါ်ဆိုအပ်၏။ ထိုသို့ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် လူမိုက်နှင့် မပေါင်းဖေါ် မမှီဝဲရဟုဆိုလို၏။

**လူမိုက်အပြစ်**........လူမိုက်တို့သည် မိမိတို့ ကိုယ်ကို ရာဇဝတ်မင်းဒဏ် ခံယူရခြင်း၊ စည်းစိမ်ဥစ္စာ ပျက်စီး၍ အသက်ဆုံးရှုံးခြင်းသို့ ရောက်ရခြင်း၊ သေခါနီးအခါ၌ လည်း နေဝင်ခါနီးအခါ တောင်ရိပ် တောရိပ် သစ်ပင် ရိပ်တို့သည် မြေကြီးမှာထင်လာသကဲ့သို့ ထိုအတူငရဲအိုး ငရဲထိန်း၊ ငရဲမီး၊ ခွေးနက်ကြီးစသည်ဖြင့် မကောင်းသော နိမိတ်တို့သည် ထင်လာကြကုန်၏။ ထိုအခါ ငါသည် ရှေးမဆွက ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို မပြု မူ၍ မကောင်းသော ကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှု

ကိုတို့သာ ပြုခဲ့ချေပြီ။ ကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို မပြုခဲ့မိချေ။ ယခုသေသွားမူ မကောင်းသော သူတို့၏လားရာ ဒုဂ္ဂတိဘဝသို့ သာလားရ တော့မှာ တကားဟုများစွာရင်ထုမနာ စိုးရိမ်ပူဆွေး ငိုကြွေးကြ၍ ဆင်းရဲဒုက္ခကို ဤဘဝတွင်ပင်ခံစားကြကုန်၏။ ဤဘဝမှ စုတေ၍တမလွန်ဘဝသို့ ရောက်သောအခါ စင်စစ်အလို မရှိအပ်။မနှစ်သက်အပ်၊ နှလုံးကို မပွါးစေတတ်၊ ချမ်းသာ ခြင်း ကင်းပြတ်ခါ ဖရိုဖရဲကျချာဖြစ်သော ငရဲသို့ကျ၍ ငရဲ၌ ဖြစ်သောဒုက္ခကို ခံစားကြရကုန်၏။

**ငရဲဒုက္ခ**........ ငရဲသူ ငရဲသားတို့မှာ မိမိတို့၏အသက် သိုဝ်ကံအားလျော်စွာ အကြင်မျှလောက်သော ကာလ ပတ်လုံး မိမိတို့၏အသက်သိုဝ်ကံမကုန်သေး။ ထိုမျှလောက် သောကာလပတ်လုံး မသေ မပျောက်သေးဘဲ ချိသဲ့ သေ မတတ် သော ဒုက္ခ ဝေဒနာ တို့ ကို သာ ကြိမ်ဖန် များစွာ ငိုယိုကာ ခံစားကြရကုန်၏။ ထိုငရဲသားတို့၏ ခန္ဓာကိုယ်မှာလည်း တချို့မှာတယူဇနာ တချို့မှာတဂါ ဝုတ်စသည်ဖြင့် မိမိတို့၏ မကောင်းမှုကိုခံကြဖို့ရာ လွန် စွာကြီးမားကြကုန်၏။ အသားမှာလည်းမွေးဖွားစသူငယ် လေးတို့၏ အသားမကာ အိုင်းအမာအနာပုတ်ကြီးမျှရှိ သော အသားပမာ လွန်စွာနူးညံ့လှ၍ ဝါဂွမ်းနှင့်ထိခြင်း ကိုမျှ မခံနိုင်အောင်ရှိသဖြင့် ငရဲမီးနှင့် တွေ့ထိသောအခါ မည်မျှ ကျင်နာမည့်အရာကို စဉ်းစား၍ကြည့်က သိနိုင် ပေ၏။

**လွတ်လာစေကာ........** ထိုလူမိုက်တို့သည် ကံတော်ကံကြား အကယ်၍ လူ့အဖြစ်ကို ရခဲ့ငြားအံ့။ ဒွန်းစလွှား၊ ပန်း၊ငှက်သွန်း၊ကျွန်စသော အမျိုးယုတ်၌သာ ဖြစ်ကြကုန်၏။ ဝမ်းစာမဝ ပါးမလှ နေရာအိပ်ဟူ၍မျှလည်း မရှိအောင် အလွန်တရာ ဆင်းရဲသော အမျိုး၌ ဖြစ်ကြကုန်၏။ အမိဝမ်းတွင်းကပင် ဆွံ့ခြင်း၊ အခြင်း၊ နားပင်းခြင်း၊ ခြေလက်တိုခြင်းစသည်ဖြင့် အင်္ဂါ အပြည့်အစုံ မပါဘဲ သော်လည်းဖြစ်တတ်၏။ လက်ခြေကောက်ခြင်း၊ ပုကွခြင်းစသောအားဖြင့် သူတကာတို့နှင့် မတူအောင် အလွန်တရာ အရုပ်အရေဆိုးဝါးခြင်း၊ အနာရောဂါများခြင်း စသောအားဖြင့် များစွာသော ဆင်းရဲဒုက္ခကို ခံစားရ၏။ ထို့နောက် တဖန် မကောင်းမှုဒုစရိုက်တို့ကို ပြုပြန်လျှင်ပင် တဖန်ငရဲသို့ကျရောက်ကြ၍ ဒုက္ခဝေဒနာတို့ကို ခံစားကြရပြန်ကုန်၏။ ဤသို့လျှင် လူမိုက်ဖြစ်ရခြင်းမှာ လွန်စွာစက်ဆုတ်ဖွယ် ကောင်းလှ၏။

ဤကား လူမိုက်ဖြစ်ရခြင်း၏ အပြစ်ကိုပြဆိုအပ်သောစကားရပ်တည်း။

**လူမိုက်နှင့်ပေါင်း၍ လူမိုက်ဖြစ်ပုံ........** လူမိုက်နှင့်ပေါင်းဖေါ်သော သူတို့၏ ခံစားရသော အပြစ်ကို ပြဆိုဦးအံ့။ ။ဤလောက၌ လူမိုက်နှင့် ပေါင်းဖေါ်သောသူတို့သည် မိမိတို့ကိုယ်တိုင် လူမိုက်အဖြစ်သို့ ရောက်၍ လူမိုက်တို့ ခံစားရသောအပြစ်တို့ကို စင်စစ် ခံစားရပေလိမ့်မည်။ ထိုစကားမှန်၏။

**နမူနာ။** ။(၁) အလွန်ဟာရော စိတ်နှလုံး နူးညံ့၍ မြေကြီးနှင့်တူသော (သည်းခံခြင်း ဂုဏ်နှင့်ပြည့်စုံသော) ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ (မဟိဋ္ဌာမုခ) အမည်ရှိသောဆင်တော်သည် မိမိ၏နေရာအနီးအနားသို့ လာ၍ မကြာမကြာ တိုင်ပင် နှီးနှောကြသော ခိုးသူတို့၏ စကားကို ကြားရဖန်များသဖြင့် ကြမ်းကြုတ် ခက်ထန်သော အဖြစ်သို့ရောက်သွားသကဲ့သို့ရှင်း။ ။

(၂) အလွန်တရာ ကြွန်အင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော ဗာရာဏသီပြည်ရှင် (သာမ)မည်သော ဘုရင်မင်းမြတ်၏ (ပဏ္ဍဝ)မည်သော မြင်းတော်သည် (ဂိရိဒတ္တ)အမည်ရှိသော ခြေခွင်သော မြင်းထိန်းနှင့် တာရှည်စွာ နေရသဖြင့် ခြေခွင်ခြင်းအဖြစ်သို့ ရောက်ရသကဲ့သို့ ရှင်း။ ။

(၃) အဆိပ် မလူးသေးသော မြှားသည် အဆိပ်လူးသောမြှားနှင့် အတူတကွ ထားအပ်သည် ရှိသော် အဆိပ်လူးသောမြှားအဖြစ်သို့ရောက်ရသကဲ့သို့ရှင်း။ ။

(၄) ပုပ်လူးသော ကျွဲး၏နောက်ကလိုက်သော ကျွဲးသည် ပုပ်ပေခြင်းသို့ရောက်ရသကဲ့သို့ရှင်း။ ။

(၅) ငါးပုပ်ကို ထုတ်သော ဖက်သည် ပုပ်သော အနံ့ကိုထွက်စေသကဲ့သို့ရှင်း။ ။

(၆) ချိုချိန်ကောင်း မြတ်သော အနံ့ အရသာနှင့် ပြည့်စုံသော (ဒဓိဝါဟန) မင်းကြီး၏ အဥယျာဉ်ရှိ သရက်

ပင်သည့် ခွေးတောက်ပင်, တမာပင်တို့နှင့်ရောရှက်သည့် အတွက် ခါးသောအသီးကိုသီးသကဲ့သို့ငှင်း။ ။လူမိုက်နှင့် ပေါင်းဖေါ်သော သူတို့သည် မိမိတို့ကိုယ်တိုင် လူမိုက်အဖြစ်သို့ အမြန်ရောက်၍ လူမိုက်တို့ခံစားရသော အဖြစ်မျိုးတို့ကို ခံစားရမည့်ကား မြေကြီးလက်ခတ်ပမာ ဖြစ်ကြပေလိမ့်မည်။

# လင်္ကာ

ဆောင်ပါ။ ။ဗာရာမင်းမြတ်၊ ဗြဟ္မဒတ်၏၊ ဟတ္ထိ ရတနာ၊ မဟိဋ္ဌာလျှင်၊ နေရာနီးတွင်၊ တိုင်ပင် ကြငြား၊ ခိုးသူများ၏၊ ဆိုးဝါးယုတ်မာ၊ ဖရုသာစကား၊ ကြိမ်ကြိမ်ကြား၍၊ စိတ်ထား ဘောက်ပြန်၊ လွန်ခက်ထန်၏။ တတန်ထိုမှ၊ ဗာရာဏသီ၊ သာမ သညာ၊ မင်းရာဇာ၏၊ မင်္ဂလာအဿ၊ ပဏ္ဍဝလျှင်၊ စောင့်မထိန်း လတ်၊ ဂိရိဒတ်ဟု၊ ပညတ်မည်တွင်၊ ခြေခွင် ယောကျ်ား၊ မြင်းထိန်းသွားသို့၊ ကားယား ကွကွ၊ မလှနင်းချက်၊ အသွားပျက်၏။ သက် သက်ဆိပ်စင်၊ မျှားသော်ပင်လည်း၊ မခင် ဆိပ်လူး၊ မျှားနှင့်ပူးကြောင့်၊ ဆိပ်လူးဆိုး ညစ်၊ မျှားပင်ဖြစ်၏။ တလှစ်ထူးကဲ၊ ရှုံ့လူး ကျဲ၏၊ ပူးတွဲနောက်လိုက်၊ ကျဲ အမိုက်လည်း

ဆိုက်ဆိုက်မထူး၊ ရှိပေလူး၏။ နံ့ရှူးညစ်
စုတ်၊ ငါးသိုးပုပ်ကို၊ ထုတ်ယည့်ဖက်ဝယ်၊
ပုပ်နံ့ကြွယ်၏။ တသွယ်မှတ်ရန်၊ တရပ်စံ
ကား၊ အဗ္ဘန္တရ၊ သီးချိုမြသည့်၊ အမွှမျိုးစင်၊
သရက်ပင်လည်း၊ မစင်ရသာ၊ ခါးအံ့စွာ
သည့်၊ တမာခွေးမတာက်၊ ပင်ရောလှောက်
ကြောင့်၊ ကြောက်ဖွယ်ဖေါက်ပြား၊ အသီး
ခါးသို့၊ တရားကင်းပ၊ လူ့ဗာလနှင့်၊ တူကွ
ပေါင်းလည်း၊ ၎င်းနည်းဟု၊ စောထီးဗုဒ္ဓ၊
မှတ်ချက်ချသည်...... ဗာလမိုက်ခေါင်ရှောင်
ကွင်းလေ့။ ။

**လူမိုက်နှင့်ပေါင်းပြစ်**...... ဤလောကသို့ လူမိုက်တို့နှင့် ပေါင်းဖေါ်ရော အတူနေခြင်းသည် ရန်သူများနှင့် အတူတကွ နေရသည့်ပမာ လွန်စွာဆင်းရဲပူဆွေးရ၏။

အခေါင်းမှိုသော သစ်ဆွေးပင်တပင် အတွက် တတောလုံး မီးလောင်၍ ပျက်စီးရသကဲ့သို့ ထိုအတူ အကြင်အသင်းအဖွဲ့အစု၌လူမိုက်တယောက်ပါဝင်၏။ ထိုအသင်းအဖွဲ့ ထိုအစုတခုလုံး ဘေးရောက်ရ၏။

**နမူနာ**...... လွန်လေပြီးသော အခါ ငါတို့ ဘုရားအလောင်းတော်ဘုံးမင်း၏ အသင်းအစုတွင် ဘုံးမိုက် တကောင်ပါဝင်ရကား၊ ထို ဘုံးမိုက်သည် ပုရောဟိတ်

ပုဏ္ဏားကြီး၏ ခံတွင်းသို့ မစင် စွန့်ချသည့်အတွက် ထို ပုဏ္ဏားကြီး၏ ရန်ငြိုးမှုချက်ဖြင့် ဘိုးအသင်းစုဘမျိုး လုံး ပျက်ပြုန်းကြရ၍ ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်ကြရကုန်၏။

ဤလောက၌ အသင်းသူ အသင်းသားချင်း ကွဲပြား ရခြင်း၊ တိုက်တာသိမ်းချင်း ကွဲပြားရခြင်း၊ ဂိုဏ်းဂဏ ကွဲပြားရခြင်းအမျိုးသားအချင်းချင်းကွဲပြားရခြင်းတို့မှာ လူမိုက်တယောက်၏ အတွက်ကြောင့်သာဖြစ်ရ၏။ ။ အကျဉ်းချုပ်အားဖြင့် ရှိရှိသမျှသော ဘေးဒုက္ခတို့မှာ လူမိုက်တို့ကြောင့်သာဖြစ်ကြကုန်၏။ ။

ထို့ကြောင့် "တိကအင်္ဂုတ္တရ" ပါဠိတော်၌ ဤသို့ ဟောတော်မူ၏။

**ဆောင်ပါ** ....... ယာနိကာနိစိဘိက္ခဝေဘယာနိ ဥပ္ပဇ္ဇန္တိ
သဗ္ဗာနိတာနိ ဗာလ တော ဥပ္ပဇ္ဇန္တိ၊
နပဏ္ဍိတတော။ ။

ဘိက္ခဝေ၊ အနာဂတ်ရေး၊ မြော်တွေးကြောက်တတ်၊ ချစ်သားမြတ်တို့၊ ယာနိကာနိစိ-အမှတ်မထင်၊ အကြင် တစုံတခုကုန်သော၊ ဘယာနိ- ဘေးတို့သည်၊ ဥပ္ပဇ္ဇန္တိ- စင်စစ်မသွေ၊ ဖြစ်ပေါ်၍ လာကုန်၏။ သဗ္ဗာနိတာနိ- ထို အလုံးစုံသော ဘေးဒုက္ခဟူသမျှတို့သည်။ ဗာလတော- လူမိုက်ကြောင့်၊ ဥပ္ပဇ္ဇန္တိ- ဖြစ်ကြကုန်၏။ ပဏ္ဍိတတော ပညာရှိကြောင့် နဥပ္ပဇ္ဇန္တိ ဖြစ်ကြ

ကျွန်ုပ် ဘုန်းစာကြည့်တိုက်
ကမာရွေး။

၉၈၂၂

**လူမိုက်နှင့်မပေါင်းသင့်ပုံ.....** (က) ထိုကြောင့် ပုသောအခါ လက်ကိုလောင်ကျွမ်းစေ၍၊ ဖြသောအခါ လက်ကို မည်းညစ်ခြင်းကို ဖြစ်စေတတ်သော မီးခဲ၊ ဂဲ့သို့ ၎င်း။ (ခ) အဆိပ်သင့်သော ငွေ့ပွေးငွေ့ပေါက်ကဲ့သို့ ၎င်း။ (ဂ) မစင်ဘင်ပုပ်ဘို့ဖြင့် ဖွဲ့သော လမ်းမကြီး ကဲ့သို့၎င်း နှလုံးထား၍ မိမိတို့ အသင်းအပင်း၊ မိမိတို့ တိုက်ဘာ၊ မိမိတို့ ရိုဟင်းဂဘာ၊ မိမိတို့ အမျိုးတို့တွင် လူမိုက်များ မပါဝင်ရအောင် အထူးသတိ ဆောင်ကြ ပုံနိုရာ၏။ ။

**ဆောင်ပါ**- အာသိဝိသံဝ ကုဏပံ၊ မီဠှလိတ္တံ မဟာပထံ၊ အာ ရကာ ပရိဝဇ္ဇေယ်၊ ယာနီဝ ဝိသမံ ပထံ။ ။

(ပါဠိအာတ်ပါဠိတော်)

ပုပ္ပိတံ- အမှုက်ဘဟူးပဟူးထွက်၍ နေသော၊ အာသိ ဝိသံဝ- လျင်သော အဆိပ်ရှိသော ငွေ့ပွေးငွေ့ပေါက် ကဲ့သို့၎င်း။ မီဠှလိတ္တံ-မစင်လိမ်းကျံ သော၊ မဟာပထံဝ- လမ်းမကြီးကဲ့သို့၎င်း။ ပရိဝဇ္ဇေယ- ရှောင်ကြဉ်ပါလေ လော့။ ယာနီ၊ လှည်းမှူးကြီးသည်၊ ဝိသမံ ပထံ-မညီညွတ် သောလမ်းကို၊ ပရိဝဇ္ဇေတိဏာဝ-ရှောင်ကြဉ်သွားသကဲ့သို့။ ဗာလံ - သူမိုက်ကို၊ အာရကာ- အဝေးမှ၊ ပရိဝဇ္ဇေယ ရှောင်ကြဉ်ပါလေလော့။ ။

နောက်ကပြဆိုခဲ့ပြီးသော လူမိုက်၏ အပြစ်, လူမိုက်နှင့် ပေါင်းဖော် ရခြင်း၏ အပြစ်တို့ကို နဖူးလက်တင် ဆင်ခြင်စဉ်းစား၍ လူမိုက်နှင့် မပေါင်းဖော် မိအောင် အထူးရှောင်ကြဉ်နိုင်ရာ၏။ ။

၎င်းအခြင်းပြဋ္ဌါးကို ရည်ရွယ်တော်မူလျက်…….. (အသေဝနာစဗာလာနံ) ဟုဟောတော်မူအပ်၏။ ။၎င်းကား…….. (အသေဝနာစဗာလာနံ) ဟူသော မင်္ဂလာတရားတော်၏ အဓိပ္ပါယ်တည်း။ ။

(၂) ပဏ္ဍိတာနဉ္စသေဝနာ။

(၂) တရားကျင့်သိ၊ ပညာရှိ၊ ကပ်ဘိ ရှိသေစွာ။

**ပညာရှိမည်ပုံ**…….. အကြောင်းအကျိုး၊ အကောင်း အဆိုး။ အကုသိုလ်၊ အကုသိုလ်။ မြဲခြင်းအပ်၊ မမြဲဝဲအပ်သော တရား။ ယူသင့်၊ ပယ်သောတရား တို့ကိုသိသောသူသည် "ပညာရှိ" မည်၏။

တနည်းကား……..အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံ သည်ဖြစ်စေ၊ မပြည့်စုံသည်ဖြစ်စေ တရားကိုကျင့်သော သူသည် "ပညာရှိ" မည်၏။

တနည်းကား…….. လောကီအကျိုး၊ လောကုတ္တရာ အကျိုးနှစ်ပါးကို ရအောင် အားထုတ်သော သူသည် "ပညာရှိ" မည်၏။ တနည်းကား…….သုစရိုက်ဆယ်ပါး

နှင့် ပြည့်စုံသေးသူသည် "ပညာရှိ"မည်၏။ တနည်း....... ကောင်းစွာကြံတတ်၊ ကောင်းစွာပြောတတ်၊ ကောင်းစွာ လုပ်တတ်သေးသူသည် "ပညာရှိ"မည်၏။ မခိုးတတ်၊ မတိုက်တတ်၊ ဖဲရိုက်ခြင်းစသော ကစားမကြူး၊ မိန်းမ အပျော်မကြူး၊ အရက်မကြူး၊ ဘိန်းမစား၊ အမိ-အဘ၊ မိကြီး၊ မိထွေး၊ အစ်ကို၊ အမ၊ ဆရာသမား၊ ရဟန်းသံဃာ စကား နားထောင်သောသူ ရိုးဖြောင့် လိမ္မာသူတို့သည် "ပညာရှိ"မည်ကုန်၏။

**ဆောင်ပါ။ ။**

(၁) ကြောင်းကျိုးနှစ်ပါး သိတတ်ခြား မှတ်သား လူလိမ္မာ။

(၂) သုစရိတ ကျင့်ကြံက မှတ်ကြလူလိမ္မာ။

(၃) ကိုယ်နှုတ်နှစ်မျိုး၊ အကျိုးနှစ်ဝ၊ ရလေက မှတ်ကြ လူလိမ္မာ။

(၄) ကြံပြောလုပ်မှု၊ ဤသုံးခုများ၊ ကောင်းမွန်ခြား မှတ်သား လူလိမ္မာ။

**ပညာရှိဖြစ်ရကျိုး**....... ယခု အခါ၌ ပညာရှိနှင့် ပေါင်းဖော်ခြင်းကြောင့် ခံစားရမည်ဖြစ်သော အကျိုး တို့ကိုမဆိုသေးမူ၍ ပညာရှိတို့ကိုယ်တိုင် ခံစားရမည့် အကျိုးကို ရှေးဦးစွာ ပြဆိုဦးအံ့။

ပညာရှိသောသူသည် ယခုပစ္စုပ္ပန်ဘဝ၌ ရာဇဝတ် မင်းဒဏ် ခံရခြင်းဟူသောဘေးမှ ကင်းလွတ်ရခြင်း၊ ရေဘေး, မီးဘေး, သူခိုးဓားပြဘေးတို့မှ ကင်းလွတ်ရခြင်း မိမိကိုယ်ကို ချမ်းသာစေခြင်း။ မိမိ သားမယား မိဘ ဆွေမျိုး ရဟန်းသံဃာတို့နှင့်တကွ မိမိအမျိုးသားတို့ကို ချမ်းသာစေခြင်း။ တိုင်းကျိုးပြည်ကျိုး သာသနာတော်၏ အကျိုးကိုသယ်ပိုးရွက်ဆောင်နိုင်ခြင်း။ ခပ်သိမ်းဘေးရန် တို့ကိုကာကွယ်နိုင်ခြင်း။ ပွဲလမ်းသဘင်တို့၏ အလယ်၌ တင့်တယ်စွာ နေနိုင်ခြင်း။ ဤသို့အားဖြင့် များစွာသော အကျိုးတို့ကို ပွါးတိုးစေနိုင်သော သတ္တိနှင့်လည်းပြည့် စုံ၏။

သေခါနီးသို့ ရောက်သောအခါ၌လည်း တောင်ထွတ် ကြီးတို့၏ အရိပ်သည် မြေကြီးမှာ ထင်လာသကဲ့သို့ ကောင်းသော နိမိတ်တို့သည် ထင်လာကုန်သဖြင့် ငါသည် ရှေးမဆွက ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ စိတ်ဖြင့်ရင်း၊ကောင်းမှုကို ပြုခဲ့မိသည့်အတွက် ကောင်း သောနိမိတ်တို့သည် ထင်လာပေသည် တကား......ဟု များစွာ ဝမ်းသာနှစ်သက်ရ၏။ ။ဤဘဝမှ စုတေမနေ သေလွန်၍ သွားသောအခါ ကောင်းသူတို့၏ လားရာ နတ်ရွာသုဂတိသို့ သွားရ၏။

**ပညာရှိနှင့် ပေါင်းဖော်ရကျိုး......** ယခု အခါ၌ ပညာရှိတို့နှင့် ပေါင်းဖော် မှီဝဲခြင်းကြောင့် ဖြစ်သော အကျိုးကို ပြဆိုဦးအံ့။ ။

နမူနာ........(၁) အနံ့ကင်းသော ပေါက်ရှက်သည် မွှေးကြိုင်သင်းပျံ့သော အနံ့ရှိသော တောင်ဇလပ်ပန်းနှင့် ပေါင်းဖက်ရသဖြင့် မိမိ၌ မွှေးကြိုင်သင်းပျံ့သော တောင်ဇလပ်ပန်း အနံ့ ကျန်ရစ်သကဲ့သို့ရှင်း။ ။

(၂) အဘိုးမထိုက်သော ပိုးသည် မြတ်လေးပန်းနှင့် ပေါင်းဆုံရသည့်အတွက် လူတို့၏ ဦးခေါင်းသို့ တက်ရသကဲ့သို့ရှင်း။

(၃) ပဋ္ဌက အခြည်နှံ့သော ကျေးသားငယ်သည် သူတော်ကောင်းဖြစ်သော ရသေ့တို့နှင့် ပေါင်းဖော်ရသဖြင့် လိမ္မာ ယဉ်ကျေးသော အဖြစ်သို့ ရောက်ရသကဲ့သို့ရှင်း။

(၄) အမုန် ယာစ်သော တောဆင်မိုင်းကြီးသည် လိမ္မာသော ဆင်ဦးစီးနှင့် ပေါင်းဖော်ရသဖြင့် လိမ္မာ ယဉ်ကျေးသောအဖြစ်သို့ရောက်ရသကဲ့သို့ရှင်း။ သူတော်ကောင်းနှင့် ပေါင်းဖော်မှုငဲဆည်းကပ်ရသော သူတို့မှာ မကြာမီ ပညာရှိသောသူ၏အဖြစ်သို့ရောက်၍ ပညာရှိတို့ ခံစားရသော အကျိုးကို ခံစားရမည်ကား ယုံမှားမရှိရာ။

## ဆောက်ာ

ဆောင်ပါ........ မွှေးနံ့မယှဉ်၊ ပေါက်ဖက်ပင်လည်း၊
နံ့ယှဉ် ကောင်း မြတ်၊ တောင် ဇ လပ် ကို၊
ထုပ်ပတ်ယှက်ကူး၊ မွှေးနံ့လူး၏။ တင့်ထူး

ဖြတ်လေး၊ ပန်းနှင့်ထွေး၍၊ သိန်သေး
မဘွယ်၊ ပိုးကောင်ငယ်လည်း၊ ဝင့်ထယ်
မြင့်ဖမောက်၊ ခေါင်းပေါ် ရောက်၍၊
မလောက်မလား၊ ငှက်ကျေးသားလျက်၊
တရားကိန်းအောင်း၊ ရသေ့ပေါင်းဟု၊
မှီကောင်းသည့်တွက်၊ လိမ္မာနက်၍၊
မိုက်ချက်နက်ရှိုင်း၊ တောဆင်ရိုင်းလျက်၊
နှိုင်းနှိုင်းဆဆ၊ ပြုပြင်မသည့်၊ ယုယထိမ်း
ကြောင်း၊ ဦးစီးကောင်းကြောင့်၊ စိတ်
ကောင်းကိန်းကာ၊ ယဉ်ကျေးလာ၍၊ ပမာ
ထို့သွင်၊ ပညာရှင်နှင့်၊ ပေါင်းယှဉ်ကလည်း၊
ဂင်းနည်းဟု၊ စောထီးလူ့ဘ၊ မှတ်ချက်ချ
သည်......ဉာဏထိပ်ခေါင် ယှဉ်တွဲလေ့။ ။

ဤကား......'မကြည်တာနှဲ့ သေဝနှာ' ဟူသော မင်္ဂလာ
တရားတော်၏ အဓိပ္ပါယ်တည်း။ ။

(၃) 'ပူဇာ စ ပူဇနေယျာနံ'

(၃) ပူဇော်ထိုက်သူ ပူဇော်မှု မှတ်ယူမင်္ဂလာ။

**ပူဇော်ထိုက်သူ** ...... ဤလင်္ကာဖြင့် 'ပူဇာ စ ပူဇနေ
ယျာနံ' ဟူသော မင်္ဂလာတရားတော်၏ အဓိပ္ပါယ်ကိုပြ၏။

ဤ၌......ဘုရား,တရား,သံဃာ, ဆရာ, မိဘ, အစ်ကိုကြီး, အစ်မကြီး စသော သူတို့သည် ပူဇော်ခြင်းငှာ ထိုက်သော သူတို့မည်ကုန်၏။ ။

**ပူဇော်ပုံ**...... 'ပူဇော်' ဟူသော မြန်မာစကားသည် 'ပူဇာ' ဟူသော ပါဠိစကားမှ ဆင်းသက်၍ လာသော စကားဖြစ်၏။ ထိုစကားအရ ပူဇော်သည်ဟူသည့်ဂုဏ်ကို အလေးရှိပြု၍ ထိုဂုဏ်၌ ကြည်ညိုသော အခြင်းအရာကို ပြခြင်းမှုပင်ဖြစ်၏။

**ပူဇော်နည်း နှစ်မျိုး**...... ထို ပူဇော် ခြင်း သည် 'အာမိသပူဇာ' တစုံတခုသော ပစ္စည်းဝတ္ထုကို ပေး၍ ကြည်ညိုသော အခြင်းအရာကို ပြခြင်း။ 'ဓမ္မပူဇာ' အဆုံးအမကိုလိုက်နာ၍ ကြည်ညိုသော အခြင်းအရာကို ပြခြင်းဟူ၍ (၂) ပါးအပြားရှိ၏။

**ဆောင်ပါ** ...... **ပစ္စည်းပေးလှူ၊ ဆုမ္မယူဟု၊ နှစ်ဆူ**
**ပွားတိုး၊ နည်းနှစ်မျိုးဖြင့်၊ မြတ်နိုးကော်**
**ရော်၊ ချင်းရာပေါ်၊ ပူဇော်ဟူ၍မှတ်။**

**ပူဇော်ကျိုး**...... ထို (၂) ပါးသော ပူဇော်ခြင်းဖြင့် ဘုရား,တရား,သံဃာ,ဆရာသမား, အမိ,အဘ, အစ်ကိုကြီး, အစ်မကြီး, မိကြီး,မိထွေး, ဘကြီး,ဘထွေး စသော သူတို့ကို ပူဇော်ခြင်းသည် ဤ ပစ္စုပ္ပန် ဘဝတွင်ပင် ကြက်သရေ မင်္ဂလာ တိုးတက်၍ အသက်ရှည်ခြင်း၊

အခင်းလှူခြင်း စသော ကောင်းကျိုးသုခ တို့ကို ရကြပြီးကာ သံသရာမှာလည်း နတ်ရွာသို့ လားရခြင်း အကျိုးတို့ကို ရနိုင်၏။

**ပူဇော်ခြင်း**……ပူဇော်ထိုက်သော သူကို ပူဇော်ရမည်ဟူ၍ဟောတော်မူသဖြင့် 'မပူဇော်ထိုက်သောသူကို မပူဇော်ရ'ဟူသောအဓိပ္ပါယ်ကိုလည်းရ၏။ ထို့ကြောင့် ပူဇော်ထိုက်သောသူကိုပူဇော်လျှင် အကျိုးဖြစ်ရသကဲ့သို့ မပူဇော်ထိုက်သောသူကို ပူဇော်ရာ၌လည်း အပြစ်ဖြစ်၏။

**နမူနာ**……ထိုစကား မှန်၏။ ငါတို့ ဘုရားရှင်လက်ထက်တော်က 'အဇာတသတ် မင်းသား'သည် မပူဇော်ထိုက်သော 'ဒေဝဒတ်'ကို ပူဇော်မိမှားသည့်အတွက် ယခုထက်တိုင် ငရဲမှာ ခံ၍ နေရရှာ၏။ ထို့မှတပါးလည်း 'ပူရဏကဿပ'စသော တိတ္ထိဆရာကြီးတို့ကို ကိုးကွယ် ပူဇော်မိမှားကုန်သော အမျိုးသားတို့သည်လည်း ယခုထက်ထိ ငရဲမှာ ခံ၍ နေကြရကုန်၏။

ထို့မှ တပါးလည်း မပူဇော်ထိုက်သော ဘုန်းကြီးတပါးကို ပူဇော်မိသဖြင့် ရင်းကျောင်းထိုင် ဘုန်းကြီးက နည်းပေး လမ်းညွှန်သည့်အတိုင်း အပြစ်အနာမရှိသော ''သီလာ၌ ရဟန်းတော်''များကို ကဲ့ရဲ့ ဆဲရေးပြစ်တင်မိမှားသဖြင့် သေသည့်၌ အခြားမဲ့ ရဟန်းသံဃာတို့ စွန့်ပစ်အပ်သော မစင် အညစ်အကြေးတို့ကိုသာ စားသောက်ကာနေရသည့် ပြိတ္တာမကြီး ဖြစ်ရသော ဒါသိ

ကာမကြီး တပေါက်မှာလည်း ဥဒ္ဒါပနည်းဖြင့် ဗြဟ္မာ အဖြစ်ကို ဝယ်ယူရသည့် အလား မပူဇော်ထိုက်သော ကျောင်းထိုင် ပုဂ္ဂိုလ်ကို ပူဇော်မိမှားသဖြင့် များစွာ ဆုံးရှုံးခြင်းသို့ရောက်လေ၏။

ထိုအကြောင်းကို (ပေတဝတ္ထုပါဠိတော်)မှာ ဆို၏။

ဤကား (ပူဇာစ ပူဇနေယျာနံ) ဟူသော မင်္ဂလာ တရားတော်၏ အဓိပ္ပါယ်တည်း။ ။

(၄) ပတိရူပ ဒေသဝါသော စ။

(၄) ကုသိုလ်ဖြစ်ရန်၊ လျော်ကန်သင့်မြတ်၊ ထိုအရပ်၊ နေအပ်မင်္ဂလာ။

**သင့်တင့်လျောက်ပတ်သော အရပ်**...... အကြင် အရပ်၌ ရဟန်းသူတော် သူမြတ်တို့သည်၎င်း၊ ရတနာ သုံးပါးကို ကြည်ညိုသော ဥပါသကာ၊ ဥပါသိကာမ တို့သည်၎င်း၎ ကြာကုန်သည်ဖြစ်၍ ရဟန်းစသောသူတော် သူမြတ်တို့ကို ဖူးမြော်ခွင့်၊ စေတီပုထိုးတို့ကို ပူဇော်ခွင့်၊ ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခွင့် ရ၏။ ထိုအရပ်သည် သင့်တင့်လျောက်ပတ်သော အရပ် မည်၏။

ဤမင်္ဂလာတရားတော်၌ အချုပ်အားဖြင့် ပြဆိုရမှု အကြင်အရပ်၌ဗုဒ္ဓသာသနာထွန်းလင်း၏။ထိုအရပ်သည်

သင့်တင့်လျောက်ပတ်သော အရပ်မည်၍ ထိုအရပ်၌ နေရမည်ဟူ၏။

ဤအဓိပ္ပါယ်တို့ကို ရည်ရွယ်တော်မူလျက် 'ပဋိရူပ ဒေသဝါသောစ'ဟု ဟောမြွက်တော်မူအပ်၏။

ဤကား 'ပဋိရူပဒေသဝါသောစ'ဟူသော မင်္ဂလာ တရားတော်၏ အဓိပ္ပါယ်တည်း။

## (၅) ပုဗ္ဗေစ ကတပုညတာ။

'၅' ရှေးကပြုကြ၊ ကုသလ၊ ရှိကမင်္ဂလာ။

ရှေးဘဝက ပြုခဲ့အပ်သော ကောင်းမှု ကုသိုလ်သည် (ပုဗ္ဗေစ ကတပုညတာ) မင်္ဂလာမည်၏။ ဤမင်္ဂလာကို မြန်မာလူမျိုးများက "ကံ" ဟူ၍ ခေါ်ကြ၏။

**ကံ-ဉာဏ်-ဝီရိယ** ....... ဤ'ပုဗ္ဗေစ ကတပုညတာ' မင်္ဂလာဖြင့် မြတ်စွာဘုရား သခင်က "ကံ" ၏ အစွမ်း သတ္တိကို ပြတော်မူ၏။ 'ဗာဟုသစ္စ- သိပ္ပ' ဖြင့် "ဉာဏ်"ကို ပြတော်မူ၏။ 'တပေါစ'ဖြင့် "ဝီရိယ"ကို ပြတော်မူ၏။ ။ထို့ကြောင့် မင်္ဂလာသုတ်မှာ 'ကံ၊ ဉာဏ်၊ ဝီရိယ' တရားသုံးပါးသုံးကိုပင် စုံလင်စွာ ဟောတော် မူ၏။

**အကျိုးနှင့်အပြစ်** ......... အကျဉ်းချုပ်အားဖြင့် ပြဆို ရမည်ဆိုလျှင် ဤမင်္ဂလာတရားနှင့် ပြည့်စုံသောသူသည်

“ပဏ္ဍိတ”ခေါ် ပညာရှိတို့နှင့် ပေါင်းဆုံမိတတ်၍ ပညာရှိ ဖြစ်ပြီးလျှင် ပညာရှိတို့ ခံစားသင့် ခံစားထိုက်သော အကျိုး အာနိသံသတို့ကို ခံစားရတတ်၏။ ဤမင်္ဂလာနှင့် မပြည့်စုံသော သူသည် “ဗာလ”ခေါ် လူမိုက်တို့နှင့် ပေါင်းဆုံမိတတ်၍ လူမိုက်ဖြစ်ပြီးလျှင် လူမိုက်တို့ ခံစား ရသော အပြစ်တို့ကို ခံစားရတတ်၏။

**ဆောင်ပါ ........ ပုဗ္ဗေကတ၊ ပြုဘူးကြသည့်၊ ပုည**
**မင်္ဂလာ၊ ရှိသူသာလျှင်၊ မြတ်စွာပဏ္ဍိ၊**
**ပညာရှိနှင့်၊ ပေါင်းမိပြီးကာ၊ ကိုယ်ပါပဏ္ဍိ၊**
**ဖြစ်တုံဘိ၍၊ ပဏ္ဍိခံစား၊ ကျိုးမြတ်များကို၊**
**ခံစားရမိ၊ ယင်းမရှိက၊ အနိဋ္ဌဟု၊ ဖလ**
**ကျိုးဖြင့်၊ ပြောင်းပြန်ဖြစ်မည်၊ အားသင့်**
**ပုညမင်္ဂလာကို။ ။**

## (၆) အတ္တသမ္မာပဏိဓိစ။

(၆) ကိုယ်နှုတ်စိတ်အား၊ကောင်းစွာထား၊မှတ်သား မင်္ဂလာ။

ထိုမင်္ဂလာသည် အကျဉ်းအားဖြင့်၊ (၁) မဖြစ်သေး သော အကုသိုလ်တရားတို့ကို မဖြစ်ရအောင် အားထုတ် ခြင်း။ (၂) ဖြစ်ပြီးသော အကုသိုလ် တရားတို့ကို ပယ် ခြင်းငှါ အားထုတ်ခြင်း။ (၃) မဖြစ်သေးသော ကုသိုလ် တရားတို့ကို ဖြစ်အောင် အားထုတ်ခြင်း။ (၄) ဖြစ်ပြီး

သော ကုသိုလ်တရားတို့ကို ပွားများအောင် အားထုတ်ခြင်းဟု ဆိုအပ်သော သမ္မပ္ပဓာန်တရား ၄ ပါးပင်တည်း။

တနည်းကား။ ။ရဟန်းတို့မှာ စတုပါရိသုဒ္ဓိ သီလကို လုံအောင် စောင့်ထိန်းခြင်းသည် (အတ္တသမ္မာပဏိဓိ) မည်၏။ ထိုထက် စွမ်းနိုင်ပါလျှင် ဓုတင်တေရသကို ဆောက်တည်ခြင်း၊ သမထဘာဝနာ, ဝိပဿနာဘာဝနာကိုပွား၍ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားကို ဖြစ်စေခြင်းသည် (အတ္တသမ္မာပဏိဓိ) မည်၏။ လူတို့မှာ ဒုစရိုက် ၁၀ ပါးကို ပယ်ရှား၍ သုစရိုက်တရား ၁၀ ပါးကို ကျင့်ခြင်းသည် (အတ္တသမ္မာပဏိဓိ) မည်၏။ ထိုထက် စွမ်းနိုင်လျှင် ၈ ပါးသီလ, ၁၀ ပါးသီလတို့ကို စောင့်ထိန်းခြင်း၊ ဧကာသနိုက်ဓုတင်, ပတ္တပိဏ်ဓုတင်တို့ကို ဆောက်တည်ခြင်းသည် (အတ္တသမ္မာပဏိဓိ) မည်၏။ ထိုထက်စွမ်းနိုင်လျှင် ဝိဇ္ဇာသူကြွယ် မာတိကာမည်သော ဒါယိကာကြီးတို့ကဲ့သို့ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့ကို ဖြစ်စေခြင်းသည် (အတ္တသမ္မာပဏိဓိ) မည်၏။

**ပဏိဓိမင်္ဂလာ နည်းတဖြာ**........ရဟန်းတော်တို့မှာ စည်းကမ်းမရှိ ထင်ရာမြင်ရာ သွားလာနေထိုင်ခြင်း ပြောဆိုပြုမူခြင်း၊ စိတ်ကြမ်းခြင်းစသော အပြုအမူတို့ကို ပယ်ရှား၍ ဝိနည်းတရားတော်နှင့် လျော်စွာ နေထိုင်သွားလာ ပြောဆိုခြင်း။ ဝိနည်းတရားတော်မှာပင် တိုက်ရိုက်ပေါ

သော်လည်း တရားတော်နှင့်အညီ တိုက်အုပ်တိုက်ကြပ် စသောအကြီးအမှူး ဆရာတော်တို့က ပညတ်၍ထားအပ်သော စည်းကမ်း နည်းလမ်းဥပဒေနှင့် လျော်ညီစွာ နေထိုင် သွားလာခြင်းသည် အပစ္စာယိကမ္မ မင်္ဂလာမည်၏။

လူများမှာလည်း တရားတော်နှင့်အညီ မိခင်ဖခင် ဆရာသမား အစ်ကိုကြီး၊ အစ်မကြီး၊ မိကြီးမိထွေး၊ ဘကြီး ဘထွေးစသော ကြီးသောသူတို့က ဆုံးမထားမြစ်အပ်သည့် စည်းကမ်း အဆုံးအမအတိုင်း နေထိုင်သွားလာ ပြောဆိုခြင်းသည် အပစ္စာယိကမ္မ မင်္ဂလာမည်၏။

**အပစ္စာယိကမ္မနှင့် ပြောင်းပြန်ကျင့်**........ ယခုခေတ် အခါ၌ မိမိတို့ရိုသေလိုက်နာအပ် အလေးအမြတ်ပြုအပ်သော ဆရာဟူ၍လည်း အတည်တကျမရှိ၊ ဖြစ်မိဖြစ်ရာ မကြည်ညိုထိုက်သော ကိုယ် နှုတ် စိတ် အမူအရာတို့ကို ပြုမူကြ၍ ဖြစ်ကတတ်ဆန်း နေထိုင်သွားလာ ကြသော ရဟန်းတော အချို့တို့မှာ (အပစ္စာယိကမ္မ) ဟူသော မင်္ဂလာနှင့် ဝေလာကန့်လန့်ကြီး ဖြစ်၍နေလေ၏။

မိခင်ဖခင် ဆရာသမား သက်ကြီးစသော သူများ၏ စကားကို နာယူခြင်းမရှိ၊ ဖြစ်မိဖြစ်ရာ မကြည်ညိုထိုက်သော ကိုယ်အမူအရာနှုတ်အမူအရာတို့ကို ပြုမူကြသော လူများမှာလည်း (အပစ္စာယိကမ္မ) ဟူသော မင်္ဂလာနှင့် များစွာ ဆန့်ကျင်လေ၏။

# (၇) ဗာဟုသစ္စ

(၇, အပြစ်ကင်းစင်၊ ကြွားအမြင်၊ များလျှင်မင်္ဂလာ။

**အကြွားအမြင်များပုံ။** ။ ဗဟုဿုတသည် ပရိယတ္တိဗဟုဿုတ, ပဋိပတ္တိဗဟုဿုတ ဟူ၍ ၂ မျိုးရှိ၏။ ထို ၂ မျိုးတို့တွင် စာပေ ကျမ်းဂန် တတ်သိ လိမ္မာသောသူသည် ပရိယတ္တိဗဟုဿုတနှင့် ပြည့်စုံသောသူ မည်၏။

အကျင့်သီလ သိက္ခာနှင့်ပြည့်စုံသောသူသည် ပဋိပတ္တိဗဟုဿုတနှင့် ပြည့်စုံသောသူမည်၏။

**ပြည့်စုံသင့်ရာ ဗာဟုသစ္စမင်္ဂလာ ။** ။ ဤဗာဟုသစ္စ မင်္ဂလာသည် လွန်စွာ အရေးကြီးသော မင်္ဂလာဖြစ်၏။ ရဟန်းတော်ဖြစ်လျှင် အယုတ်ဆုံး မိမိတို့ကျင့်ရမည့်ဝိနည်းတရားတော်ကိုသိ၍ကိုယ်ခန္ဓာကျန်းမာအောင်ဆောင်ရွက်နည်း၊ ဆရာသမားတပည့်တပန်းသီတင်းသုံးဖော် ဒါယကာ ဒါယိကာမတို့နှင့် ပေါင်းသင်းဆက်ဆံနည်း၊ ဝတ်ရုံ သွားလာနေထိုင်နည်း ပြောဆိုဆုံးမနည်း၊ မိမိအဝတ် သင်္ကန်း သပိတ်ပရိက္ခရာတို့ကို ထားနည်း၊ သို့နည်းစသော ဗာဟုသစ္စ မင်္ဂလာနှင့် ပြည့်စုံမှသာ ဤသာသနာတော်ဘက်ဆိုင်ရာမှာ ကြက်သရေ မင်္ဂလာနှင့် စုံပြည့်ပေလိမ့်မည်။

လူဒါယကာ ဒါယိကာမ တို့မှာလည်း အယုတ်ဆုံး အညံ့ဆုံး စာရေးစာဘတ်ကို တတ်စေ၍ မင်္ဂလာတရား

တော်၊ ရတနာ ၃ ပါး၏ဂုဏ်ကျေးဇူးတော်၊ ၅ ပါးသီလ၊ ၈ ပါးသီလ၊ ဒုစရိုက် ၁၀ ပါးတို့၏ အကျိုးအပြစ်တို့ကို သိခြင်း၊ မိဘဝတ်, သားသမီးဝတ်, လင်ဝတ်, မယားဝတ်, ကျွန်ဝတ်, အရှင်ဝတ်, ဆရာဝတ်, တပည့်ဝတ်, ရဟန်းဝတ်၊ ဒါယကာ ဝတ်တို့ကို သိရခြင်း၊ လယ်သမား ဖြစ်လျှင် လယ်နှင့်ဆိုင်ရာ အတတ်ပညာတို့ကို တတ်သိခြင်း၊ကုန်သည်ဖြစ်လျှင် ကုန်နှင့်ဆိုင်ရာအတတ်ပညာတို့ကိုတတ်သိခြင်း၊ အကျဉ်းအားဖြင့် မိမိတို့ လုပ်ကိုင်သော အလုပ်အကိုင်တို့ကို သေချာစွာတတ်သိခြင်း၊အနာရောဂါတို့ကို သိခြင်း၊ထိုအနာရောဂါတို့ကို တားမြစ်ကြောင်း ဆေးကို သိခြင်း၊ပျက်စီးကြောင်း၊ ကြီးပွားကြောင်းတို့ကို သိခြင်း၊ မိမိ၏ဘာသာတရားတော်မြင့်မြတ်ကြောင်း၊မိမိတို့လူမျိုးများကြီးပွား မြင့်မြတ်ခဲ့ဘူးကြောင်း၊ စသည်တို့ကို သိရှိခြင်းတို့နှင့် ပြည့်စုံကြမှသာ ဗာဟုသစ္စ မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

**အပြစ်မကင်းသောအကြားအမြင်။** ။ အပြစ်ကင်းသော အကြားအမြင်သာ မင်္ဂလာဖြစ်၍ အပြစ်မကင်းသော ရာဂ ဖြစ်ကြောင်း၊ ဒေါသ ဖြစ်ကြောင်း၊ မောဟ ဖြစ်ကြောင်း၊ မကောင်းသော ဒဏ္ဍာရီ ဝတ္ထု၊ မဂ္ဂဇင်း၊ သတင်းစာတို့ကို၎င်း၊ ကာလပေါ် ဝတ္ထုတို့ကို၎င်း၊ အထူး ရှောင်ရှားကြရန်ရာ၏။ ထိုရာဂစသည် ဖြစ်ပွားကြောင်း ဒဏ္ဍာရီဝတ္ထု မဂ္ဂဇင်း သတင်းစာတို့သည် အမျိုးသားစိတ်ကို ပျက်စီးစေ၍ မိမိတို့

ပြုလုပ်အပ်သော တာဝန် ဝတ္တရားတို့ကိုကျေပွန်အောင် ရှက်ဆောင်ခြင်း မရှိစေဘဲ အပျော်အပါး လိုက်စားခြင်းတို့ကို ပြုကြစေသဖြင့် အမျိုးသားများ အစဉ်းအောင် ပြုလုပ်သည်နှင့်တူပေ၏။ ထို့ကြောင့် ထိုကဲ့သို့ သဘောရှိသော မင်္ဂလာ၊ သဘင်းစာနှင့် ကာလပေါ် ဝတ္ထုများကို အထူးရှောင်ရှား ကြကုန်ရာ၏။

## (၈) သိပ္ပဉ္စ

(၈) အပြစ်ကင်းလတ်၊ ထိုအတတ်၊ သင်လတ် မင်္ဂလာ။

**ရဟန်းနှင့်ဆိုင်သော အတတ်။** ။ထိုအတတ်သည်ရဟန်းတော်တို့နှင့်ဆိုင်သောအတတ်, လူတို့နှင့်ဆိုင်သောအတတ်ဟူ၍ ၂ မျိုးရှိ၏။

ထိုတွင် ရဟန်းတော်တို့နှင့် ဆိုင်သော အတတ်ဟူသည် သင်္ကန်း၌ပြုဘွယ်ကံ တို့ကို တတ်သိနားလည်ခြင်း သပိတ်၌ ပြုဘွယ်ကံ တို့ကို တတ်သိ နားလည်ခြင်း။ ဒန်ပူများ ခြင်း၊ ကန့်တာန် သတ်ခြင်းစသော ရဟန်းတို့ ပရိက္ခရာ အသုံးအဆောင်နှင့် စပ်၍ ပြုဘွယ်ကံ ဟူသမျှ တို့ကိုတတ်သိနားလည်ခြင်းသည် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ရွက်ဆောင် တတ်သောကြောင့် ရင်း၊ မြတ်စွာဘုရားချီးမွမ်းတော်မူအပ်သောကြောင့်ရင်း၊

"မင်္ဂလာ" မည်၏။ ထိုမင်္ဂလာနှင့် ပြည့်စုံသော ရဟန်းကို သိဘင်းသုံးပေါ်တို့က လွန်စွာ ချစ်ခင်လေးမြတ်၏။

**လူနှင့်ဆိုင်သောအတတ်။** ။မည်သည့် အိမ်၌မဆို တတ်သင့်သော အတတ်ကား မိမိတို့နေ့စဉ်သုံးစွဲရသဖြင့် ဘယ်အခါမှ မကင်းနိုင်သော ချက်ပြုတ်ခြင်းအတတ်၊ နေ့စဉ်ဝတ်ရုံသုံးစွဲရသော အဝတ်အစားတို့ကို ချုပ်ခြင်းအတတ်၊ ရက်ခြင်းအတတ်တို့မှာလွန်စွာအရေးကြီးသော အတတ်မျိုးဖြစ်၏။

**စာကလေးနှင့်မျောက်။** ။တိရစ္ဆာန် ချင်းအတူတူပင် ဖြစ်ကြသော်လည်း သိပ္ပမင်္ဂလာနှင့် ပြည့်စုံသော "ပျားကောင်" ကလေးနှင့် "စာ" ကလေးတို့မှာ မိမိတို့နေဘို့ရာ "အုံ" များ "အသိုက်" များကို ကောင်းစွာလုပ်တတ်သည့်အတွက် အခြား တိရစ္ဆာန်များထက် ချမ်းသာစွာ နေထိုင်ကြရကုန်၏။ ထိုမင်္ဂလာနှင့် မပြည့်စုံသော "မျောက်" စသော သတ္တဝါတို့မှာ ပင်ပန်းဆင်းရဲစွာ နေထိုင်ကြရကုန်၏။

**သိပ္ပအကျိုး။** ။ဤလောက၌ အတတ်ပညာကို ကောင်းစွာ တတ်သောသူတို့မှာ ရွှေမရှား ငွေမရှား မငြိုမငြင် မပင်မပန်းမူ၍ မိမိတို့အသက်ကို မွေးမြူခြင်းငှါ စွမ်းနိုင်ကုန်၏။ ထိုသို့ အသက်မွေးချောင်၍ မငြိုမငြင် မပင်မပန်း စားသောက်နိုင်သော သူတို့သာ ဒါနရေး၊ သီလရေး၊ ဘာဝနာရေးစသော သာသနာတော်ဘက်ဆိုင်ရာ အရေးအရာတို့ကို အားထုတ် နိုင်ကြကုန်၏။

ဇရပ်၊တန်ဆောင်း၊ဂူ၊ကျောင်း၊မဏ္ဍပ်၊စေတီပုထိုးတို့ကို ဆောက်လုပ် တည်ထားနိုင်ကြကုန်၏။ ဘုရားရှင်သာသနာတော်ကြီး မပျက်မစီးအောင် ဆောင်ကျဉ်းတော်မူကြသော သံဃာတော်တို့အား ပစ္စည်း ၄ ပါးတို့ဖြင့် ထောက်ပံ့နိုင်ကြကုန်၏။

ဤမင်္ဂလာနှင့် ပြည့်စုံသောသူတို့မှာ မိမိတို့အသက်ကိုမှ ကောင်းမွန်စွာ မွေးမြူခြင်းငှါ မစွမ်းနိုင်ကြကုန်သည့်အတွက် "အချမ်းတော့မှ သီလစောင့်နိုင်မည်" ဟူသော စကားပုံအတိုင်း မိမိတို့ဝမ်းစာမှ မဝသဖြင့် သူတကာ 'ဒါန' ပြုကြသောအခါ မိမိတို့မှာ အားမကျနိုင်ဘဲ စားတို့ သာစိတ်ကူးကြရကုန်၏။ သူတကာ "သီလ" စောင့်သောအခါ မိမိ မှာ ဝမ်းစာတို့ လုပ်ကိုင်နေရသည့်အတွက် ဥပုသ်မထွက်နိုင်ကြကုန်။

**၁၈ ရပ်အတတ်မျိုးစုံ။** ။အတတ်ပညာဟူသည် လောကနီတိ ဆရာ၏ အဆိုအားဖြင့် အကြားအမြင်အတတ်၊ မွှေသတ်အတတ်၊ ဂဏန်းအတတ်၊ တံစည်း၊ ပူး ဆောက် အတတ်၊ နီတိကျမ်း အတတ်၊ ယာယီ၊ ပြဿာစသော ဗျာကရဏ်းအတတ်၊ စောင်းငြင်းစသော ကဗျာ လင်္ကာ အတတ်၊ လက်ပစ် အတတ်၊ ဒူးလေး လင်းလေးအတတ်၊ စကားဟောင်း အတတ်၊ ဆေး အတတ်၊ ရုပ်ချင်းမှုအတတ်၊ ဗေဒင်အတတ်၊ လှည့်ပတ်တတ်သောအတတ်၊ ဆန်း ကျမ်း အတတ်၊ သံ တမန်

အတတ်၊ မန္တန်အတတ်၊ သင်္ချိုင်းကျမ်း အတတ်ဟူ၍ ၁၈ ပါး အပြားရှိ၏။

ဤ၌ အပြစ်ကင်းသော အတတ်ကိုဆိုသဖြင့် တံငါ မုဆိုးအတတ်စသော အပြစ်မကင်းသော အတတ်တို့ကို နှစ်စေ၏။ ၎င်းတို့ကိုတတ်ကျွမ်း အမင်္ဂလာသာဖြစ်၏။ ဤကား (သိပ္ပ) ဟူသော မင်္ဂလာတရားတော်၏ အခွင့်ပါယ်တည်း။ ။

## (၉) ဝိနယောစ သုသိက္ခိတော။

(၉) လူ့ရှင်ကျင့်စရာ၊ အာစာ့ပညတ်၊ ဝိနည်းမြတ်၊ သင်လတ် ကျင့်လတ် မင်္ဂလာ။

**ဝိနည်း။** ။ ကိုယ်နှုတ် နှစ်ပါးကို ဆုံးမရာ ဆုံးမကြောင်းဖြစ်သောတရားသည် "ဝိနည်း" တရားမည်၏။

ကိုယ်နှုတ်တို့ကို ဆုံးမရာ ဆုံးမကြောင်း ဖြစ်သော ဤ "ဝိနည်း" တရားတော်ကိုသင်ခြင်း၊ ကျင့်ခြင်းသည် လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးတို့ကို တိုးပွား စေတတ်သောကြောင့် မင်္ဂလာမည်၏။

**ဝိနည်းသင်သင့်ပုံ။** ။ အချို့သော သူတို့က လူများ "ဝိနည်း" တရားတော်ကို မသင်ကောင်းဟူ၍ ပြောဆိုကြ၏။ ထိုသူတို့သည် တရားတော်ကို တားဆီး ပိတ်ပင်ရာရောက်၏။ ရဟန်းတော် တပါးသည် ရဟန်း တော်တပါးအား "ဝိနည်းတရားကို သင်ကြားခြင်း

ကြောင့် အဘယ်အကျိုးရှိအံ့နည်း ” စသည်ဖြင့် ပြောဆို ငြားအံ့ “ ပါစိတ် ” အာပတ်သင့်၏။ လူသာမဏေတို့ အား ပြောကြားငြားအံ့ “ ဒုက္ကဋ် ” အာပတ် သင့် ၏။ ဤကဲ့သို့ ကြီးလေးသောအပြစ်ရှိ၏။

အချို့သောသူတို့က “ ငါနည်း ” တတ်လျှင် ရဟန်း တော်များ မအပ်မရာသော အမှုကိုပြုလုပ်သည်ကို တွေ့ မြင်ခဲ့သော် ကဲ့ရဲ့မိတတ်၍ အပြစ်ရှိမည်ကို ကြောက် ရသည်-ဟူ၍ ပြော လေ့ ရှိ ကြ ၏။ ထို စကား မှား ၏။ မကောင်းမှုကို ကြဉ်ကြဉ် ကဲ့ရဲ့မှသာလျှင် မကောင်းမှု ပြုံသူနည်းပါး ပေလိမ့်မည်။ မကောင်းမှု ပြုံသူ နည်း ပါးမှ ဤသာသနာ တော်ကြီးသည် နေဝန်း, လဝန်း, ပမာ လွန်စွာထွန်းလင်းတောက်ပပေလိမ့်မည်။ အကျဉ်း အားဖြင့် (၂၂၇) သွယ်၊ အကျယ်အားဖြင့် ကုဋေပေါင်း ကိုးထောင့်တရာ့ရှစ်ဆယ် ငါးသန်း သုံးသောင်း ခြောက် ထောင်သော သိက္ခာပုဒ်တို့မှာ မြတ်စွာဘုရား သဘော အလိုအလျောက် “ အကြောင်းမဲ့ ပညတ် အပ်သော သိက္ခာပုဒ် ” ဟူ၍မရှိချေ။ အသိနည်းသော ရဟန်းနှင့် လိမ္မာသော ဒါယကာ ဒါယိကာမတို့က ကဲ့ရဲ့သော ကြောင့်သာ “ ပညတ် ” ရလေသည်။

ယခုကာလ အချို့သော ဒါယကာ ဒါယိကာမတို့ ကဲ့သို့ မကဲ့ရဲ့ဘဲနေကြလျှင် “ သိက္ခာပုဒ် ” ဟူ၍ တခုမျှ ရှိတော့မည်မဟုတ်။ “ သိက္ခာပုဒ် ” ဟူ၍ မရှိကလည်း ကြည်ညိုဘွယ်ရာဟူ၍ရှိတော့မည်မဟုတ်ချေ။ မကောင်း

မှုကို ကဲ့ရဲ့သောလူတို့မှာ အလိုနည်းသော သူတော်ကောင်းတို့သာ ဖြစ်ပေ၏။

**သာသနာပြုနည်း။** ။ သာသနာတော်ကို အဟုတ်အကယ်ကောင်းစေလိုပါကလူ၌သမျှ "ဝိနည်း" ကိုတတ်အောင်သင်ကြပြီးလျှင် "ဝိနည်း" နှင့်ညီသော ရဟန်းတော် ဟူသမျှတို့ကို ကဲ့ရဲ့ကြလျက်၊ ဝိနည်းနှင့် အညီကျင့်သော ရဟန်းတော်တို့ကို ရွေးချယ်၍ ကိုးကွယ်ဆီးကပ်ကြမှသာလျှင်၍သာသနာတော်ကြီးသည်နေ့လ ပမာ လွန်စွာ ထွန်းလင်းပေလိမ့်မည်။

**လူ့ဝိနည်း။** ။ထိုဝိနည်း တရားတော်သည် (၁) လူတို့ကျင့်အပ်သော "အာစာရဝိနည်း" (၂) ရဟန်းတို့ကျင့်အပ်သော "ပညတ်ဝိနည်း" ဟူ၍ ၂ ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဒုစရိုက် ၁၀ ပါး၊ သုစရိုက် ၁၀ ပါး အပြစ်အကျိုး၊ သိင်္ဂါလောဝါဒသုတ်၊ ပရာဘဝသုတ်၊ ဝသလသုတ်တို့၌လာသော ပျက်စီးကြောင်း၊ ကြီးပွားကြောင်းစသော လူတို့ကျင့်အပ်သော တရားသည် "အာစာရ" ဝိနည်းမည်၏။ လူ့ဝိနည်း မည်၏ ထိုဝိနည်း တရားတော်ကို သင်ခြင်း၊ ကျင့်ခြင်းသည် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတို့ကို တိုးပွားစေတတ်သောကြောင့် မင်္ဂလာမည်၏။

**ရဟန်းဝိနည်း။** ။ ဝိနည်းပါဠိတော်၊ ၎င်းအဖွင့် အဋ္ဌကထာ၊ ၎င်းအဖွင့်ဋီကာတို့၌ အကျယ်ဝေဖန်၍

ဖြစ်အပ်သော စတုပါရိသုဒ္ဓိ သီလသည် ရဟန်းတို့ ကျင့်အပ်သော **''ပညတ်ဝိနည်း''** မည်၏။ ။ထိုတွင် အကျဉ်းအားဖြင့် (၂၂၇) ပါး၊ အကျယ်အားဖြင့် (ကုဋေပေါင်း ကိုးထောင့် တရာ့ ရှစ်ဆယ့် ငါးသန်း သုံးသောင်း ခြောက်ထောင်)သော သိက္ခာပုဒ်သီလသည် **ပါတိမောက္ခသံဝရသီလ** မည်၏။

**ဆောင်ပါ။ ။ကိုးထောင်တရာ၊ ရှစ်ဆယ်သာ၊**
**သန်းမျှာကောဋ္ဌိကောက်။**

**ငါးသန်း သုံးသောင်း၊ ခြောက်ထောင်**
**ဆောင်း၊ များတောင်းပါတိမောက်။ ။**

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်, ဟု ဆိုအပ်သော ဣန္ဒြေ ၆ ပါးတို့၌ ရာဂစသော အကုသိုလ်တရား မဖြစ်ပွားရအောင် စောင့်ရှောက်ခြင်းသည် **ဣန္ဒြိယသံဝရသီလ** မည်၏။

ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ ဆေးပေးခြင်း၊ လူတို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်းစသော ''ဝိနည်း'' တရားတော်နှင့် မလျော်သော အမှုအမူတို့ဖြင့် ဒါယကာ ဒါယိကာမတို့ ကြည်ညိုအောင်ပြုလုပ်၍ ပစ္စည်းလေးပါးကို ရှာမှီး သုံးဆောင်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် **အာဇီဝပါရိသုဒ္ဓိသီလ** မည်၏။

သမ်း၊ သက်နိုး၊ ကျောင်း၊ ဆေးဟု ဆိုအပ်သော ပစ္စည်းလေးပါးတို့ကို သုံးဆောင်သောအခါတို့၌ ရာဂစသော အာသဝေါတရားတို့ကို မဖြစ်ပွားစေခြင်းငှါ ဉာဏ်ဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်းသည် **ပစ္စယသန္နိဿိတ သီလ** မည်၏။

ဤသီလကြီး လေးပါးသည် ပင်လျှင် ရဟန်းတို့ ကျင့်အပ်သော "ဝိနည်း" တရားမည်၏။ ထိုဝိနည်းတရားတော်ကို သင်ခြင်း၊ ကျင့်ခြင်းသည် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတို့ကို တိုးပွားစေတတ်သောကြောင့် "မင်္ဂလာ" မည်၏။

ဤကား 'ဝိနယောစ သုသိက္ခိတော' ဟူသော မင်္ဂလာတရားတော်၏ အဖွင့်ပါယ်တည်း။

## (၁၀) သုဘာသိတာစ ယာဝါစာ။

'၁၀, ဆိုသင့်ထိုက်တန်၊ ဟုတ်မှန် ကျိုးများ၊ ထိုစကား၊ ဆိုငြားမင်္ဂလာ။

ဤ၌ (သုဘာသိတာ) ဟူသောစကား........

**သုဘာသိတဖြစ်ပုံ** ၁။ မဟုတ်မမှန် ဖေါက်ပြန်လှတ်ပေါင်းသဖြင့် အကျိုးစီးပွားပျက်၍ မနှစ်သက် မနာလိုအပ်သော 'မခိုးမဖွက်သောသူကို ခိုးသည်၊ ဖွက်သည်' စသည်ဖြင့် ပြောဆိုအပ်သော၊ စကားမျိုး။

၂။ ဟုတ်မှန်ပင် ဟုတ်မှန်ငြားသော်လည်း အကျိုးစီးပွားနှင့်လည်းမစပ်၊ သူတပါးလည်း မနှစ်လိုအပ်သော

(ခိုးဖျက်တတ်သောသူကို ခိုးသည့်ဖျက်သည့် စသည်ဖြင့် ပြောဆိုအပ်သော, စကားမျိုး။

၃။ ဟုတ်လည်း ဟုတ်မှန်၍ နှစ်တန်သော အကျိုး စီးပွားနှင့်စပ်သော်လည်း သူတပါး မနှစ်လို့အပ်သော (မလိမ္မာသော တပည့်သားမြေးတို့ကို ဟုတ်တိုင်းမှန်စွာ မြည်တွန်တောက်တီး၍ ပြောဆိုအပ်သော, စကားမျိုး။

၄။ မဟုတ်မမှန် ပေါက်ပြန်ချိုယွင်းသဖြင့် အကျိုး စီးပွား ယွင်းကွက် သော်လည်း သူတပါး နှစ်သက် အပ်သော 'သားကို ရာမ ဆောင်ယူ သွားသည် စသော ; စကားမျိုး။

၅။ ဟုတ်မှန်ပင် ဟုတ်မှန် ငြားသော်လည်း အကျိုး စီးပွားမစပ်၊ သူတပါး နှစ်လို့ခြင်းကိုသာ ဖြစ်စေတတ် သော (ထမင်းစကား,ဟင်းစကား "တိရစ္ဆာနကထာ" မဂ်ဒိုင်မှ ဗီလာဖြစ်သော, စကားမျိုး။

၆။ ဟုတ်လည်းဟုတ်မှန်၍ နှစ်တန်သော အကျိုးနှင့် လည်းစပ်၊ သူတပါးလည်း နှစ်လို့အပ်သော (သတိ ပဋ္ဌာန်စသော, တရား စကားမျိုး။

ဤသို့အားဖြင့် ခြောက်ပါးသော စကားတို့တွင် ဟုတ်လည်းဟုတ်မှန်၍။ နှစ်တန်သော အကျိုးနှင့်လည်း စပ်၍၊ သူတပါး နှစ်လို့ အပ်သောစကား။ ဟုတ်လည်း ဟုတ်မှန် နှစ်တန်သော အကျိုးနှင့်လည်းစပ်၍ သူတပါး မနှစ်လို့အပ်သော စကားဟု ဆိုအပ်သော တတိယ စကား ဆဋ္ဌစကားသည် (သုဘာသိတာစ ယာဝါစာ)

ဟူသော "မင်္ဂလာ" မည်၏။ **ကျိုးရှိမှန်ရာ၊ သူနာလို မနာလို စကားနှစ်မျိုးကိုသာ ဆိုရမည်။**

ဟုတ်မှန်သည် ဖြစ်စေ၊ မဟုတ်မှန်သည် ဖြစ်စေ၊ နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ၊ အကျိုး စီးပွားနှင့် မစပ်သော ပထမ, ဒုတိယ, တတိယ, ပဉ္စမ စကားသည် ဒုဗ္ဘာသိတာ "အမင်္ဂလာ" စကား မည်၏။

**ဘနည်းကား။** ။(၁) ဝစီဒုစရိုက် လေးပါးကိုပယ် ရှား၍ ကောင်းသောအချင်းအရာအားဖြင့် ပြောဆိုခြင်း။ (၂) တရားကင်းသော စကားကိုပယ်ရှား၍၊ တရားနှင့် ယှဉ်သောစကားကို ပြောဆိုခြင်း။ (၃) မချစ် မနှစ်လို အပ်သော စကားကိုပယ်ရှား၍ ချစ်နှစ် လိုအပ်သော စကားကိုပြောဆိုခြင်း။ (၄) မဟုတ်မမှန်သောစကားကို ပယ်ရှား၍ ဟုတ်မှန်သော စကားကို ပြောဆိုခြင်း။ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောစကားသည် 'သုဘာသိတာ (စ ယာ ဝါ စာ) မင်္ဂလာမည်၏။

**သုဘာသိတာအကျိုး။** ။ယခုအခါ ထိုမင်္ဂလာ တရားတော်၏ အကျိုး အပြစ်တို့ကို ပြဆိုဦးအံ့။ ဤ၌ အကျဉ်းချုပ်မှတ်သားရန်မှာ 'အကြင်စကားကိုဆိုခြင်း ကြောင့် အကျိုးရှိ၏။ ထိုစကားသည် သုဘာသိတာ မင်္ဂလာမည်၏။' ဤ၌ အကျိုးဟူသည် ပစ္စုပ္ပန်အကျိုး၊ သံပရာယ်အကျိုးနှစ်ပါးလုံးကိုဆိုလို၏။ ထိုတွင်အကယ်၍ ပစ္စုပ္ပန်အကျိုးပင် ပျက်သော်လည်း တမလွန်ကျိုးကိုမူ

ကား ဘယ်အခါမှ ပျက်ပြားစေရန် မသင့်ဖြစ်၏။ ထိုစကားကို ချုပ်ဦးအံ့။ ။

**ဝိဓုရ**........ ငါတို့ ဘုရားရှင် အလောင်းတော်သည် "ဝိဓုရ" အမတ်ကြီးဖြစ်စဉ်က "ကောရဗျ" မင်းကြီးမှာ ပုဏ္ဏကဘီလူးနှင့် ကြွေအန် ကစားကြရာ ကြွေအန်ရှုံးရှာသဖြင့် "ဝိဓုရ" အမတ်ကို ပေးအပ်ရမည်ဟု တောင်းသောအခါ ထိုအမတ်ကြီးကို ငါမပိုင်ဟုဆို၏၊ သင်ပိုင်-မပိုင် သိရအောင် "ဝိဓုရ" အမတ်ကို မေးအံ့ဟုဆိုက၊ ကောင်းပြီဟု ဝန်ခံရ၍ "ဝိဓုရ" အမတ်ကြီးကို မေးမြန်းလေရာ မပိုင်ဘူးဟုဆိုလိုက်က မုသာဝါဒအတွက် တမလွန် ကျိုးပျက် သော်လည်း ပစ္စုပ္ပန်ကျိုးမှုလောက် တိုးပွားရန် ရှိ၏။ သို့ပင် ဖြစ်ငြားသော် လည်း ပေသကျူးကောင်းမိသစ္စာ ပစ္စုပ္ပန်ကျိုးအတွက် မသက်မငဲ့ဘဲ တမလွန်ကျိုးကိုသာရှု၍ ပိုင်ဆိုင်ပါသည်ဟု ဟုတ်မှန်ရာကိုသာ ပြော၏။

**သုတသောမ**........ "သုတသောမ" မင်းကြီးဖြစ်စဉ်ကလည်း "ကဿပ" ဘုရားရှင် လက်ထက်မှဆင်းသက်၍ လာသော 'သစ္စာဝါဒ' ဂါထာကို နာကြားရန် ချိန်းချက်၍ ထားအပ်သောစကား မပျက်ပြားစေခြင်းငှါ ငါ့အား စောင့်ကြပါ၊ တရားနာပြီးသောအခါမှ ပြန်လာ၍ အစားခံပါမည်ဟု ပြောဆိုရာ ရှေးအခါက သစ္စာဖြစ်ဘူးရကား သနားတော်မူ၏ မလာလိုလည်း နေစေတော့ဟု ငှဲလုံးပြုလျက် နှစ်သက်စွာ ခွင့်ပေးလိုက်

သောအခါ မိမိတိုင်းပြည်သို့ပြန်လာ၍ (သတောရေဟ) ဂါထာတရားတို့ကို ကြားနာပြီးလျှင် မိမိအသက်သေ မည်ကိုပင် မကြောက်၊ သဒ္ဓါ ယှဉ်း ဖေါက် သဖြင့် အပါယ်သို့ ရောက်မည်ကိုသာ ကြောက်လှ၍ ကာယံတခု သော အကောက်ဥဘာကိုမှမကြိဘဲ ဝန်ခံသည့်အတိုင်း မှန်ကန်စွာ လူသားစား "ပေါရိသာဒ" အထံသို့ ပြန်လာ၏။

**ဤသို့ကျင့်**........ဤသို့ပြဆိုအပ်သော "ဝဲရုရ"သုခမိန် "သုတသောမ" မင်းကြီးတို့၏ထုံးကို နှလုံးမူပြီးလျှင် လောကီကျိုးအတွက် အသက်ကိုပင် မငဲ့ကွက်ကြမူ၍ ယောကျ်ားကောင်း ဝိသစွာ မှန်ကန်သော (သုဘာသိတာ) မင်္ဂလာ စကားကိုသာ ပြောကြားမိအောင် အသုံးသတိဆောင်ကြရာ၏။ သို့မှသာလျှင် ဤမည်သော သူမှာ ဘယ်အခါမှ မှသားမဆို၊ ချိန်းချက်အပ်သော ဂတိကိုလည်းမဖျက်၊ အသက်ကိုပင် အသေခံ၍ မှန်ကန်စွာ ဆိုလေ့ရှိ၏.....စသောအားဖြင့် ကျော်စောထင်ရှားခြင်းသို့ ရောက်ပေလိမ့်မည်။

## ဆောင်ပါ....... သစ္စေန ကိတ္တိံ ပပ္ပေါတိ

(ယက္ခ သံယုတ် ပါဠိတော်)

သစ္စေန- အသက်ကို မငဲ့ကွက်ဘဲ မှန်ကန်စွာ ပြော ဆိုသည့်အတွက်၊ ကိတ္တိံ- ကမ္ဘာပေါ်တွင် ထင်ပေါ် ကျော်စောခြင်းသို့၊ ပပ္ပေါတိ-မချွမသွေ ရောက်ရလေ၏။

ဤသို့ ပဥ္စင်္ဂနိကျူးအတွက် အသက်ကို မငဲ့ကွက်ဘဲ အသက်ကို စွန့်ပစ်ပြီးကာ မှန်ကန်သော သဒ္ဒါစကားကို ပြောဆိုသောသူမှသာ သူတကာတို့ ယုံကြည်အားထား မှီခိုရာ ရှေ့ဆောင် ရှေ့ရွက် ဖြစ်၏။ သစ္စာမရှိ - ဂတိ မတည်သောသူတို့မှာ ဘယ်နေရာမှာမှ တွင်ကျယ်အောင် မဆောင်ရွက်နိုင်ကြချေ။

**အကျိုးရပုံစံ**...... ထိုမှတပါးလည်း ''သုတသောမ'' မင်းကြီးသည် လူသားစားသော ''ပေါရိသာဒ'' အထံမှ မိမိအသက်ကို ချမ်းသာရခြင်း၊ တရော့တပါးသော မင်းတို့ကိုလည်း အသက်မှ ချမ်းသာစေခြင်း၊ လူသားစား ''ပေါရိသာဒ''ကိုလည်း ထိုမကောင်းမှုမှ ကြဉ်ရှောင်စေခြင်းတို့သည်ပင်၊ ''ဝိဓုရ'' အမတ်ကြီးသည် မိမိအား အမျိုးမျိုးနှိပ်စက်၍ အသက်ကို သတ်ရန် ကြံစည်သော ''ပုဏ္ဏက'' ဘီလူးအထံမှ အသက်ကို ချမ်းသာရခြင်း၊ အတိုင်းအတိုင်းမသိထိုက်သော ပတ္တမြား ရတနာကို ရခြင်းတို့သည်ပင် (သုဘာသိတ, မင်္ဂလာတရား၏ အကျိုးဆက်တို့ပင် ဖြစ်၏။

**တနည်း**........ ထို ''သုဘာသိတာ'' မင်္ဂလာကို အကျဉ်း မှတ်သားရန်မှာ........

၁။ သင့်တင့် လျောက်ပတ်သော အချိန် ကာလနှင့် ပြည့်စုံစေခြင်း။

၂။ မနှစ်လို့ ဘွယ်သော စကားကိုပယ်၍ နှစ်လို့ ဘွယ်သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံစေခြင်း။

၃။ မပေါက် မပြန့် ဟုတ်မှန်သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံစေခြင်း-ဟူ၍ အင်္ဂါသုံးပါးရှိ၏။

**ဒုဗ္ဘာသိတအပြစ်**........ ထိုမှတပါးလည်း မဆိုသင့်သောအခါ၌ ပြောဆိုရာ များစွာ အကျိုးယုတ်သည့် အပြစ်ကို ( တေရသနိပါတ်၊ တက္ကာရိယ ) ဇာတ်၌ ပြဆို၏။

**ကြမ်းသင့်လျှင်ကြမ်း**........ ဤအရာ၌ တခါ တခါ ကြမ်းတမ်းစွာဆိုမှ အကျိုးရှိလျှင် ကြမ်းတန်းစွာပင် ဆိုအပ်သေး၏။ ။ထို့ကြောင့် မြတ်စွာဘုရား ကိုယ်တော်တိုင်ပင်လျှင် ( အမ္ဗဋ္ဌလုလင် - သစ္စကပရိဗိုဇ် ) စသော သူတို့ကို ခပ်ကြမ်းကြမ်း ဆိုဆုံးမ၍ ယဉ်ကျေးစေတော်မူ၏။ " ဝိနည်း " သိက္ခာပုဒ်တို့ကို ပညတ်တော်မူရာ၌လည်း ( မောဃပုရိသ ) အလကား, အချည်းနှီးသောသူ - စသည်တို့ကိုသုံး၍ နှိမ်နင်း ဆုံးမတော်မူ၏။ ဤသို့လျှင် ချော့မော့ ဖြားယောင်း၍ ဆုံးမခြင်း ဖြင့် အကျိုးမမြင်၊ ဆိုမြည် ငေါက်ငမ်း ချောက်ချမ်း လျက် ကြမ်းတန်းစွာဆုံးမမှ အကျိုးထင်သောအခါ ကြမ်းတန်းစွာပင် ဆုံးမရ၏။ ထိုသို့ ဆုံးမရာ၌ ဒေါသစိတ် မပါက " ဖရုသဝါစာ " မဖြစ်ပေ။

# (၁၁) မာတာ ပိတု ဥပဋ္ဌာနံ။

(၁၁) ရှိသေတုပ်ကွ။ မိ-ဘနှစ်ပါး၊ လုပ်ကျွေးပြုငြား၊
မှတ်သား မင်္ဂလာ။

**မိဘကျေးဇူးကြီးပုံ** ....... ဤ၌ မိဘ နှစ်ပါးတို့သည် မည်ကဲ့သို့ ကျေးဇူးကို ပြုခဲ့ကြသည့်အတွက် မည်မျှ လောက် ကျေးဇူးကြီးပါသနည်း-ဟူမူ။ ။မိဘ နှစ်ပါး တို့သည် သားသမီးကို လိုချင်တောင့်တ ဆုတောင်း ကြ၍ တန်ခိုးကြီးသော နတ်တို့ကို ပူဇော်ပ-သရခြင်း၊ ရတနာသုံးပါးအား ဆည်းကပ်၍ ဒါနစသော ကုသိုလ် ချင်တို့ကို မပြတ်ပြုလုပ်ရခြင်း၊ ဥပုသ်သီလကို ဆောက် တည်ကြရခြင်း၊ ဓာတ်ဆရာ, ဗိန္ဒောဆရာ တို့သို့ကပ်၍ သားမြတ်ရကြောင်းကောင်းသောဆေးတို့ကို စားရခြင်း သဒ္ဓါဆိုရခြင်း စသောအားဖြင့် ဗျာပါကြောင့်ကြ ပြုလုပ်ကြရ၍ များစွာဒုက္ခ ရောက်ကြရကုန်၏။

ထိုသို့ပြု၍ သားကောင်းရတနာ ဝမ်းမှာ ပဋိသန္ဓေ စွဲနေမှီကပ်သောကာလ သားငယ်မှ ချမ်းသာစွာ ရစေ ခြင်းငှါ နေ့ပူစပ်ခါး မသွား မလာ လွန်စွာ အေးလှ-ပူလှ သော အစာတို့ကို စားမျိုချင် လှသော်လည်း အောင့် အည်း၍ သည်းခံရခြင်း၊ ပြေးသွားခြင်း, ကခုန်မြူးထူး ခြင်း စသည့်အမှုတို့ကို မပြုလုပ်ရခြင်း စသောအားဖြင့် များစွာ ဒုက္ခရောက်ရ၏။ မွေးဖွားသော အခါမှာလည်း

ပင်ပန်းဆင်းရဲစွာ ဘွားမြင်ရသဖြင့် ဒုက္ခကြီးစွာ တို့ကို ခံစားရ၏။

မွေးဘွားပြီးနောက်လည်း ကျင်ငယ် ကျင်ကြီးတို့ကို မရွံမရှာသုတ်သင်၍ပေးခြင်း၊ ရေ မိုးယ်း သန့်စင်ပေးရခြင်း၊ မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ပျား, ကင်း, သန်း, ကြွမ်းပိုးတို့၏ ဘေးရန်များကို ပယ်ရှားရခြင်း၊ တနေ့တခြား ကြီးပွား စေချင်ဇော၍ မိမိ ရင်မှ ဖြစ်သော နို့ချိုကို တိုက် ကျွေး ရခြင်း၊ ငှက်ဘော ကျေးထော မရှောင်မှုးဘဲ သားသမီးများအတွက် အသက်ကို အသေခံ၍ အလုပ်အကိုင် အရှာအဖွေ သွားရခြင်း။အသက်ကို မခင်ဘဲ စစ်မြေပြင်သို့ စစ်တိုက်လိုက်ရခြင်း၊ သားသမီးတို့ ကြီးပြင်းသောအခါ လိမ္မာရေး လိမ္မာကြောင်း ကောင်းစွာ သွန်သင်ပြသ ဆုံးမရခြင်း၊ မိမိတို့မှာ လွန်စွာပင်ပန်း ငြားသော်လည်း ခိုင်းစေခြင်းငှါ အလိုမရှိဘဲ အမြဲ ကျောင်းနေနိုင်စေရန် ကြံဖန်ပြီးခါ ကျောင်းလခတို့ကို မရှိမဲ့ ရှိမဲ့ ရှာကြံ၍ပေးရခြင်း၊ အမွေ အနှစ် ပေးနိုင်စေခြင်းငှါ မိမိတို့ပင် မစားရက် မသောက်ရက် သိုဝှက် ရဆောင်း၍ ထားရခြင်း၊ ဤသို့ စသည်ဖြင့် သားသမီး တို့၏အပေါ်မှာ လွန်စွာ ကျေးဇူးများသော မိဘနှစ်ပါး ကို ''ဗြဟ္မာကြီး-ဟူ၍၎င်း,လက်ဦးနတ်ဟူ၍၎င်း,လက်ဦး ဆရာဟူ၍၎င်း, မြတ်သော အလှူခံဟူ၍၎င်း'' ဆိုအပ်၏။ ထိုအဓိ ါယ်ကို (သဗြဟ္မကာနိပါတ်) ၌၎င်း၊ (တိက အင်္ဂုတ္တုရ်) ၌၎င်း မိန့်ဆိုတော်မူအပ်၏။

ဤသို့လျှင် မိဘနှစ်ပါးတို့၏ ကျေးဇူးသည် ကောင်းကင် သမုဒ္ဒရာ ပထဗျာနှင့် မဟာမေရု နှိုင်းပြုစနာ၍ပင် မရနိုင်လောက်အောင်ကြီးမားမြင့်မြတ်လှ၏။ ထို့ကြောင့် လိမ္မာလှသော အကြင်သားသည် အမိအား လက်ျာ ပခုံး၌တင်၍ ဘခင်အား လက်ဝဲ ပခုံး၌ထားပြီး ကာလ အနှစ်တရာမျှတိုင်တိုင် ခိုင်မာရင့်သန်သော စိတ်နှလုံးဖြင့် အသက်ဆုံးသည့်သို့ကျအောင် အစာ အာဟာရတို့ကို ကျွေးမွေးခြင်း။ အဝတ်ပုဆိုး အမျိုးမျိုးတို့ကို ဝတ်ဆင်၍ ပေးခြင်း၊ ရေ မိုးချိုး သန့်စင်၍ ပေးခြင်း၊ ကျင်ကြီး ကျင်ငယ်တို့ကို သုတ်သင်၍ ပေးခြင်း စသောအားဖြင့် အားပါးတရ ကျေးဇူးဆပ်ကြသော်လည်း ကြေနပ်ပြီ ဟူ၍ပင် မဆိုရသေးဖြစ်၏။

ထိုမှတပါး ကမ္ဘာမြေကြီး တခုလုံးကို စိုးအုပ်၍ မင်းလုပ်ရန်ပေးသော်လည်း ကျေးဇူးကြေပြီဟူ၍ပင်မဆို ရ ဖြစ်၏။ ဤအကြောင်းကို 'ဒုက အင်္ဂုတ္တိုရ်၌ ဟော တော်မူ၏။

**ကျေးဇူးဆပ်နည်း**........ မိဘနှစ်ပါး၏ ကျေးဇူးကို ကြေလည့်အောင်ဆပ်လိုမူ၊ သဒ္ဓါတရား မရှိသေးသော မိဘအား သဒ္ဓါတရား၌တည်စေခြင်း၊ ကိုယ်ကျင့်သီလ ၌ မတည်သေးသော မိဘတို့ကို ကိုယ်ကျင့်သီလ၌ တည် စေခြင်း၊ အလှူဒါနကိုမပြုသေးသောမိဘကို အလှူဒါန၌ တည်စေခြင်း၊ ပညာဗဟုသုတ မရှိသေးမိဘကို ပညာ

ဗဟုသုတရှိအောင် အားထုတ်စေခြင်းအားဖြင့် တရားတော်နှင့် ဆပ်မှသာ မွေးကျေးဖူး ကြေနိုင်ရာ၏။ ဤအခုကြောင်းကို 'ဒုက အင်္ဂုတ္တိုရ်' ၌ ဟောတော်မူ၏။ ဤကား သားသမီးတို့ အပေါ်၌ မိဘ နှစ်ပါးတို့၏ ကျေးဇူးဘာရ ကြီးမားပုံကို ပြဆိုသော စကားတည်း။

ဆောင်ပါ........ မိဘကျေးဇူး၊ ကြွေးအထူးကို၊
ကြည်နူးတုံ့က၊ ဆပ်လိုပါမူ၊ သဒ္ဓါကင်းပ၊
သီလမမြူ၊ အလှူမပေး၊ ကင်းဝေးသုတ၊
မိနှင့်ဘကို၊ ဖြောင်းဖြချို့သ၊ စေတနာဖြင့်၊
သဒ္ဓါစသား မြတ်တရားနှင့်၊ စုံပြားလေ
အောင်၊ ကြိုးအားဆောင်က၊ များမြောင်
ထွေထွေ၊ ကျေးဇူးကျေမည်၊ ဆပ်လေ
သူတော်ဝ လမ်းစဉ်တည်း။ ။

**မိဘကို မလုပ်ကျွေးဖြစ်** ........ မိဘ နှစ်ပါးတို့အား လုပ်ကျွေး မွေးမြူခြင်း၏အကျိုး၊ မမွေးမြူခြင်း၏ အပြစ်ကို ပြဆိုဦးအံ့။ ဤကမ္ဘာလောကကြီးနှင့် အပြည့် ရှိနှံ့သမျှသော သတ္တဝါတို့မှာ မိဘနှစ်ပါး၏ ရင်သွေးရင်သားမှ ဖြစ်ပေါ်လာရကြကား မိဘနှစ်ပါးတို့အား လုပ်ကျွေး မွေးမြူခြင်းကို လျစ်လျူရှုကာ ကာရဏာနည်းပါး သနား ကြင်နာခြင်း ကင်းဝေးလျက် ခွေးဝက်စသော တိရစ္ဆာန် တို့အသွင် ကျေးဇူးရှင်မိဘတို့၏ ရှိမှန်းကိုမျှ မသိမကြည့်

မရှုမပြုရဘဲ၊ အမြဲပြစ်ထားကြကုန်သောသူတို့မှာ ယခု ပစ္စုပ္ပန် ဘဝ၌လည်း ကောင်းကျိုး ချမ်းသာ မင်္ဂလာ တရားမှ ဆုတ်ယုတ်၍ နောင်တမလွန် ဘဝ၌လည်း ငရဲ သို့ကျရမည်ကား မြေလက်ခတ်အလား မမှားဧကန် ဖြစ်၏။

အကယ်၍ ရှေး"ကံ"မ၍ ကြွယ်ဝ ချမ်းသာခြင်းသို့ ရောက်ရငြားသော်လည်း ပြာသာဒ်များ၌ နားသည့် ချိုး ပမာ မကြာမီ ပျက်စီး ဆုံးရှုံးခြင်းသို့ ရောက်ရ၏။ အကယ်၍ မပျက်စီး၊ မဆုံးမရှုံးစေကာမူ ကိုယ်,စိတ် နှစ်ဖြာ ချမ်းသာခွင့်မရသည့်ပြင် လူယုတ်မာကြီး ဟူ၍ပင် သမုတ်ခြင်းကိုခံကြရ၏။ ဤလောက၌ မိဘကျေးဇူးကိုမှ မသိသော သူသည် မည်သူ၏ကျေးဇူးကို သိလိမ့်ဦးမည် မည်သည့်မကောင်းမှုကို မပြု ဟူ၍လည်း ဆိုရန်ရှိမည် မဟုတ်ချေ။ ထိုသူ၏ အသက်ရှည်ခြင်းမှာ ဖိုနှုတ်သီး နှာတန်မှာလေထွက်သည့်ပမာ ထွက်သက် ဝင်သက်ကို ရှိုက်ရှူ၍ နေပါသော်လည်း၊ ခွေး,ဝက်,ကြက်တို့ကဲ့သို့ ၎င်း လူသေကဲ့သို့၎င်း၊ မည်သူကမျှ အပေါင်းအဖော် မပြုလိုချေ။ ထိုသို့သဘောရှိသောသူကို (ပရာဘဝသုတ်) ၌ "နှစ်ဖြာအအကျိုး မတိုးမပွားပျက်ပြားအောင်ပြုလုပ် တတ်သောသူ" ဟူ၍၎င်း၊ (ဝသလသုတ်,)၌ "သူယုတ်" ဟူ၍ ၎င်း ဟောတော်မူအပ်၏။ "မိတ္တဝိန္ဒက" မည်သော ယောက်ျားသည် အမိစကားကို နားမထောင်သည့် အတွက် သင်ခုန်းစက် ငရဲသို့ ရောက်ရ၏။ မိဘတို့သော

လွန်ပြီးနောက်မှ အသက်ရှည်စဉ်က မပြုခဲ့ ရလိုက်ပေါ့ တကားဟူ၍ များစွာ ပူပန်ရတတ်၏။ ဤပြဆိုအပ်သော အခြင်းအရာ ကိုးပါးယ်တို့ကို (ပါဏာတိပါတ်, အဒိန္နာဒါန်, ကာမေသု မိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယ ဗဟုသုတ, ဝသလသုတ်, ဒွါဒသနိပါတ်, သတ္တကနိပါတ်, တို့၌ ဟောတော်မူအပ်၏။ ဤကား မိဘနှစ်ပါးတို့အား လုပ်ကျွေး မွေးမြူ ခြင်းကို မပြု ခြင်း၏ အပြစ်တို့ကို ပြဆိုအပ်သော စကား ရပ်တည်း။

**မိဘကိုလုပ်ကျွေးကျိုး** ....... မိဘ နှစ်ပါးတို့အား လုပ်ကျွေး မွေးမြူ ရခြင်း၏ အကျိုးကို ပြဆိုဦးအံ့။ ။ မိဘနှစ်ပါးကို လုပ်ကျွေး မွေးမြူရသောသူသည် သေသည်မှ နောက်ကာလ၌ နတ်ပြည်သို့လားရ၏။ ဤဘဝ၌လည်း ကြက်သရေ မင်္ဂလာနှင့် ပြည့်စုံ၍ ဂုဏ်အလွန် တိုးတက်၏။ ရဟန်း ရှင် လူ ခပ်သိမ်းသူတို့ ကြည်ညိုနှစ်သက် စုံမက်ခြင်းကို ခံရ၏။ စည်းစိမ် ဥစ္စာတို့မှာလည်း တနေ့တခြား ငါးလေးသို့ အလွန် တိုးပွား၏။ ထိုသူနှင့် မည်သူမဆို ပေါင်းသင်း ဆက်ဆံလို၏။ သူတကာတို့ ယုံကြည်အားထားကြသဖြင့် ထင်ရှား ကျော်စောသော အဖြစ်သို့ရောက်၏။ သေဌေးကြီး, သူကြွယ်ကြီး, အမတ်ကြီး အဖြစ်နှင့်တကွ ဘုရင်မင်း အဖြစ်ကိုပင် ရနိုင်၏။ အကယ်၍ ကံ-မကောင်း၍ ဆင်းရဲသော အဖြစ်သို့ ကျရောက်ရသော်လည်း နှလုံးစိတ်ဝမ်း ချမ်းမြေ့ရ၏။ ပျော်ရွှင်ကျန်းမာ ကောင်း ဖိုသ၏။ မိခင်အတွက် အသက်ကို စွန့်ကြသော ဘုရားရှင်အလောင်းတော် "နန္ဒိယ မျောက်

မင်း'' "သုတနု လုလင်" တို့ကဲ့သို့ **"ကမ္ဘာကြေ သော်လည်း-ဥဒါန်းမကျေ"** နှင့်၊ ကြီးနိုင် မြင့်မြတ် သော ဂုဏ်ထူး ဘွဲ့ထူးကို ရနိုင်၏။

**စံနမူနာ**........ ဤ ပဋ္ဌာန်း ဘဝ၌ပင် ထူးခြားသော အကျိုးကိုရ၏။ ထိုစကားမှန်၏။ ။လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး နန်းစံလတ် သောအခါ ဗာရာဏသီပြည်မှ ခရီးအတော် ဝေးကွာ သော 'ကလိင်္ဂတိုင်း-ဒန္တာကီ' မင်းကြီး၏ 'ကုမ္ဘပုရ' ပြည်သူ ပြည်သားတို့သည် "ကင်္သဝဿ" ရသော အား ပြင်မှားကြသည့်အတွက် နတ်တို့ အမျက် ထွက်ရကား ဆိုးပါးအပြားမျိုးသော လက်နက်မိုးမျိုးတို့ကိုရွာစေသဖြင့် တိုင်းပြည်အားလုံး ပျက်ပြုန်း၍သွားသော်လည်း မိဘကို လုပ်ကျွေး သော ဗာရာဏသီပြည်သား ကုန်သည် တယောက်မူကား ထူးခြားစွာ ထိုဘေးမှ လွတ်ကြောင်း ကို 'မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဥပါလိသုတ်' အဖွင့် မှာ ဆို၏။

**မိဘလုပ်ကျွေးပုံ**........ မိဘ နှစ်ပါးအား လုပ်ကျွေး မွေးမြူခြင်း၏ အခြင်းအရာကို ပြဆိုဦးအံ့။ ။မိဘ နှစ်ပါးကို မည်ကဲ့သို့လုပ်ကျွေးမွေးမြူရမည်နည်း။ ည-အိပ် ယာဝင်သောအခါ, ခရီးဝေးသို့သွားသောအခါ, ခရီး အဝေးမှ ပြန်လာသောအခါတို့၌ ရှိခိုးဝတ်ချခြင်း, အခါ ခပ်သိမ်း ပူဇော်မြတ်နိုး အလေးအမြတ်ပြုခြင်း၊ မိဘတို့

ကြိုက်နှစ်သက်သော ထမင်း, အဖျော်, အဝတ်, အရုံ, အိပ်ယာ နေရာတို့ကို ပေးခြင်း၊ ခြေဆုပ် လက်နယ်ပြုခြင်း စသောအားဖြင့် အကြင်အခြင်းအရာအားဖြင့် ပြုရသည် ရှိသော် မိဘနှစ်ပါးတို့ ဧတ်နှလုံးချမ်းသာ၏။ ထိုအခြင်းရာအားဖြင့် စွမ်းနိုင်သမျှ ပြုလုပ်ရမည်ဟူ၏။

**ရဟန်း ဖြစ်သော်လည်း မိဘကို လုပ်ကျွေးရမည်။** ။ဤနေရာ၌ ရဟန်းဖြစ်သော သားသည် လူဖြစ်သောအဘအား သာမဏေများကို ပြုရဘိသကဲ့သို့ပြုရ၏။ အမိကိုမူကား မိမိလက်ဖြင့် ကိုယ်ကိုသုံးသပ် ကိုင်တွယ်ခြင်း မပြုဘဲ ကြွင်းအမှုတို့ကို အကုန်ပြုလုပ်အပ်၏။ ။မိမိခံ၍ရသော ဆွမ်းကိုလည်း မိမိမစားမီ အဦးအဖျား ပေးခြင်းငှါအပ်၏။

## (၁၂) ပုတ္တဒါရသင်္ဂဟော။

(၁၂) သားမယားအား၊ ထောက်ပံ့ခြင်း၊ မြတ်သော မင်္ဂလာ။

**သားကိုမမွေးမီစောင့်ရှောက်ပုံ။** ။ဤ၌သား, သမီးကိုသင်္ဂြိုဟ်ထောက်ပံ့ခြင်း၊မယားကိုသင်္ဂြိုဟ်ထောက်ပံ့ခြင်းဟူ၍ အင်္ဂါ (၂) မျိုးထွက်၏။ ။မွေးဘွားသောအခါကစ၍ ဆဲရေးတိုင်းထွာခြင်း စသောကြမ်းတမ်းသောစကားကို မသင်မကြား မပြမသရုံမျှမကဘဲ မိမိတို့ကလည်းအထူးရှောင်ကြဉ်ကြခြင်း၊ရာဂစသည်ကို

တိုးပွားစေတတ်သော ဟေးသီချင်း, ကာလပေါ် ဝတ္ထု စသောစာအုပ်တို့ကို မဖတ်မိအောင် ရှောင်ကြဉ်ခြင်း။ ကလေးကို ကြောက်လန့်အောင် မချောက်မလှန့် ရှောင်ကြဉ်ကြ၍ မကြောက်တတ်အောင် ရဲရင့်အောင် အားပေး တိုက်တွန်း သွန်သင်ပြသရာ၏။ ငယ်ငယ်ကကြောက်တတ်အောင် ချောက်ထားလျှင်၊ အိုသေသည့်တိုင်အောင် ကြောက်တတ်၏။ ထို့ကြောင့် တစ္ဆေကြီး......သူရဲကြီး စသည်ဖြင့်မချောက်အပ်၊ ငယ်ငယ်က ရဲအောင်သင်ပေးထားလျှင်အိုသေသည့်တိုင်အောင် ရဲတတ်၏။ ထို့ကြောင့် ရဲဘို့စကားကိုသာ ပြောအပ်၏။ ။ရတနာသုံးပါး၏ဂုဏ်တော် ဘုရားရှိခိုး (ကကြီး, ခကွေး, စသော သင်ပုန်းကြီးတို့ကို ညတိုင်း နှုတ်တိုက်ချပေးခြင်း၊ အမျိုးသားအကျိုး၊ မိဘအကျိုး၊ အဆွေ အမျိုး တို့၏ အကျိုး၊ တိုင်းကျိုး၊ ပြည်ကျိုး၊ သာသနာကျိုးကို သည့်ပိုး ရွက်ဆောင်လိုသောစိတ်၊ မိမိတို့အမျိုး သားများကို မြင့်မြတ်သော အမျိုးသားဟု မှတ်ထင်စေတတ်သောစိတ် ဖြစ်အောင် သွန်သင်ဆုံးမခြင်း၊ ငဲ့ကြောက်တတ်ခြင်း၊ ဟုတ်တိုင်းမှန်ရာ ရဲရင့်စွာ ပြောဆိုတတ်ခြင်း စသော စိတ်ကောင်းစိတ်မြတ်ရှိအောင် သွန်သင်ဆုံးမခြင်း၊ အစားအသောက်တို့ကိုတွေ့ရာဝယ်ချမ်း၍မကျွေးမူ၍ အစားအသောက်နှင့်စပ်၍လည်း သည်းခံ တတ်အောင် သင်ပြ ဆုံးမခြင်း စသည်ဖြင့် မကောင်းသောအရေဟူသမျှတို့ကို တားမြစ်၍ ကောင်းသော အရေဟူသမျှတို့ကို သင်ပြရမည်ဟူ၏။

**အတတ်သင်စေပုံ။** ။ကျောင်းသား အရွယ်သို့ ရောက်သောအခါ သီလသိက္ခာ လုံခြုံစွာနှင့် စာပေ ကျမ်းဂန် အတတ်မြန်အောင် အသင်အပြကောင်းသော ရဟန်းကျောင်း၌ အပ်နှံ၍ မတတ် မလိမ္မာလျှင် တတ်လိမ္မာအောင်။ အလိုမလိုက် ရိုက်ဆုံးမရန် အဖန်ဖန် လျှောက်ထားအပ်၏။ ထိုနောက်လည်း လျှောက်ထား သည့်အတိုင်း သင်မသင်ကို စူးစမ်း ဆင်ခြင်လျက် သင်လျှင် ဝမ်းမြောက်စွာ နောက်ထပ်အားပေးရမည်။ မသင်မကြား ပေါ့လျော့စွာပယ်ထားက နှစ်ကြိမ်သုံးကြိမ် မျှ ထပ်လျှောက်ရမည်။ သို့နှင့်မှမရလျှင် စာပေအသင် အပြ ကောင်းသော ဘုန်းကြီးကျောင်း တကျောင်းသို့ ရွှေ့ပြောင်း၍ ထားအပ်၏။ အကယ်၍ ဘုန်းကြီးကျောင်း အသင်မသင့်လျှင် အကျင့်စာရိတ္တနှင့် ပြည့်ဝ၍ အသင် အပြ ကောင်းသော လူကျောင်း၌အပ်ထား၍ သင်ကြား စေရ၏။ သင်ကြားစေရာ၌ ဆရာက ခိုင်းစေသောအရာ၊ ရိုက်နှက် ဆုံးမသောအရာတို့ကို ဝမ်းသာစွာ အားပေး ရမည်။ ငယ်စဉ်က အနှိမ်အနှာခံခြင်း၊ အပင်ပန်းခံခြင်းတို့ မှာ နောင်အသက်အရွယ်ကြီး၍ အခက်အခဲ တို့နှင့် တွေ့ကြုံသောအခါ သည်းခံနိုင်ခြင်း၊ အနှိမ်အနှာခံနိုင်ခြင်း၊ အပင်ပန်းခံနိုင်ခြင်းသဘောပေါ်ပေါက်၍ထိုထိုသို့သော အခက်အခဲတို့မှ လွတ်မြောက်ခြင်းကို ရနိုင်ခြင်း၏ အကြောင်းဖြစ်၏။ ယခုခေတ်သမယမှာ ဆရာ၏အရိုက် အနှက် အခိုင်းအစေကို မနှာလိုသူ မိဘတို့သည်ပေါများ

ကြ၍ ကလေးများမည့်မျှလောက် ဆုတ်ယုတ်၍သွားသည်ကို ဆင်ခြင်စဉ်းစား၍ ကိုယ်တိုင် သိကြပေလိမ့်မည်။ ။

**"ထိမ်းမြားပုံ"**။ ။အချိန်အရွယ်သို့ ရောက်၍လာသောအခါ သင့်လျော်ကောင်းမြတ် အမျိုးဇာတ်ရှိ သဘောဖြူစင်၍ လျှပ်ပေါ်လော်မာခြင်း ကင်းသော သတို့သမီးနှင့် ထိမ်းမြားလက်ထပ်၍ ပေးရာ၏။ ။သမီးမိန်းမ ဖြစ်လျှင် အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်းစသော လျှပ်ပေါ်လော်လည်ခြင်းမှကင်း၍ လိမ္မာရေးခြားသားမယား မွေးမြူနိုင်သော အစွမ်းသတ္တိရှိ၍ ဝဏ္ဏ ကိုယ် ကျန်းမာသော သတို့သားနှင့် ထိမ်းမြားလက်ထပ်၍ ပေးရာ၏။

**"အမွေပေးပုံ"**။ ။ ထိမ်းမြား၍ ပေးပြီးလျှင် သင့်လျော်သော အချိန်ကာလ၌ သားသမီးတို့ရသင့်ရထိုက်သော ပစ္စည်းဥစ္စာ အမွေအနှစ်တို့ကို ပေးကမ်းချီးမြှင့်ရာ၏။ ။ဤ၌ မိဘတို့ သေဆုံးသောအခါ အမွေမှုဖြစ်တတ်လှ၍ ထိုသို့ မဖြစ်ရန် မိမိတို့ အသက်ထင်ရှားရှိစဉ်က စည်းကမ်း နည်းလမ်း ကျနစွာ ဝေပေးဘို့ရန်သတိပြုဘို့ရာ၏။ ထိုသို့ သတိမပြုက မင်းဘဏ္ဍာ ဖြစ်ဘို့တတ်၏။ ။

**"အိမ်ထောင်စုလေးမျိုး"**။ ။ ဤ၌ (၁) နတ်သားနှင့် အသေကောင်မ။ (၂) အသေကောင်နှင့် နတ်သမီး။ (၃) နတ်သားနှင့် နတ်သမီး။ (၄) အသေကောင်နှင့် အသေကောင်မဟူ၍ အိမ်ထောင်စု (၄) မျိုး

ငှ၏။ ဒုစရိုက်ကို ပြုကြကုန်သော ယောက်ျား မိန်းမတို့ သည် အသေကောင်တို့ မည်ကုန်၏။ မပြုသူတို့သည် နတ်သား နတ်သမီးတို့ မည်ကုန်၏။

**လင့်ဝတ္တရား**...... ခင်ပွန်း ယောက်ျားတို့က အိမ်သူ မယားအပေါ်၌ကျင့်ရသော ဝတ်ငါးပါးကိုပြဆိုပေအံ့။ **မြတ်နိုးပုံ**၊ (၁) မိမိခင်ပွန်းမအား ချစ်ခင်သောအမူအရာ၊ ချိုသာသော စကားတို့ကို ပြောကြား၊ တရားသဖြင့် ဆိုဆုံးမပြီးလျှင် ညှင်ပြသော အမူအရာဖြင့် ကြင်ကြင် နာနာ မငြာရှုသော စိတ်ကို အမြဲထားရာ၏။ ။

**မထေမဲ့မပြုပုံ**။ ။ (၂) မိမိ ခင်ပွန်းမအား အော် အင်ငေါက်ငမ်း ကြမ်းတမ်းစွာ ဆဲရေးမြည်တွန်တောက် တီးခြင်း၊ ရိုက်နှက်ပုတ်ခတ်ခြင်း၊ ထောင်းထုကန်ကျောက် ခြင်း၊ လက်သည်းနှင့်ထိုးချင်း၊ ချုပ်ချယ်ပြောဆိုခြင်းစသော မချစ်ခင်မကြင်နာသော အမူအရာတို့မှ ပယ်ရှားရမည် ဟုလို၏။ အကယ်၍ မသင့်မလျော်သော အမှုကိုပြုသည် ဖြစ်အံ့ သင့်တင့် လျောက်ပတ် သောအခါ၌ အေးအေး သာသာတရားဖြင့်သာဆုံးမရာ၏။ ထိုသို့နှစ်ကြိမ်သုံးကြိမ် ဆုံးမ၍မလျှင် သူ၏မိခင်ဘခင်စသော ဆွေမျိုးများ၏ အထံသို့ ပြန်ပို့ရာ၏။ ။

**မယားငယ်မယူရပုံ**။ ။ (၃) မိမိခင်ပွန်းမှတပါး အခြားမိန်းမများနှင့် ပျော်ပါးခြင်း အလျှင်း မပြုရဟုဆို လို၏။ အချို့သောသူတို့မှာ အမြောင်ခင်ပွန်း မထားခြင်း

သည် ဤပါဠိတော်နှင့် မညီညွတ်၍ ခင်ပွန်းယောကျ်ားတို့ကျင့်အပ်သော ဝတ်မှချွတ်ချော်၏။ (ဓမ္မပါလ) ဇာတ်၌လည်း "မယဉ္စဘရိယာနာတိက္ကမာမ" (ငါတို့သည် ခင်ပွန်းမတို့ကိုလွန်၍ မကျင့်ကြကုန်) ထို့ကြောင့်ငါတို့၏ အမျိုးအနွယ်၌ ငယ်သောသူတို့ သေခြင်း မရှိဟုဆို၏။ ထိုဒေသနာတို့ကို မလိုက်နာကြမူ၍ ခင်ပွန်းမတို့စိတ်နှလုံး မချမ်းသာတို့ရာ၊ အပျော်အပါး လိုက်စား အမြောင် မယားထားကြခြင်းမှာ ယခုလောကတွင် စည်းစိမ်ဥစ္စာ ပျက်စီးကြ၍ လောကီလောကုတ္တရာ နှစ်ဖြာအကျိုးမတိုး ပွား ပျက်ပြားဘို့သာရှိ၏။ ။

**ဥစ္စာအပ်ပုံ။** ။(၄) ခင်ပွန်းမတို့ မည်သည် ထမင်းခဲဘွယ်စသည်တို့ကို ကိုယ်တိုင်ဖိုရင်ရမှ သဘော ကျသူမျိုးဖြစ်၍ ထမင်းခဲဘွယ်တို့ကို အဖိုးတရဖိုရင်ဘို့ရန် ခွင့်ပြုရမည်ဟူ၏။ ထိုသို့ခွင့်ပြုခြင်းသည်ပင် တအိမ်လုံး ကိုခွင့်ပြုခြင်းနှင့်တူ၏။ ဝတ်နှင့်ပြည့်စုံလတ်၍ အပ်နှင်းအပ် သော ဥစ္စာတို့ကိုလုံခြုံစွာစောင့်ရှောက်နိုင်သောခင်ပွန်း မဖြစ်က ရှိသမျှသောပစ္စည်းတို့ကို အပ်နှင်းရမည်ဟူ၏။

**တန်ဆာဆင်ပုံ။** ။(၅) မိမိတို့ စည်းစိမ်အား လျော်စွာ (၄)တို့(၁)တို့သော ပစ္စည်းဥစ္စာအဖြတ်အစွန်း မှ မိမိခင်ပွန်းမနှင့် သင့်လျော်အောင် အဝတ် အစား အဆင်တန်ဆာတို့ကို ဆင်ယင်ပေးကမ်း ရမည် ဟူ၏။ ဤအရာ၌ မိမိတို့၏ပမာဏကိုမျှ မသိကြဘဲ ရှိသမျှသော

ရွှေရငွေရတို့ကို မိမိတို့၏ခင်ပွန်းမအား အဆင်တန်ဆာ ပြုလုပ်၍ပေးခြင်းမှာ ထိုအင်္ဂါနှင့်မညီ ပျက်ကွက်ရာရောက်၏။ အကြောင်းမူကား မိမိတို့အင်အား အခြေအနေထက် အလွန်အမင်းပိုမို၍ ပြုလုပ်ခြင်း, လျှော့၍ ပြုလုပ်ခြင်းအားဖြင့် မိမိပြုရမည့် ဝတ္တရားကို ပျက်ကွက်စေရာ ရောက်၏။ ။ဤကား ခင်ပွန်းယောကျ်ားတို့က ပြုရမည့် ဝတ်ထည်း။

ဤမင်္ဂလာ၌ ခင်ပွန်းယောကျ်ားက ကျင့်ရမည့်ဝတ်ကို ဆိုသဖြင့် ခင်ပွန်းမက ကျင့်ရမည့်ဝတ်ကိုလည်း (အရတ္ထသိဒ္ဓိ)နည်းအားဖြင့်ပြ၏။ ထိုဝတ်တို့ကို မပြမီ ရှေးအဘို့၌ ပြုအပ်သော ဝတ်နှင့်တကွ မယားမျိုး ၇ ပါးတို့ကိုပြဆိုဦးအံ့။ အိုးအိမ်တည်ထောင်ရန် အလိုရှိသော သတို့သမီးသည် အဆင်းလှပခြင်း၊ ဥစ္စာပစ္စည်းနှင့် ပြည့်စုံခြင်း သားမယား မွေးမြူနိုင်သော အတတ်ပညာ တခုခုရှိခြင်း သဘောဖြူစင်ခြင်း၊ ကျန်းမာခြင်း၊ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော သတို့သားနှင့် ပေါင်းသင်း ဆက်ဆံမှုကို ပြုရာ၏။ ထိုအင်္ဂါငါးပါးတို့တွင် အဆင်းလှခြင်း၊ ပစ္စည်း ဥစ္စာနှင့်ပြည့်စုံခြင်းမှာ လိုရင်းမဟုတ်ချေ။ သားမယား မွေးမြူနိုင်သော အတတ်ပညာနှင့် ပြည့်စုံခြင်း။ သဘော ဖြူစင်ခြင်း၊ ကျန်းမာခြင်း၊ ထိုအင်္ဂါသုံးပါးသာ လိုရင်း အချက်ဖြစ်၏။ ။

**မယား ၇ မျိုး** ....... မယားမျိုး ၇ ပါးကို ခွဲခြား၍ ပြဆိုဦးအံ့။ မယားတို့သည် ၁ - သူသတ်နှင့်တူသော

မယား။ ၂ ခိုးသူနှင့်တူသောမယား။ ၃ အရှင်နှင့်တူသော မယား။ ၄ မိခင်နှင့် တူသောမယား။ ၅ နှမနှင့် တူသော မယား။ ၆ မိတ်ဆွေနှင့်တူသော မယား။ ၇ ကျွန်နှင့်တူ သောမယားဟူ၍ ၇ ပါးအပြားရှိ၏။

**ဆောင်ပါ။ ။သူ သတ် အ တူ၊ ခိုးသူအသွင်၊ အ ရှင် တ ခြား၊ မွေးမိလားနှင့်၊ တူခြား နှစ်မ၊ မိတ္တတသွန်၊ ကျွန်နှယ်တပါး၊ ခုနှစ် စား၊မယားမျိုးဟုမှတ်။ ။**

ထို ၇ ပါးသောမယားတို့တွင် သူသတ်နှင့် တူသော မယား။ ခိုးသူနှင့် တူသောမယား။ အရှင်နှင့် တူသော မယားတို့သည် လင်ယောကျ်ားတို့၌ ပြုအပ်သောဝတ်ကို ဥပေက္ခာစေသော အားဖြင့်၊ ဒုဿီလ မယားများဖြစ်ကြ၍၊ သေသည်၏ အခြားမဲ့၌ အပါယ်သို့ လားကြရကုန်၏။ အမိနှင့်တူသောမယား၊ နှမနှင့်တူသောမယား မိတ်ဆွေ နှင့်တူသောမယား၊ ကျွန်နှင့်တူသော မယားတို့ကား၊ လင်ယောကျ်ားတို့၌ ပြုရမည့်ဝတ်ကို မပျက်စေတတ် ရကား သီလရှိသော မယားတို့ဖြစ်ကြ၍၊ သေသည်၏ အခြားမဲ့၌၊ နတ်ရွာသို့လားကြရကုန်၏။ ဤကားမယား မျိုး (၇) ပါးကို ပြဆိုသောစကားတည်း။ ။

**မယားဝတ်။** ။ယခုအခါ ခင်ပွန်းမတို့က ပြုရ မည့်ဝတ်ကိုပြဆိုဦးအံ့။ (၁) အိမ်တွင်ပြုလုပ်အပ်သော

မာတုဂါမတို့နှင့် ဆိုင်သော ထမင်း ဟင်း ချက်ပြုတ်မှု၊ အဝတ်တို့ကို ဖွတ်လျှော်ချုပ်လုပ်မှု၊ ရက်ကန်း ရက်မှု၊ အိုးခွက် စသော အသုံး အဆောင်တို့ကို နေရာတကျ ထားသို သိမ်းဆည်းမှု စသော အမှုအလုပ်တို့ကို ကျွမ်းကျင်စွာ လုပ်ဆောင်ရမည်ဟူ၏။ ။

(၂) ခင်ပွန်း ယောကျ်ား၏ရှင်း၊ မိမိ၏ရှင်း၊ မိခင်၊ ဘခင်၊ ဆရာသမား ကိုးကွယ်သော ရဟန်းတော်များ၊ အဆွေအမျိုးတို့နှင့်တကွ မိတ်ဆွေ သဟာယများအား အခါအခွင့်အားလျော်စွာ နေရာထိုင်ရာပေးခြင်း။ ထမင်း အဖျော်စသည်တို့ကို ကျွေးမွေးခြင်း၊ အထိုက်အလျောက် ချီးမြှောက်ပေးကမ်းခြင်း၊ မြတ်နိုးတမ ကြည်ဖြူသာယာ သော စကားတို့ဖြင့် ပေါ်ပေါ်ပြောဆိုခြင်း စသော အားဖြင့် ပြုရမည့်ဝတ်ကို မပျက်အောင် ပြုရမည်ဟူ၏။

(၃) မိမိခင်ပွန်း ယောကျ်ားမှ တပါးသော ယောကျ်ားတို့၌စိတ်မှ မပြစ်မှားဘဲ လင်ယောကျ်ားအား ချစ်ကွယ်သော စကားတို့ကို ပြောဆိုပြီးလျှင် "အရှင် ကျွန်ုပ် မည်သည့်အလုပ်ကို ပြုလုပ်ရပါမည်နည်း၊ အလို ရှိရာခိုင်းစေပါ" ဟု ဘိတ်ကြား၍ ခိုင်းစေသော အခါ များမှာလည်း သာယာငြင်လန်း ဝမ်းမြောက် ဝမ်းသာ လုပ်ကိုင်ပေးပြီးလျှင် လင်၏ နောက်မှ အိပ်ရာသို့ဝင်၍ နံနက်တွင် အလျင်ထရမည်ဟူ၏။

(၄) မိမိခင်ပွန်း ယောကျ်ား မောပမ်းစွာ ရှာဖွေ၍ ရအပ်သော ငွေစည်းတို့ကို ခိုးလို ဖျက်လိုသော အကြံကို

မကြံမှု၍ မကျန်တန် မကုန်ရအောင်ရင်း၊ သူခိုးသူဖျက်တို့ မဖျက်ဆီးနိုင်အောင်ရင်း၊ ပစ္စည်းဥစ္စာတို့ကို ကောင်းစွာ သိမ်းဆည်းရမည်ဟူ၏။

(၅) မိမိအိမ်တွင် ကျွန်အစေအပါး အမှုလုပ်တို့သည် မိမိတို့တာဝန်ကို ကျေပွန်အောင် လုပ်မလုပ်ကို ကိုယ်တိုင် သိအောင်စုံစမ်း၍ တာဝန်ကျေပွန်အောင် လုပ်ဆောင် သောသူတို့ကို အထိုက်အလျောက် ချီးမြှောက်။ ကျေပွန် အောင်မလုပ်သော သူများကိုလည်း နှစ်ကြိမ် သုံးကြိမ် တိုင်အောင် သွေးဆောင် ဖြောင်းဖြ ဆုံးမရမည်။ ယင်းသို့မျှ ဆုံးမ၍မရလျှင် ထိုက်သင့်သော အပြစ်ဒဏ် တို့ကိုပေး၍ ဆုံးမရဦးမည်။ ဤသို့မှမရလျှင် အလုပ်မှ နှင်ထုတ်ရာ၏။ ထိုသူတို့မကျန်းမာသော အခါတို့၌လည်း အစာဆေးဝါးနှင့်တကွ သင့်လျော်သော အိပ်ရာနေရာ တို့ကိုပေး၍ ကိုယ်တိုင်ကျွေးမွေး ပြုစုရာ၏။ ထိုမှတပါး လည်း ဝေတကာလအား လျော်စွာ ချေးရောင်းခြင်း။ ချေးဝယ်ခြင်း၊ စာရင်းရေးမှတ်ခြင်း စသော အားဖြင့် လိမ္မာတတ်သိပညာနှင့်လျက် ပျင်းရိမဟူ အိမ်သူမတို့ပြုလုပ် ရမည့် ဝတ္တရားတို့ကို ပြုလုပ်၍ ခင်ပွန်း ယောကျ်ားအား ကူညီလုပ်ကိုင်ပေးရမည်ဟူ၏။ ဤကား..... ခင်ပွန်းမတို့က ပြုရမည့်ဝတ်ကို ပြသောစကားတည်း။

ဤကား (ပုတ္တဒါရဿသင်္ဂဟော)ဟူသော မင်္ဂလာ တရားတော်၏ အဓိပ္ပါယ်တည်း။

## (၁၃) အနာကုလာစကမ္မန္တာ။

၁၃။ ကိုင်းကျွန်းယာလယ်၊ ကုန်ကိုသွယ်ခြင်း၊ နှောင့်ရှက်ကင်းမှုအလုပ်ရ၊ လုပ်မှုမင်္ဂလာ။

**အနှောင့်အရှက် ကင်းသောအလုပ်။** ။မင်းအိုးရာဇာ စသောသူတို့၏ နှောက်ရှက်ခြင်းကင်း၍ မိမိတို့ဘာသာ အလျောက် အလိုရှိတိုင်း လွတ်လပ်စွာ စားသောက်ရသော ကုန်သွယ်ခြင်း၊ ကျွဲနွား မွေးမြူခြင်း၊ လယ်ယာ ကိုင်းကျွန်း လုပ်ကိုင်ခြင်းစသော အမှုတို့ကို ပြုလုပ်၍ အသက်မွေးမြူရမည်ဟု ဆိုလို၏။

ထိုအလုပ်မျိုးကို လုပ်ကိုင်စားသောက်သူ ကြပ်ကြပ်ပေါများမှ တိုင်းပြည်လည်း ငြိမ်းချမ်းသာယာ၏။

**အရင်းအနှီးပေးသင့်ပုံ။** ။ထို့ကြောင့် အစိုးရမင်းများကလည်း ထိုအလုပ်မျိုးကို လုပ်ကိုင်နိုင်ကြစေရန် မျိုးရိက္ခာ အရင်းအနှီးတို့ကို ထုတ်ပေးခြင်းသည် စကြာမင်းစသော မင်းကောင်းမင်းမြတ်တို့ကျင့်ရာသော တရားတို့တွင် တပါးအပါအဝင်ဖြစ်၏။ ထိုကျင့်ဝတ်ကို လိုက်နာ၍ မကျင့်သော မင်းတို့၏ တိုင်းပြည်မှာ တနေ့တခြား လူပွဲများ၍ ခိုးသူထားပြစသော လူဆိုးသူဆိုးတို့လည်း တနေ့တခြား ပေါများကြကုန်၏။

**လွတ်လပ်မှုကို မလိုက်ကြပုံ။** ။ယခု ကာလ၌ အချို့သောသူတို့မှာ အင်္ဂလိပ်စာတတ်လျှင် မိမိတို့ကိုယ်

ကို မြင့်မြတ်သည်ဟု မှတ်ထင်လျက် လွတ်လပ်၍ အနှောင့်အရှက်ကင်းသော ကုန်သွယ်မှု၊ ကျွဲနွားမွေးမြူမှု၊ လယ်ယာကိုင်းကျွန်း လုပ်ကိုင်မှုကို၊ ယုတ်မာသော အမှုဟု နှလုံးထားကြ၍ လွတ်လပ်ခြင်း မရှိသော စာရေး၊ စာချီ၊ မြို့အုပ်၊ ဝန်ထောက်စသော လခစားအလုပ်ကိုသာ လုပ်လိုကြသည့်မှာ ဤမင်္ဂလာတရားတော်နှင့် များစွာ ဆန့်ကျင်လေ၏။

**လွတ်လပ်မှုကိုလိုက်သင့်ပုံ။** ။ထို့ကြောင့် ယခုကာလ၌ထိုမင်္ဂလာတရားတော်၏ အဓိပ္ပါယ်ကိုအကျယ်တဝင့် သိကြသောပညာရှိတို့က လွတ်လပ်စွာ အလိုရှိတိုင်း ကြီးပွားနိုင်သော ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း၊ ကျွဲနွား မွေးမြူခြင်း၊ ဥယျာဉ် ပန်းမာလ် စိုက်ပျိုးခြင်း စသော အနှောင့်အရှက် ကင်းသော အမှုအယှဉ် ကို လုပ်ကိုင်ကြဖို့ရာ တိုက်တွန်း နှိုးဆော် ကြသည်မှာ ဤ 'အနာကုလာစ ကမ္မန္တာ'၊ မင်္ဂလာတရား တိုးပွားရေးတိုးပွားကြောင်း ဖြစ်ရကား များစွာသင့်လျော်၏။

## (၁၄) ဒါနဥ

'၁၄၊ သာကြည်ဖြူ အလှူဒါန၊ ပေးလှူက ရချ
မင်္ဂလာ။

**ဒါနဟူသည်။** ။ဤဒါနဟူသည် ဒုက္ခအပေါင်းတို့မှ ထွက်မြောက်ရာဖြစ်သောကြောင့် "သဒ္ဓါ" ကြီး

နှင့်လည်းတူ၏။ ဘေးကင်းရာသို့ ပို့ဆောင် နိုင်သော အနက်ကြောင့် "ဝလာဟက" နတ်မြင်းနှင့် နှင့်လည်းတူ၏။ ဤဒါနသည် သိကြားမင်း, ဗြဟ္မာမင်း, မာရ်မင်း, စကြဝတေးမင်း တို့၏ ဥိးစိမ် ကိုလည်း ပေးတတ်၏။ "သာဝကပါရမီဉာဏ်ကိုလည်း၊ ပစ္စေက ဗောဓိဉာဏ်ကိုလည်းသမ္မာသမ္ဗောဓိဉာဏ်ကိုလည်း ပေးခြင်းငှါစွမ်းနိုင်၏"

**ဒါန၏ပစ္စုပ္ပန်အကျိုး** ........ ဒါန ပြုသော သူကို များစွာသော သူတို့သည် ချစ်အပ်၏ နှလုံးကိုပွားစေတတ်၏။ ဒါနပြုသောသူ၏ အထံသို့ ငြိမ်းအေးသော စိတ်ရှိသော သူတော်ကောင်းတို့သည် ဆည်းကပ်ကြကုန်၏။ ဒါနပြုသောသူ၏ကောင်းသောသတင်းသည် ကျော်စော၏။ ဒါန ပြုသောသူသည် မည်သည့် ပရိသတ်သို့မဆို မျက်နှာသာယာသည်ဖြစ်၍ရဲရင့်စွာဝင်နိုင်၏။ ဒါနပြုသော သူသည် သေသည်၏ အခြားမဲ့၌ ကောင်းသောသူတို့ လားရာဖြစ်သော နတ်ပြည်သို့ လားရ၏။ ဤကား ဒါန၏ ပစ္စုပ္ပန်ကျိုးတည်း။

**ဒါနနှင့်နိဗ္ဗာန်** ...... အချို့သောသူတို့ကား "ဒါန" ကိုပြု၍ အကျိုးမရှိ "ဒါန" နှင့် နိဗ္ဗာန်မရောက် ဟူ၍ ပြောဆိုကြ၏။ ထိုစကားကိုကျမ်းဂန်များက ပယ်ရှားပြီး ဖြစ်၏။ ထိုသူများသည် ဘုရားဟောတော်မူအပ်သော တရားတော်ကို ပယ်ရှားကြသောကြောင့် ဘုရားကိုပင် ပစ်ပယ်ရာရောက်၏။ ။အချို့သောသူတို့က "ဒါန" နှင့်

နိဗ္ဗာန် ရောက်သော်လည်း ''ဒါန'' ၏ အကျိုးတွေကို ခံစားနေရ၍ သံသရာရှည်လျားသည်ဟူ၍ ပြောဆိုကြ၏။ ထိုစကားလည်း အမှားစင်စစ်ပင် ဖြစ်ပြန်၏။ သံသရာကို ချဲ့ထွင်တတ်သော တရားကား (တဏှာ-မာန-ဒိဋ္ဌိ) ဟု ဆိုအပ်သော သမုဒယ သစ္စာ အသင်း အပင်း သား ''ပပဉ္စ'' တရားတို့သာ ဖြစ်၏။ **ဒါနံ အလောဘ ဟေတု** ဟူသော (အဋ္ဌသာလိနီ အဋ္ဌကထာ), ဆရာမြတ်တို့၏ အလိုတော်အားဖြင့် ''ဒါန'' က သံသရာကိုချဲ့တတ်သော သမုဒယသစ္စာတရားကို သတ်တတ်သော တရားဖြစ်၍ စင်စစ် သံသရာကို ချဲ့ထွင်ခြင်းကို မပြုပေ။

**ဒါနပြုသူ မပြုသူ** ........ထိုစကားကို ထင်ရှားစေဦးအံ့။ ကဿပဘုရားရှင် လက်ထက်တော် အခါက မိတ်ဆွေ ရဟန်းနှစ်ပါးရှိကြရာ တပါးက ဒါနပြု၏။ တပါးကမပြု။ ရဟန်း တရား အားထုတ် ရာ၌ကား အတူအမျှပင် ဖြစ်ကြ၏။ အဆုံးဘဝ၌ ငါတို့ ဂေါတမ ရှင်တော်ဘုရား လက်ထက်တော်အခါ လူ့ဘဝသို့ ရောက်လာကြပြီးလျှင် အတူတူပင် အရဟတ္တဖိုလ်သို့ ရောက်ကြလေသည်။ အရဟတ္တဖိုလ်သို့မရောက်မီလူ့ ပြည်နတ်ပြည်၌ကျင်လည်စဉ်အခါမှာ ဒါနရှင်ရဟန်းကသာ အသက်ဦးစွမ် ဂုဏ်သိန်ကြီးမားခြင်းစသော သမ္ပတ္တိနှင့် ပြည့်စုံ၍ ဒါနမရှိသောရဟန်းမှာ အောက်တန်းကျစွာဖြင့်ပင် ကျင်လည်ရရှာလေသည်။ ဤဝတ္ထုဖြင့် ဒါနပြုသောသူက ဒါနမပြုသောသူထက် ပိုမို၍ သံသရာ၌ တာရှည်စွာ ကျင်လည်ရသည်

မဟုတ်ချေ။ ဖြစ်လေရာရာဘဝတို့၌သာ "ဒါန" မပြုသော သူထက် ဒါနပြုသောသူက သာလွန်ပုံကို ပြ၏။

**ရွေးချယ်သင့်ပုံ။** ။ထိုဒါနမှာ လွန်စွာ ကျေးဇူးများ၏ဟု ဆိုရခြားသော်လည်း သီလနှင့်သော သူအား လှူမှသာ မဟပ္ဖလ မဟာနိသံသဖြစ်၏။ ဒုဿီလကိုလှူက မဟပ္ဖလ မဟာနိသံသ ဖြစ်မည် မဟုတ်ပေ။

ဤကား "ဒါနဉ္စ" ဟူသော မင်္ဂလာ တရားတော်၏ အဓိပ္ပါယ်တည်း။

## (၁၅) ဓမ္မစရိယာ

(၁၅) သုစရိတ၊ ဆယ်ခမ္မ၊ ကျင့်ကမင်္ဂလာ။ ။ဤ၌ "ဓမ္မ" အရသုစရိတ ဆယ်ပါးကို အဋ္ဌကထာ၌ ဖွင့်ဆိုတော်မူ၏။ ထိုအဋ္ဌကထာဆရာ၏ အလိုအားဖြင့် သုစရိုက်ဆယ်ပါးကို ပဓာနထား၍ ကြွင်းသော တရားတို့ကိုလည်း ကျင့်ရမည်ဟုလို၏။ ထိုတွင်ပဓာနဖြစ်သော သုစရိုက် တရားတို့၏ သရုပ်ကိုပြဆိုဦးအံ့။

၁။ သေစေလိုသောစိတ်ဖြင့် သူ့အသက်ကို သတ်ခြင်း။ **ပါဏာတိပါတ။**

၂။ ခိုးလိုသောစိတ်ဖြင့် သူတပါးဥစ္စာကို ခိုးယူခြင်း။ **အဒိန္နာဒါန။**

၃။ ယောကျ်ားဖြစ်က မသွားလာ အပ်သော မိန်းမတို့၌သွားလာခြင်း၊ မိန်းမဖြစ်က မိမိခင်ပွန်း ယောကျ်ားမှ

တပါး အခြားသော ယောကျ်ားတို့နှင့် ပျော်ပါး လွန်ကျူးခြင်း။ **ကာမေသုမိစ္ဆာစာရ**။

၄။ မဟုတ်မမှန်သောစကားကိုဆိုခြင်း။ **မုသာဝါဒ**၊

၅။ ကုန်းတိုက်, ကုန်းချော စကားကို ပြောကြားခြင်း။ **ပိသုဏာဝါစာ**။

၆။ ဆဲရေး တိုင်းထွာခြင်းဟူသော ကြမ်းတန်းယုတ်မာသော စကားကိုပြောဆိုခြင်း။ **ဖရုသဝါစာ**။

၇။ ဟုတ်မှန်သောအနက်ဖြစ်မှုကင်း၍ ပြိန်ဖျင်းသော တကယ် မဟုတ် လုပ်ကြံအပ်သော စကားဟူသော ဒဏ္ဍာရီဝတ္ထုကို ပြောဆိုရေးသားခြင်း။ **သမ္ဖပ္ပလာပ**။

၈။ သူတပါးဥစ္စာကို ငါ၏ဥစ္စာ ဖြစ်ပါမူကား ကောင်းလေစွဟုကြံခြင်း။ **အဘိဇ္ဈာ**။

၉။ ဤသတ္တဝါများ သေကြေ ပျက်ပြားလျှင် တော်လေစွဟု စိတ်ကကြံခြင်း။ **ဗျာပါဒ**။

၁၀။ ကောင်းမှု မကောင်းမှု၏ အကျိုးကို မယုံကြည်ခြင်း။ **မိစ္ဆာဒိဋ္ဌိ**။

ဤဆယ်ပါးတို့သည် ဒုစရိုက်တရားတို့ မည်ကုန်၏။ ထိုဆယ်ပါးသော ဒုစရိုက်တရားတို့မှ ရှောင်ကြဉ်ခြင်းသည် သုစရိုက်မည်၏။

**'ဒုစရိုက် သုစရိုက်အပြစ်အကျိုး'** ထိုဒုစရိုက်ဆယ်ပါး၊ သုစရိုက်ဆယ်ပါးတို့၏ အပြစ်အကျိုးတို့ကို ပြဆိုဦးအံ့။

**(၁) ပါဏာတိပါတ** ....... သေသည်၏အခြားမဲ့၌ အပါယ်သို့ လားရတတ်ခြင်း။ အကယ်၍ လူ အဖြစ်ကို ရငြားအံ့။ အနာရောဂါများခြင်း၊အသက်တိုခြင်းစသည် တို့ကား၊ သူတပါး၏ အသက်ကို သတ်ခြင်း၏အပြစ်တို့ တည်း။ ငရဲလျှင် အပြန်ကောင်းကျိုးဖြစ်၏။

**(၂) အဒိန္နာဒါန** ....... သေသည်၏ အခြားမဲ့၌ အပါယ်သို့ လားရခြင်း။ အကယ်၍ လူ့ အဖြစ်ကို ရငြားသော်လည်း ရန်သူမျိုး ငါးပါး နှိပ်စက်၍ ဥစ္စာ ပျက်စီးပြုန်းတီးရခြင်း။ လူ့ လူဘောလူလေလူလွင့် ဖြစ်ရခြင်း၊ ကြမ်းတမ်းသော ကိုယ်မှု နှုတ်မှု ရှိသူတို့နှင့် သာ တွေ့ရတတ်ခြင်း စသည်တို့ကား၊ သူတပါးဥစ္စာကို ခိုးခြင်း၏အပြစ်တို့တည်း။ ငရဲလျှင်အပြန်ကောင်းကျိုး ဖြစ်၏။

**(၃) ကာမေသုမိစ္ဆာစာရ** ..... သေ သည်၏ အခြားမဲ့၌ အပါယ်သို့ လားရခြင်း၊ ဖြစ်လေရာ ဘဝ တို့၌ ရန်သူ ပေါများခြင်း၊ နပုန်း ပဏ္ဍုက် ဖြစ် ရ ခြင်း၊ မပြည့်စုံသော ကိုယ်အင်္ဂါရှိခြင်း၊ ဇာတ်နှုတ်လုံး မချမ်းသာ ရခြင်း စသည်တို့ကား မသွားလာအပ်သော မိန်းမတို့၌ သွားလာခြင်း၊ မိမိလင်ယောကျ်ားမှတပါး အခြားသော

ယောကျ်ားတို့နှင့် ပေါင်းပါးခြင်းတို့၏ အပြစ်တို့တည်း။ ရှောင်လျှင်အပြန်ကောင်းကျိုးဖြစ်၏။

(၄) **မုသာဝါဒ** ........ သေသည်၏ အခြားမဲ့၌ အပါယ်သို့သို့ လားရခြင်း၊ ဖြစ်လေရာ ဘဝတို့၌ သူတပါးတို့ စွပ်စွဲသည်ကို ခံရခြင်း၊ ကြည်လင်သော ဣန္ဒြေမရှိခြင်း၊ အသံ မကောင်းခြင်း၊ သွားမ လှခြင်း၊ မိမိစကားကို မယုံကြည်ကြခြင်း၊ မိမိ စကားကို နားမထောင်ကြခြင်း။ ခံတွင်းအနံ့ မကောင်းခြင်း၊ သျှာသေးခြင်းစသည်တို့ကား မဟုတ်မမှန်သော စကားကိုပြောဆိုခြင်း၏ အပြစ်တို့တည်း။ ရှောင်လျှင်အပြန်ကောင်းကျိုးဖြစ်၏။

(၅) **ပိသုဏာဝါစာ** ........ သေသည်၏ အခြားမဲ့၌ အပါယ်သို့သို့ လားရခြင်း၊ သားသမီး၊သားမယား၊ သား, လင်,ခင်ပွန်း တပည့် သားမြေးစသော ခြွေရံ ပရိသတ်တို့နှင့် ကွဲပြားရခြင်း၊ သွားကျဲခြင်း၊ သွားမပြည့်စုံခြင်းစသည်တို့ကား ချောပစ် ကုန်းတိုက်ခြင်း၏ အပြစ်တို့တည်း။ ရှောင်လျှင် အပြန်ကောင်းကျိုးဖြစ်၏။

(၆) **ဖရုသဝါစာ** ........ သေသည်၏ အခြားမဲ့၌ အပါယ်သို့သို့လားရခြင်း၊ ဤဘဝတွင်ပင် "အဂိုယ္ပုပဝါဒ" ကံထိုက်တတ်ခြင်း၊ မရသေးသော စီးပွားကို မရနိုင်ခြင်း၊ ရပြီးသော စည်းစိမ်မှ ဆုတ်ယုတ်ခြင်း စသည်တို့ကား ယုသွားပမာ ကြမ်းတမ်းယုတ်မာသော စကားကို ပြောဆို

ခြင်း၏အပြစ်တို့တည်း။ ရှောင်လျှင် အပြန် ကောင်းကျိုး ဖြစ်၏။

(၇) **သမ္ဖပ္ပလာပ** ........ သေသည့်၏ အခြားမဲ့၌ အပါယ်သို့ လားရခြင်း၊ ဖြစ်လေရာရာ ဘဝတို့၌ ဝင်သောမေးရှိခြင်း၊ ကောက်သောမေးရှိခြင်း၊ ချိုသော မေးရှိခြင်း၊ မိမိစကားကိုသူတပါးမယုံကြည်နားမထောင် လိုခြင်းစသည့်တို့ကား ဟုတ်မှန်သောအနက်၊ ဒြပ်မှကင်း၍ ဖြန့်ဖျင်းသောစကားကို ပြောဆိုခြင်း၏အပြစ်တို့ဘည်း။ ရှောင်လျှင် အပြန်ကောင်းကျိုးဖြစ်၏။

(၈) **အဘိဇ္ဈာ** ........ အလို ရှိအပ်သော ဝတ္ထု ဟူသမျှကိုမရနိုင်ခြင်း၊ မွန်မြတ်သော စည်းစိမ်ချမ်းသာ တို့ကို စံစားလိုသော ဇတ်မရှိခြင်း စသည့်တို့ကား သူတပါး ဝိုးစိမ်ဥစ္စာကို ငါ့စည်းစိမ်ဥစ္စာ ဖြစ်ပါမူကား ကောင်းလေစွဟု ရှေးရှု ကြံခြင်း၏ အပြစ်တို့တည်း။ ရှောင်လျှင် အပြန်ကောင်းကျိုးဖြစ်၏။

(၉) **ဗျာပါဒ** ........ သူတကာတို့ မနှစ်မြို့ခြင်း၊ လူတကာတို့ကဲ့ရဲ့ ရှုတ်ချသည်ကိုသာ ခံရတတ်ခြင်း၊ သူတကာတို့၏ အကျိုးကိုမသည့်ပိုးလိုခြင်း၊ တန်ခိုးအာနု ဘော်မရှိခြင်း၊ မေ့လျော့တရားနည်းပါးခြင်း၊ လွှသွားပမာ လွန်စွာကြမ်းကြုတ်သော စိတ်နှလုံးရှိတတ်ခြင်း စသည့် တို့ကား သူတပါးတို့ ပျက်ပြားသေကြေက တော်လေစွ ဟု စိတ်ကကြံခြင်း၏ အပြစ်တို့တည်း။ ရှောင်လျှင်အပြန် အကျိုးဖြစ်၏။

(၁၀) **မိစ္ဆာဒိဋ္ဌိ** ...... ချစ်သားတို့ မှားယွင်းသော မိစ္ဆာအယူသည် အပြစ်များသကဲ့သို့ ထို့အတူ အပြစ်များသော တရားတပါးကို ငါဘုရား မမြင်တော်မမူဟု (ဧကင်္ဂုတ္တိုရ်ပါဠိတော်၌) ဟောတော်မူရကား မှားယွင်းသော မိစ္ဆာအယူသည် မည်မျှ လောက် အပြစ်များ သည်ဟု မည်သူ တစုံတယောက်မျှ ဟောကြားနိုင်ဘွယ် မရှိချေ။ **တနည်းကား** မှန်ကန်သော "သမ္မာဒိဋ္ဌိ" အကျိုး၏ ဆန့်ကျင်ဘက် ဖြစ်သော အပြစ်တို့သည် မှားသော "မိစ္ဆာဒိဋ္ဌိ"အယူ၏ အပြစ်တို့ဟူ၍ မှတ်အပ်၏။ ရှောင်လျှင် အပြန်ကောင်းကျိုးဖြစ်၏။

တတိုင်းတပြည်လုံး ဒုစရိုက် ဆယ်ပါးကို ပယ်ရှား၍ သုစရိုက်ဆယ်ပါး တရားကိုသာ ကြိုးစား အားထုတ် ကျင့်သုံးဆောက်တည်ကြသည်ဖြစ်ပါက၊ ရာဇဝတ်ရေး! ခိုးသေး မီးပွားစသော ဘေးရန် အနှောင့် အယှက်တို့မှ ကင်းချက် ပဉ္စုပ္ပန် အကျိုးစီးပွား၊ သံသရာ အကျိုးစီးပွား များရာများကြောင်းဖြစ်သော အတတ်ပညာ သင်ကြားရေး။ ပစ္စည်းဥစ္စာ ရှာဖွေရေး။ ဒါန သီလစသော ကုသိုလ်ကောင်းမှု ပြုလုပ်ရေးတို့၌သာ နှလုံး စိတ်ဝမ်း ချမ်းမြေ့ကြည်လင်စွာ အားထုတ်ကျင့်ဆောင်နိုင်ကြသဖြင့် ပစ္စုပ္ပန်မျက်မှောက်၌လည်း ပစ္စည်း ဥစ္စာ ရတနာ ရွှေငွေတို့နှင့် ပြည့်စုံ ကြွယ်ဝခြင်း စသောအကျိုး။ သံသရာ၌လည်း အပါယ် ဒုဂ္ဂတိတို့မှ ကင်းလွတ်လျက် လူ့ပြည် နတ်ရပ် မြင့်မြတ်သော စည်းစိမ် ချမ်းသာကို အလျှည့်

အလည် ခံစား စံစားပြီးလျှင် အဆုံး ဘဝ၌ ချမ်းသာ အပေါင်းတို့၏ အထွတ်အထိပ်ဖြစ်သောနိဗ္ဗာန်ချမ်းသာ မြတ်ကို စံစားခြင်းအကျိုးတို့ကို ဧကန်မုချ ရကြမည် ဖြစ်သည်။

## (၁၆) ဉာတကာနဥ္စသင်္ဂဟော။

၁၆။ ဆွေမျိုးတို့အား၊ ထောက်ပံ့ခြင်း၊ မှတ်သား မင်္ဂလာ။

**ဆွေမျိုးမည်ပုံ**........ ဤလင်္ကာဖြင့် ဉာတကာနဥ္စ သင်္ဂဟောဟူသော မင်္ဂလာတရားတော်၏ အဓိပ္ပါယ်ကို ပြ၏။ ဤ၌ ဆွေ ၇ ဆက် မျိုး ၇ ဆက်နှင့်တကွ ဆိုင်ရာ ဆိုင်ရာ အကြီးအမှူး ဟူသမျှတို့၏ တပည့် လက်သား အောက် ငယ်သားစုတို့ကို "ဆွေမျိုး" ဟု ဆိုရ၏။ ဥပမာ-အိမ်ရှင်ယောက်ျား၊ ရွာအုပ်၊ မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင်မင်းကြီး၊ ဘုရင်ခံ၊ ဘုရင်မင်းမြတ်တို့မှာ မိမိတို့ ကြီးမှူးကြည့်ရှုရသော အိမ်ရွာ၊ မြို့နယ်ဒိစတြိတ်၊ ခရိုင်တိုင်းနိုင်ငံ၌ နေသော သူတို့သည် မိမိတို့ ဆွေမျိုး မည်ကုန်၏။ ကျောင်းပိုင်၊ တိုက်ပိုင်၊ ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ တိုက်ကြပ်စသော မထေရ်ကြီး တို့မှာလည်း မိမိတို့ ကြီးမှူး ကြည့်ရှုရသော ကျောင်း တိုက် ဂိုဏ်းဂဏ၌ နေကြကုန်သော ရဟန်း သာမဏေ တို့သည် မိမိတို့ "ဆွေမျိုး" မည်ကုန်၏။

ထိုဆွေမျိုးတို့အား........
ပေးကမ်းခြင်း (ဒါန)
ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း (ပေယျဝဇ္ဇ)
အကျိုးစီးပွားကို ဆောင်ရွက်ခြင်း (အတ္ထစရိယာ)
ကိုယ်နှင့်အတူထားခြင်း (သမာနတ္တတာ) ဤသင်္ဂဟ တရား ၄ ပါးဖြင့် သင့်မြတ် ထောက်ပံ့ရမည် ဟူ၏။

**ဆောင်ပါ။ ။ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွါးဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ ဤလေးဖြာဖြင့်၊ ဆွေဥာတိုအား ချီးမြှောက်ငြား တရားမင်္ဂလာ အစစ်တည်း။**

ဤကား (ဉာတကာနဥ္စသင်္ဂဟော) ဟူသော မင်္ဂလာ တရားတော်၏ အဓိပ္ပါယ်တည်း။ ။

## (၁၇) အနဝဇ္ဇာနိကမ္မာနိ

(၁၇) ကိ,ကုတ်နှစ်ရစ်၊ အပြစ်ကင်းမှု၊ အလုပ်စု လုပ်မှုမင်္ဂလာ။

**အပြစ်ကင်းသောအမှု။** ။ဤဌ် ဥပုသ်စောင့်သုံးခြင်း၊ရတနာသုံးပါး ဆရာမိဘ စသောသူတို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်း၊ ခရီးသွားဧည့်သည် ဘျေးဝှက် စသော ကိရန္တာနတို့နှင့်တကွ ရဟန်းသံဃာတော်မြတ်တို့ စားသောက် သုံးဆောင်ကြရန် သစ်သီးအာရာမ်

ပန်းအာရမ်တို့ကို စိုက်ပျိုးခြင်း၊ အရိပ်ရိုရန် သစ်ပင်စိုက်ပျိုးခြင်း၊ တံတားခင်းခြင်း စသော ကုသိုလ်ကောင်းမှု အလုပ်မျိုးတို့နှင့် တကွ လောကီဘက် ဆိုင်ရာ၌လည်း အပြစ်ကင်းသော အမှုအလုပ်မျိုးတို့ကို ပြုလုပ်ကြရမည် ဟူ၏။

ဤကား 'အနဝဇ္ဇာနိ ကမ္မာနိ' ဟူသော မင်္ဂလာတရားတော်၏အဓိပ္ပါယ်တည်း။ ။

## (၁၈) အာရတိပါဠိ

(၁၈) မကောင်းမှုမှ အဝေးက ရှောင်ထမင်္ဂလာ။

**အာရတိဖြစ်ပုံ။** ။အဓိပ္ပါယ်ကား မကောင်းမှုမှ ကင်းလိုသောသူတို့သည် ထိုမကောင်းမှု ဒုစရိုက်တို့နှင့် ရင်ဆိုင် မတွေ့မီကပင် ရှောင်ကြဉ်ရမည် ဟူ၏။

ဤကား (အာရတိပါဠိ) ဟူသော မင်္ဂလာတရားတော်၏ အဓိပ္ပါယ်တည်း။ ။

## (၁၉) ဝိရတိပါဠိ

(၁၉) မကောင်းမှုမှ၊ အထူးပရှောင်ထ မင်္ဂလာ။

**ဝိရတိဖြစ်ပုံ။** ။ အဓိပ္ပါယ်ကား။ အာရုံနှင့် ကိုယ်တိုင်ကြုံတွေ့သောအခါ ပုတုဇဉ်တို့၌ဖြစ်တတ်သော သဘောသို့ ရုန်မျှော၍ မလိုက်မူ၍ စိတ်ခိုက်ကိုယ်ထွင့် ပြီးလျှင် အထူးသဖြင့် ရှောင်ကြဉ်ရမည် ဟူ၏။

**'အာရတိ' နှင့် 'ဝိရတိ' အထူးကား ........**
မကောင်းမှုမှ (စိတ်ဖြင့်) ရှောင်ကြဉ်ခြင်းသည် (အာရတိ)

မည်၏။ (ကိုယ်နှုတ်, တို့ဖြင့် ရှောင်ကြဉ်ခြင်းသည် (ဝိရတိ,မည်၏။ [ဤကားအထူးမှတ်ချက်]

**စံနမူနာ** ........ မိခင်မမာရာ ယုန်သား ပေါက်စာ ကျသဖြင့် တောသို့ သွား၍ ယုန်ကိုရှာလျှင် ယုန်ရှင်ကို ရပြီးမှ 'ပါဏာတိပါတ,ကံကို ကြောက်သည့်အတွက် မိခင်အသက်ကို မငဲ့ကွက်ဘဲလက်ထဲသို့ရောက်းပြီးသော ယုန်ကို လွှတ်ပြီးလျှင် 'ဝိရတိ,သီလကို ခင်မင်စွာ စောင့်သော 'ဂူ့ဒ္ဓဇ္ဇကုမ်,သတို့သားကဲ့သို့၎င်း၊ အလယ်ပါယ် သရော၏ သွင်းပစ်းနှံစက်ခြင်းကိုခံရသောအခါ ရန်ကိုမူ ခြင်း၌ စွမ်းနိုင်ပါလျက် သီလပျက်မည်ကို ကြောက်လှသဖြင့် 'ဝိရတိ,သီလကို ဖြစ်စေကြသော (စမ္ပေယျနဂါး၊ ဘူရိဒတ္တနဂါး,တို့ကဲ့သို့၎င်း၊ အသျှံနှင့် တကယ်ကြုံတွေ့သော ကာလအထူးသဖြင့် ရှောင်ကြဉ်ကြကုန်ရာ၏။

အာ ဂုတိ မင်္ဂလာ၊ ဝိရတိ မင်္ဂလာ နှစ်ပါးတို့တွင် (အာရတိ, မင်္ဂလာမှု ဖြစ်ခြင်း၌ လွယ်ကူပါသော်လည်း (ဝိရတိ,မင်္ဂလာကို ဖြစ်စေခြင်း၌ ခဲယဉ်းလှ၏။

ဤကား (ဝိရတိပါပါ) ဟူသော မင်္ဂလာ တရားတော်၏ အဖွင့်ပါယ်တည်း။ ။

## (၂၀) မဇ္ဇပါနာစ သံယမော။

(၂၀) အရက်တသင်း၊ ဘိန်းဘင်းကဖော်၊ လှော်စာ ဆေးခြောက်၊ မသောက်မစား၊ ရှောင်ကြဉ် ငြား၊ မှတ်သားမင်္ဂလာ။

**အရက်။** ဤ၌ ဘိန်း,ဘင်း, ကဇော်, လျှော်စာ, ဆေးခြောက်,ကိုကင်း,မာဒီးယား,အရက်,ထန်းရည်ခါး စသော ယစ်မူးခြင်းကို ဖြစ်စေတတ်သော ဝတ္ထုဟူသမျှ တို့ကို (မဇ္ဇ)အရက်ဟူ၍ ခေါ် ဆိုရ၏။

ထိုဝတ္ထုဟူသမျှတို့ကို သမန်းမြက် ဖျားဖြင့်မျှလည်း မသောက်မစားအပ်။ ဆေးဘက် ဝင်ဘက်ပါ၍ ဆေး ထဲမှာ ထည့်လိုမူကား အရက်အနံ့ အရက်အရသာ မထင်ရှားပါက အနည်းငယ်မျှ ထည့်ခြင်းငှါ အပ်၏။

**အရက်သောက်ပြစ်**........ ထိုယစ်မျိုးတို့ကို သောက် မျိုခြင်း၏ အပြစ်ကို ပြဆိုဦးအံ့။ အချို့သော သူတို့က အရက်ကိုသောက်ရုံမျှ မသောက်၍ သူတပါးကိုစော်ကား ခြင်းကိုလည်းမပြု၊ ခိုးမှုစသော ဒုစရိုက်ကိုလည်း မပြု မလုပ်ပါက အပါယ်သို့ မကျနိုင်ဟုဆိုကြ၏။ ထိုစကား မှား၏။ သေအရက်သောက်စားသောသူမှာ သေသော ကာလ အပါယ်သို့လားရ၏။ အပါယ်က လွတ်သော် ဖြစ်လေရာရာဘဝတို့၌ ရူးသွပ်သောသူသာ ဖြစ်ရတတ်၏။

**ထိုမှတပါးလည်း**........

(၁) သန္နိဋ္ဌိက ဓနဇာနိ........ ကိုယ်တိုင် မျက်မှောက် ဥစ္စာပစ္စည်းပျက်စီးဆုံးရှုံးရခြင်း။

(၂) ကလဟာပ္ပဝဍ္ဍနီ........ နှုတ်ဖြင့် ငြင်းခုံခြင်း ကိုယ် လက် ထိပါးသတ်ပုတ်ခြင်းအားဖြင့် ခိုက်ရန်ဖြစ်ပွားများ တတ်ခြင်း။

(၃) ရောဂါနံ့ အာယတနံ........သေရည် သေရက် သောက်စားသောသူ၏ အဖြစ်ဘောသည် များစွာသော အနာရောဂါတို့၏ ပေါက်ရောက်ကြီးပွားရာ ဖြစ်ခြင်း။

(၄) အကိတ္တိသဉ္ဇနနီ........သေအရက်ကို သောက်သောကြောင့် ဤပစ္စုပ္ပန်လောက၌ရင်း၊ တမလွန်လောက၌ရင်း။ ကျေးဇူးမဲ့ခြင်းသို့ ရောက်ရ၏။ ဤကဲ့သို့ပင် ထို "သုရာ" သည် ကျေးဇူးမဲ့ခြင်းကို ဖြစ်စေတတ်ခြင်း။

(၅) ကောပိန နိဒံသနီ........သေအရက် အလွန်မူးလှသဖြင့် မပြသင့်သော အင်္ဂါကိုပင် ထင်ရှားစွာ ဖော်၍ ပြတတ်ခြင်း။

(၆) ပညာယ ဒုဗ္ဗလီကရဏီ........အသိ အလိမ္မာဉာဏ်ပညာကင်းစင်၍ မသိမမြင်တတ်သောသူ၏ အဖြစ်သို့ ရောက်တတ်ခြင်း။ ။ဤ ၆ ပါးသော အပြစ်တို့သည် ကား 'သုတ် ပါထေယျ ပါဠိတော်' ၌ လာသော "သေသောက်" ခြင်း၏ အပြစ်တို့တည်း။

ဆောင်ပါ။ ။ဥစ္စာ ယုတ်ခြင်း၊ ဖြင်းခုံ များစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာမဲ့ရှား၊ ဤခြောက်ပါး၊ သောက်စားသေစာ အပြစ်တည်း။ ။

အရက်မသောက်ကျိုး........သေ အရက် တို့ကို မသောက်မစားဘဲ ရှောင်ကြဉ်ရခြင်း၏ အကျိုးကိုပြဆို

ဦးအံ့။ နောက်ကပြဆိုအပ်ခဲ့ပြီးသောသောအရက်သောက်ခြင်းကြောင့်ဖြစ်သော အပြစ်တို့မှ ကင်းလွတ် ရခြင်း၊ လျှင်မြန်စွာသိတတ်ခြင်း၊ မဟောသဓာ, သေနက, ဝိဓုရ, စသော သုခမိန်တို့အလား ကြီးမားသော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊ သူ့ကျေးဇူးကိုသိတတ်ခြင်း၊ ဝစီဒုစရိုက်မှ ကင်းလွတ်ခြင်း၊ သီလနှင့်ပြည့်စုံခြင်း၊ အမျက်နည်းခြင်း၊ ရှက်တတ် ကြောက်တတ်ခြင်း၊ ဘုန်းလက္ခဏာနှင့် ပြည့်စုံခြင်းစသော အကျိုးတို့ကို ခံစားရ၏။ ။ထိုအကျိုးတို့သည်ကား (ဒုဇ္ဇကပါဠ် အဋ္ဌကထာ)၌ လာသော........ အကျိုးတို့တည်း။

ဤကား (မဇ္ဇပါနာစ သံယမော)ဟူသော မင်္ဂလာတရားတော်၏ အဓိပ္ပါယ်တည်း။ ။

## (၂၁) အပ္ပမာဒေါစ ဓမ္မေသု။

(၂၁) ဒါန၊သီလ စသည်ပေါင်းစု၊ ကုသိုလ်မှုကို၊ ပြုရသည်မှ၊ မမေ့ကာ၊ မုချမင်္ဂလာ။

**အပ္ပမာဒ**........ထို အပ္ပမာဒ တရားကို ထင်ရှားစေအံ့။ ဤလောက၌ ရဟန်းဖြစ်စေ၊ လူဖြစ်စေ၊ မိမိတို့ ပြုသင့်ပြုထိုက်သော ဝတ္တရားတို့ကို မပြုမကျင့်ဘဲ မှောင်လွှဲသွေဖယ်၍ အမှုမဲ့အမှတ်မဲ့နေခြင်းသည် (ပမာဒ)မည်၏။ ထိုပမာဒမှ ကင်းလွတ်စေလျက် ပြုသင့်ပြုထိုက်သော

ဝတ်ကြီးကို မပျက်ယွင်းအောင် ဆောင်ရွက်ခြင်းသည် (အပ္ပမာဒ) မည်၏။

**ရဟန်းအပ္ပမာဒ**........ထိုစကားကိုထင်ရှားစေအံ့။ ။ ရဟန်းဖြစ်အံ့။ ဘုရားပုထိုး ရှိခိုးဝတ်တက်ခြင်း၊ ပရိတ်ရွတ် မေတ္တာ ပို့ခြင်း၊ စာပြန်ခြင်း၊ စာဆိုခြင်း၊ စာချခြင်း၊ ကမ္မဋ္ဌာန်း တရားကို ပွားများ အားထုတ်ခြင်း စသော အားဖြင့် မိမိတို့ပြုသင့်ပြုထိုက်သော ဂန္ထဓုရ၊ ဝိပဿနာ ဓုရ တရားတို့ကို ပွားများ အားထုတ် ခြင်းသည် (အပ္ပမာဒ) မည်၏။

**လူ့အပ္ပမာဒ**........ လူဒါယကာ ဒါယိကာမတို့မှာ လည်း ညအိပ်ရာဝင်လျှင် ဘုရားပုထိုးရှိခိုး ဝတ်တက်ခြင်း၊ ပရိတ်ရွတ် မေတ္တာပို့ခြင်း၊ နံနက်စောစောထ၍ ဘုရားပုထိုး ရှိခိုးဝတ်တက်ခြင်း၊ ၅ပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစေခြင်း၊ ရဟန်းကျောင်းသို့ မကြာမကြာအဖူးအမျှော် ရောက်ခြင်း ၄စ်ရက် လပြည့်လကွယ်တိုင်း ဥပုသ်သီတင်း စောင့်သုံးခြင်း၊ ဆရာမိဘစသောသူတို့၌ ပြုရမည့်ဝတ်ကို မပျက်အောင် ပြုခြင်း၊ စွမ်းနိုင်သောအခါ အလှူဒါန တို့ကို ပြုခြင်း၊ ခါ ခါ နေ့နှင့် ခန္ဓာတို့၏ အဖြစ်အပျက် တို့ကို ထင်မြင်အောင်ရှုခြင်း စသော အားဖြင့် ကုသိုလ် တရားတို့၌မမေ့ မလျော့အားထုတ်ခြင်းသည် (အပ္ပမာဒ) မည်၏။

**လောကီအပ္ပမာဒ**........ လောကီစီးပွားရေးဘက်၌ လည်း တရားသဖြင့် အစွမ်းကုန် ကြိုးပွားတိုးတက်အောင်

ခြားထုတ်ရန် မမေ့မလျော့မှုသည် (လောကီအပ္ပမာဒ) မည်၏။ ထိုတရားနှင့်လည်း ပြည့်စုံတို့ အလွန်အရေးကြီးလှ၏။

ဤကား (အပ္ပမာဒေါ စ ဓမ္မေသု) ဟူသော မင်္ဂလာတရားတော်၏ အဖွင့်ပါယ်တည်း။ ။

## (၂၂) ဂါရဝေါ စ။

(၂၂) သုံးပါး ရတနာ၊ ဆရာမိဘ၊ အစ်မ အစ်ကိုး ရှိသေထိုက်သမျှ၊ ရိုသေကာ၊ မှချမင်္ဂလာ။

**ဂါရဝဖြစ်ပုံ**........ ဤမင်္ဂလာ၌ ဘုရား ပစ္စေကဗုဒ္ဓါ ဘုရား တပည့်သား သံဃာ, ဆရာ ဥပဇ္ဈာယ်၊ အမိ အဘ, အစ်ကိုကြီး, အစ်မကြီးစသော ရိုသေသင့် ရိုသေထိုက် သော သူ တို့ ကို ရို သေ လေး မြတ် ခြင်း သည် "ဂါရဝ" မည်၏။

**ဟနည်းဂါရဝဖြစ်ပုံ**........ ဘုရား, တရား, သံဃာ, သိက္ခာ, သမာဓိ, အပ္ပမာဒ, ပဋိသန္ထာရ, ဟိရိ, ဩတ္တပ္ပ, အချင်းချင်းအားဖြင့် ဤ ဆယ် ပါး သော အ ရာ တို့ ၌ မရိုသေခြင်းသည် "အဂါရဝ" မည်၏။

**ဆောင်ပါ**........ ဗုဒ္ဓဓမ္မ၊ သံဃရတနာ၊ သိက္ခာ, သမာဓိ၊ ဟိရိ, ဩတ္တပ္ပ၊ အပ္ပမာဒသွင်း၊ အချင်းချင်းမှန်၊ ပဋိသန္ထာရ၊ ဆယ်ဌာနန၌၊ အဂါရဝခပင်း၊ ကင်းစေမင်း။ ။

**ဗုဒ္ဓဂါရဝ**........ ထိုတွင် (၁) မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသောအခါ ဘုရားရှင်ထံသို့ ဆည်းကပ်ခစားရန် မသွားခြင်း၊ မြတ်စွာဘုရားမြင်တော်မူလောက်သောနေရာ၌ ဘိနပ်စီးခြင်း၊ ရေချိုးခြင်း၊ ထီးဆောင်းခြင်း၊ ကျင်ကြီး ကျင်ငယ် စွန့်ခြင်းသည်၎င်း။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသော နောက်စေတီတော်ကို ရှိခိုးခြင်းငှါမသွား။ စေတီတော်ကို၎င်း၊ ဗောဓိပင်ကို၎င်း ရှိမခိုး။ စေတီ ယင်ပြင်တော်၌ ဘိနပ်စီးခြင်း၊ ထီးဆောင်းခြင်း စသည်တို့သည် ဘုရားကို မရိုသေခြင်း၊ ဗုဒ္ဓအဂါရဝ မည်၏။ ထိုကဲ့သို့သော အမှုတို့မှ ရှောင်ကြဉ်ခြင်းသည် ဘုရားကို ရိုသေခြင်း (ဗုဒ္ဓဂါရဝ) မည်၏။

**ဓမ္မဂါရဝ**........ (၂) တရားနာရန် ဘိတ်မံသော အခါ စွမ်းနိုင်ပါလျက် တရားနာရန်မသွား၊ တရားကို ရိုသေစွာမနာ၊ တရားဟောစဉ် စကားပြော၍နေခြင်း၊ အခြားကိုနှုတ်လုံးသွင်း၍နေခြင်း၊ ယပ်လှဲ့တရား ယပ်ထောင် ဟာရားကို မဟောခြင်း၊ စာပေ ကျမ်းဂန် မအံ မတက် မချမပို့ မကြည့်မရှု နေခြင်းသည် တရားတော်ကို မရိုသေခြင်း၊ ဓမ္မအဂါရဝ မည်၏။ ထိုအမှုတို့ကို မပြုဘဲ ရှောင်ကြဉ်ခြင်းသည် တရားတော်ကို ရိုသေခြင်း (ဓမ္မဂါရဝ) မည်၏။

**မှတ်ချက်**........ ဤအလိုအားဖြင့် လည်ကာ ပတ်ကာ နှင့် အချိန်ကာလတို့ကို ကုန်စေလျက် မိမိတို့

ဆောင်ရွက်သင့် အားထုတ်သင့်သော စာပေကျမ်းဂန်တို့ကို သင်အံချမှုခြင်း၊ ကြည့်ရှုခြင်းကို မပြု၊ လူမှုကိစ္စတို့၌သာ အားပါးတရ ရွက်ဆောင်ကြသော ရဟန်းတော် အချို့တို့နှင့် တကွ "မင်္ဂလာသုတ်" စသော မိမိတို့ဘာသာတရားကို သင်ခြင်း နာခြင်း အလျှင်းမရှိသော လူဒါယကာဒါယိကာမတို့မှာ ဓမ္မအဂါရဝအပြစ်မှ လွတ်ကြခဲယဉ်းချေ၏။

**သံဃဂါရဝ**........ (၃) သံဃာတော်မြတ်တို့ထံသို့ သည်းကပ်ရန်မသွား၊ သွားသောအခါလည်း ရိုသေစွာ ရှိခိုး၍မနေခြင်း၊ သံဃာတော်တို့အား ဖွင့်မပန်ကြားဘဲ မိမိထင်ရာ စကားတို့ကို အလိုရှိတိုင်း ပြောကြားခြင်း၊ သံဃာတော်တို့အား မလေးမစားပြုမူနေထိုင်ခြင်းစသည်တို့သည် သံဃာတော်တို့အား မရိုသေခြင်း သံဃာအဂါရဝမည်၏။ ထိုအမှုတို့ကို မပြုမလုပ်ဘဲ ရှောင်ကြဉ်ခြင်းသည် သံဃာတော်၌ရိုသေခြင်း(သံဃာဂါရဝ) မည်၏။

**မှတ်ချက်။** ။ဤအလိုအားဖြင့် အချို့သောသူတို့မှာ သံဃာတော်ဟူ၍မှ အမှတ်မပြုကြဘဲ မီးရထား၊မီးသင်္ဘောထဲမှာ သံဃာတော်က အောက်က၊ မိမိတို့ကကုလားထိုင်ပေါ်က နေထိုင်ကြခြင်း ခေါင်းရင်းက နေထိုင်ကြခြင်း၊ အသုံးကျယ်စွာ

စကား ပြောကြား၍ နေခြင်း၊ ကာမ ရာဂနှင့် စပ်သော စကားကို ပြောကြားနေ၍ နေခြင်း၊ ဆေးလိပ် ဆေးတံတို့ကို သောက်ရှု၍ နေခြင်း၊ လမ်းမှာ တွေ့သောအခါ ရှောင်ကွင်း၍ မသွားခြင်း၊ ကျောခိုင်း၍နေခြင်း စသည်တို့မှာ ဂါရဝ ဖြစ်နိုင်ကြမည် မဟုတ်ချေ။ ထို့ကြောင့် ရဟန်းတော်များနှင့် တွေ့သောကာလ ရိုသေလေးမြတ် ကြရအောင်အထူး သတိ ဆောင်ကြကုန်ရာ၏။

**သိက္ခာဂါရဝ** ...... (၄) ရဟန်းရှင်လူပါ မိမိတို့ဆိုင်ရာကျင့်အပ်သော သိက္ခာပုဒ်နှင့် ကျင့်ဝတ်တို့ကို မကျင့်မူ၍ ဖြစ်ချင်တိုင်းဖြစ်ပျက် နေခြင်းသည် သိက္ခာကိုမရိုသေခြင်း သိက္ခာအဂါရဝမည်၏။ ထိုအမှုတို့ကို မပြုမူ၍ မိမိတို့ အကျင့်သိက္ခာကို ကောင်းစွာ စောက်ရှောက်ခြင်းသည် သိက္ခာကို ရိုသေခြင်း 'သိက္ခာဂါရဝ' မည်၏။

**သမာဓိဂါရဝ**........ (၅) တေးဆိုခြင်း, ကခုန်ခြင်း, စသည်ဖြင့် ဆူညံဟန်မရသော အမှုအလုပ်တို့ကို ပြုလုပ်ခြင်းသည် သမာဓိ၌ မရိုသေခြင်း သမာဓိ အဂါရဝ မည်၏။ ထိုအမှုတို့ကို မပြုမကျင့်မူ၍ မင်္ဂလာ ရှိသော ဆင်တော်ကြီးအလား ဆူညံရရ သွားလာ နေထိုင်ခြင်းသည်သမာဓိ၌ ရိုသေခြင်း 'သမာဓိဂါရဝ' မည်၏။

**အပ္ပမာဒဂါရဝ**....... (၆) အပ္ပမာဒဒါန ဓမ္မသည် မင်္ဂလာ၌ ပြပြီးဖြစ်၍ ထင်ရှားပြီ။

**ပဋိသန္ထာရဂါရဝ**........ (၇) တရား အားဖြင့် ၎င်း၊ ပစ္စည်းအားဖြင့်၎င်း အကြားမရှိအောင် အစေ့အစပ် ပြုခြင်းသည် (ပဋိသန္ထာရဂါရဝ) မည်၏။ ရဟန်းတော်မြတ်တို့မှာ အမိအဘစသော ပေးသင့်သော သူတို့အား ဆွမ်းစသောအာမိသဖြင့် စွမ်းနိုင်သမျှ ပေးကမ်းထောက်ပံ့ခြင်းသည် (အာမိသပဋိသန္ထာရ) မည်၏။ မိမိထံမှောက်သို့ရောက်လာသောသူတို့နှင့် တကွမိမိကို အားကိုးအားထားပြုလုပ်၍ နေကြသောသူတို့အား တရားဓမ္မဟောပြောပြသခြင်းသည် (ဓမ္မပဋိသန္ထာရ) မည်၏။ ထိုနှစ်ပါးသော ပဋိသန္ထာရဖြင့် အကြားမရှိအောင် အစေ့အစပ် ပြုခြင်းသည် ပဋိသန္ထာရ၌ ရိုသေခြင်း (ပဋိသန္ထာရဂါရဝ) မည်၏။

**အကျဉ်းချုပ်ကား**....... ပစ္စည်းကို ပေးသော အားဖြင့်၎င်း၊ တရားဓမ္မ ဟောပြောပြသခြင်း အားဖြင့်၎င်း၊ မိမိနှင့်ဆက်ဆံသောသူတို့အား စိတ်ကြေနပ်အောင် ဆောင်ရွက်ရမည် ဟူ၏။

**ဟိရီ ဩတ္တပ္ပဂါရဝ**........ (၈-၉) မကောင်းမှုကိုပြုရမည့်မှရှက်ခြင်းသည် "ဟိရီ" မည်၏။ မကောင်းမှုကို ပြုရမည်မှ ကြောက်ခြင်းသည် "ဩတ္တပ္ပ" မည်၏။ ထိုတရားနှစ်ပါး၌ရိုသေခြင်းသည် ဟိရီ၌ရိုသေခြင်း(ဟိရီဂါရဝ),ဩတ္တပ္ပ၌ရိုသေခြင်း(ဩတ္တပ္ပဂါရဝ)မည်၏။

**လောကပါလတရား**........ ထိုတရားနှစ်ပါးတို့သည် လောကကို စည်းကမ်းရှိအောင် စောင့်သော (လောကပါလ)တရားတို့လည်း မည်ကုန်၏။

**အညမညဂါရဝ**........ (၁၀) ဤလောက၌ ဆရာနှင့်တပည့်၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မှုန်ဒါယကာ၊ မိတ်သဟာယ သီတင်းသုံးဖော်စသော သူတို့သည် မိမိတို့ အချင်းချင်း တယောက်ကိုတယောက်၊တဦးကိုတဦးက အရိုအသေ အလေးအမြတ်ပြုကြခြင်းသည် အချင်းချင်း ရိုသေခြင်း (အညမညဂါရဝ)မည်၏။

ဤလောက၌ သဏ္ဍဝါ ဟူသမျှတို့မှာ မိမိတို့ တဦးတယောက်ထည်း နေထိုင်ခြင်းငှါ စွမ်းနိုင်ကြသည်မဟုတ်။ အများနှင့် ဆက်ဆံ၍ လုပ်ကိုင်နေထိုင်ကြရကား အများစိတ်ချမ်းသာအောင်အစေ့အစပ်ပြု၍ ''အညမညဂါရဝ'' ဟူသော မင်္ဂလာတရားကို ဖြစ်ပွားစေခြင်းငှါ အထူးဂရုပြုကြကုန်ရာ၏။

ဤကား(ဂါရဝေါစ)ဟူသော မင်္ဂလာတရားတော်၏ အနက်ပွါယ်တည်း။ ။

## (၂၃) နိဝါတောစ။

(၂၃) ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးလား၊ ချိုကျိုးနွားသို့၊ မထွားမပ၊ စိတ်ကိုချ၊ ရချမင်္ဂလာ။

**နှိမ်ချပုံ**........ ဤမင်္ဂလာ၌ ခြေသုတ် ပုဆိုးကဲ့သို့ရင်း၊ အစွယ်ကျိုးသော မြွေကဲ့သို့ရင်း၊ ဦးချိုကျိုးပြီးသော နွားကဲ့သို့ရင်း၊ မာန် (မာန) ကို နှိမ်ချရမည်ဟူ၏။

**မာနကြောင့် ပျက်စီးရပုံ**........ ထိုမာနသည် ပျက်ပြားကြောင်း စင်စစ်ဖြစ်၏။ ထိုစကားမှန်၏။

(က) သာကီဝင် မင်းသား တို့သည် ကောသလမင်းကြီး၏ သား ဝိဋူဍဘ မင်းသားကို ကျွန်မသားဟု ထောင်လွှားမန်မူကြသည့်အတွက်တမျိုးလုံး တဆွေလုံး ပျက်စီးရ၏။

(ခ) ပထဝီ ဇယာမန္တနကို တတ်သဖြင့် ခြေသည်း၊ သစ်ကျားမှစ၍ ရှိရှိသမျှသော တောနေ သားအပေါင်းတို့၏ မင်းအဖြစ်ကို ရသော "သဗ္ဗဒါဌ" အမည်ရှိသော မြေခွေးသည် ဗာရာဏသီပြည့်ရှင် ဘုရင်မင်းကြီးအား စော်ကား မာန်မူမိသည့်အတွက် ပျက်စီးခြင်းသို့ ရောက်ရ၏။

(ဂ) ဒေဝဒတ် အလောင်း ဆင် ပြောင် ကြီး သည် နှံ့စုတ်ငှက်မယ် ကလေးအား မထေလေးစား ထောင်လွှားမာန်မူမိသည့်အတွက် အသက် သေခြင်းသို့ ရောက်ရ၏။

(ဃ) ဆင်ချေးပိုး တကောင်သည် ဆင်ပြောင်ကြီးကို မာန်မူမိသည့်အတွက် ဆင်ပြောင်ကြီး၏ ခြေဖဝါး အောက်မှာ အသက် ပျောက်ခြင်း သို့ ရောက်ရှာရ၏။

ဤသို့ အားဖြင့် ထောင်လွှားမာန်မူ၍ ပျက်စီးရသော ဝဋ္ဋတို့မှာ လွန်စွာများလှကုန်၏။

ဤကား (နိဝါတော စ) ဟူသော မင်္ဂလာတရားတော်၏ အဓိပ္ပါယ်တည်း။ ။

## (၂၄) သန္တုဋ္ဌီစ။

(၂၄) ရရသမျှ၊ ရောင့်ရဲကာ၊ မင်္ဂလာ။

**သန္တောသဖြစ်ပုံ**........ ဤ မင်္ဂလာ၌ "သန္တုဋ္ဌိ" ဟူသော စကားသည် "သန္တောသ" ရရသမျှဖြင့် ရောင့်ရဲ တင်းတိမ်ခြင်း ဟူသော စကားနှင့် အဓိပ္ပါယ် တူ၏။

**ထိုသန္တောသသည်**........(၁) ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ရရသမျှသော ပစ္စည်းတို့ဖြင့် ရောင့်ရဲခြင်း (ယထာလာဘ သန္တောသ)

(၂) မိမိရသောပစ္စည်းတို့မှာ မိမိ၏ အနာရောဂါနှင့် မသင့်မလျော်ပတ်သည့်အတွက် မိမိအနာရောဂါနှင့် သင့်တော်လျော်ပတ်သော သီတင်းသုံးဖော်တို့၏ ပစ္စည်းနှင့် လဲလှယ်၍ သုံးဆောင်ခြင်း (ယထာဗလ သန္တောသ)

(၃) မိမိရသော ပစ္စည်းတို့မှ ကောင်းနိုးရာရာ ဟူသမျှတို့ကို သံဃာတော်တို့အား လှူ၍ မိမိမူကား မကောင်းသော ပစ္စည်းတို့ကိုသာ မှီဝဲ သုံးဆောင်ခြင်း (ယထာသာရုပ္ပသန္တောသ) ဟူ၍ရင်း

**တနည်းကား**........(၁)လူတို့မှာလည်း မရရကြောင်း အပေတ်တကုတ် အားထုတ်၍ မရှာကြံဘဲ မိမိစည်းစိမ်နှင့် လျော်အောင် သုံးဆောင်ဝတ်စားခြင်း (ယထာလာဘ သန္တောသ)

(၂) မိမိ၏ အနာရောဂါတို့နှင့် မသင့်မလျော်သော အဝတ်အစားတို့ကိုပယ်ရှား၍ သင့်လျော်သော အဝတ် အစားတို့ကိုသာ စားသောက်ဝတ်ရုံသုံးစွဲခြင်း (ယထာ ဗလသန္တောသ)

(၃) မိမိ၏ကောင်းနိုးရာရာပစ္စည်းများကို အမိအဘ ရဟန်းသံဃာတို့အားလှူဒါန်း၍ မိမိမှာမူကား လူကဲ့ရဲ့ လွတ်ရုံသာ စားသောက်သုံးစွဲခြင်း (ယထာ သာရုပ္ပ သန္တောသ) ဟူ၍ဝင်း ၃ မျိုး ၃ စား ကဲ့ပြား၏။

**ထိုသန္တောသသည်** (ပါပိစ္ဆာ) ယုတ်မာသော အလို (မဟိစ္ဆာ) ကြီးသောအလို (အတြိစ္ဆာ) အလွန် ကြီးသောအလိုတို့၏ဆန့်ကျင်ဘက်ဖြစ်ရကား ထိုတရား တို့နှင့် ဝဲ့ဘက်၍ပြဦးအံ့........

(၁) ပါပိစ္ဆာ........မိမိ၌ သဒ္ဓါသီလ အကြားအမြင် ပညာဗဟုသုတမရှိဘဲလျက် သဒ္ဓါသီလ အကြားအမြင် ပညာဗဟုသုတရှိသည်ဟု ထင်လေအောင် ဟန်ဆောင် လိုခြင်းသည် (ပါပိစ္ဆာ) မည်၏။

(၂) မဟိစ္ဆာ........ မိမိ၌ အနည်းငယ်မျှသာရှိသော သီလ သမာဓိ အကြားအမြင် ပညာဗဟုသုတ ရှိတင်

ဂုဏ် စသည်တို့ကို ရှိသည်ထက် ပိုမိုများစွာ ရှိသည်ဟု ထင်လေအောင် ဟန်ဆောင် လိုခြင်းသည် 'မဟိစ္ဆာ' မည်၏။

(၃) အတြိစ္ဆာ........မိမိရသော ဝတ္ထုကို အကောင်း မထင်၊ သူတပါးရသော ဝတ္ထုကိုမှ အကောင်းထင် တတ်သော သဘောသည် "အတြိစ္ဆာ" မည်၏။

ထို "သန္တုဋ္ဌိ" ဟူသော မင်္ဂလာနှင့် ကင်းပ၍ ရရ သမျှနှင့် ရောင့်ရဲခြင်းမရှိသော ရဟန်း ရှင်လူ တို့မှာ အမွေးအမြူခက်ရကား မည်သူကမှ သနား ချစ်ခင်ခြင်း မရှိ၊ မွေးသည့် မိခင်ကပင် သနားကြင်နာခြင်း မရှိနိုင် ဖြစ်၏။ အလိုနည်းပါး၍ 'သန္တုဋ္ဌိ' တရားနှင့်ပြည့်စုံသော သူတို့မှာ ဘယ်အခါမှ လျော့သည်မရှိဘဲ အမြဲ ပြည့်လျှက် သာနေသော စမ်းတွင်းပမာ၊ ဘယ်အရာကို ငါလိုချင်လှ သည်ဟူ၍မရှိ။ အမြဲပြည့်လျှက်သာနေ၏။ အမွေးအမြူ လွန်စွာလွယ်ရကား ရဟန်းရှင်လူ ခပ်သိမ်းသူတို့ကလည်း ကြည်ဖြူနှစ်သက်ကြ၏။ မိမိတို့မှာလည်း ဘယ်အခါမှ ဆင်းရဲ ငြိုငြင်ရသည် ဟူ၍ မရှိ။ အမြဲ ပြည့်ဝလျှက် လွန်မင်းစွာ ချမ်းသာ သုခကို ရကြကုန်၏။ ။သန္တုဋ္ဌိ ပရမံ ဓနံ။ (ဓမ္မပဒ ပါဠိတော်)

သန္တုဋ္ဌိစ၊ ရရသမျှ ရောင့်ရဲခြင်းသည်။ ပရမံ၊ မြတ် သော၊ ဓနံ၊ ရွှေအိုးကြီးမည်၏။

ဤကား **(သန္တုဋ္ဌိစ) ဟူသော မင်္ဂလာ တရား တော်၏** အဓိပ္ပါယ်တည်း။ ။

# (၂၅) ကတညုတာ။

(၂၅) ပေးဘူး, ကျွေးဘူး, သူ့ကျေးဇူး, အထူးသိက, မင်္ဂလာ။

**ဤမင်္ဂလာ၌**........ ဆရာ မိဘတို့သည် ကျေးဇူးကို ပြုတတ်သော သူတို့ မည်ကုန်၏။ ထိုဆရာ မိဘတို့၏ ကျေးဇူးကို သိသော တပည့် သားသမီး တို့သည် (ကတညုတာ) မင်္ဂလာနှင့် ပြည့်စုံသောသူတို့မည်ကုန်၏။ ထိုမင်္ဂလာနှင့်ပြည့်စုံသော ဆရာမိဘတို့၏ အသိအလိမ္မာ ဉာဏ်ပညာနှင့်တကွ ပစ္စည်းဥစ္စာ အမွေအနှစ် တို့ကိုပါ ရ၍ ပစ္စုပ္ပန် တမလွန်, နှစ်ဘဝလုံးမှာပင် ချမ်းသာသုခကို ရကြကုန်၏။ ဤမင်္ဂလာနှင့်မပြည့်စုံသောသူတို့မှာ လူခြင်း မတူ သူခြင်းမမျှ, အလွန်ဆင်းရဲသော အဖြစ်သို့ရောက် ကြရကုန်၏။ အကယ်၍ ချမ်းသာသုခကို ရကြပါငြား သော်လည်း အသီးအပွင့်နှင့် ပြည့်စုံသော သစ်ပင်ကြီး အောက်သို့ ခေတ္တခဏမျှတည်းခိုရန် ရောက်လာကြသော သူတို့နှင့် တူကြ၍ မကြာမီ ပျက်စီးခြင်းသို့ရောက်ရ၏။ အကယ်၍ ပျက်စီးခြင်းသို့ မရောက်ရဟု ဆိုစေကာမူ ဘယ်အခါမှ စိတ်နှစ်လုံး ချမ်းသာခွင့်ကို ရသည်ဟူ၍ မရှိဘဲ အမြဲစိတ်ဆင်းရဲ၍နေရ၏။

**ကျေးဇူးကို ချေဖျက်သူ**........ ဤ လောက၌ အချို့ သောသူတို့မှာ ကျေးဇူးကို ချေဖျက်ရုံမျှမက ဆရာကိုပင် တော်လှန်တတ်ကြကုန်၏။

ထိုစကားကို ထင်ရှားစေရန် ပုံစံ ပြဦးအံ့။ ။ လွန်လေပြီးသောအခါ ဒေဝဒတ်အလောင်းပုဏ္ဏားသည် ငါဘုရားရှင်အလောင်းတော် (ဂုတ္တိလ) စောင်းသမား၏ အထံတွင် စောင်းအတတ်ကို အကုန် အစင်တတ်မြောက်အောင် သင်ကြား၍ မင်းကြီးအား ခစားရာ ဆုလာဘ်များစွာ ချပေးသော်လည်း အားမရသဖြင့် (ဂုတ္တိလ) ဆရာနှင့် ညီမျှသော ရိက္ခာကို တောင်းရာ သင်ဆရာကဲ့သို့ တတ်မည် မဟုတ်ဟု ငြင်းပယ်သောအခါ ဆရာနှင့် အတတ်ခြင်း ယှဉ်ပြိုင် လိုပါသည်ဟု ဆိုက, ကောင်းပြီ မည်သည့် နေ့ရက်သို့ ရောက်သောအခါ ဆရာနှင့် ပြိုင်ရမည်ဟု အမိန့် သတ်မှတ်ခြင်းကို ပြုလိုက်သောအခါ ဆရာ (ဂုတ္တိလ) က ငါ့မှာအရှက်ကွဲတော့မည့်စကားဟု တောသို့ သွားပြီးလျှင် သစ်ပင်ရင်းတွင် ကြံမှိုင်ကာနေမှ သိကြားကယ်မသဖြင့် အချိန်ကျ၍ ပြိုင်သောကာလ ဆရာကို နိုင်မည်ဝေးစွ၊ စောင်းသံမှ မထွက်သည့်အတွက် အရှက်ကြီးကွဲလျက် ပျက်စီးခြင်းသို့ရောက်ရ၏။ ဤဝတ္ထုဖြင့် ကျေးဇူးရှင်ကို တော်လှန်သည့်အတွက် ပျက်စီးပုံကိုပြဆို၏။

ဤအတူ အချို့သော သားသမီးတို့သည် မိမိတို့အား အမွေအနှစ်ကို အကုန်ခွဲအပ်လိုက်လျှင် မိဘကိုပင် အိမ်ပေါ်မှ နှင်ချတတ်ကုန်၏။ အချို့သောသားသမီးတို့က ဆဲဆို မောင်းခဲ တတ်ကြကုန်၏။ အချို့သော သားသမီးတို့က ကျေးကျွန်ပမာ လွန်စွာ ခိုင်းစေ တတ်ကြကုန်၏။

ထိုကဲ့သို့ သဘောရှိသော သားသမီးမိုက်, တပည့်မိုက်တို့ ၏ ဖြစ်ခြင်းထက် မရှိခြင်းကပင် မြတ်သေး၏။

**ကျေးဇူးသိတတ်သူ-ဝတ္ထု။** ။လွန်လေပြီးသော အခါ ငါတို့ ဘုရားရှင် အလောင်းတော်သည် လှည်း ကုန်သည် ငါးရာနှင့် ကုန် ရောင်း သွား ရာ မျက်စိလယ် လမ်းမှားသဖြင့် ရေမရှိသော ကန္တာရတွင် နဂါးသိမ်း ဆည်း၍ထားသော ညောင်ပင်တခုသို့ ရောက်သွား၏။ ထိုအခါကာလ အရှေ့ဘက် ညောင်ကိုင်းကိုခုတ်ကြရာ, များစွာသော ရေအယဉ်တို့သည် တသွင်သွင် စီးကျ သဖြင့် အလိုရှိတိုင်းသောက်ချိုးကြရကုန်၏။ ထို့နောက် တဖန် တောင်ကိုင်းကို ခုတ်ပြန်ရာ အစား အစာတို့ကို ရကြသဖြင့် အလိုရှိတိုင်း စားသောက်သုံးစွဲကြရကုန်၏။ ထိုနောက်တဖန် အနောက်ကိုင်းကို ခုတ်ကြပြန်ရာ သွီး ကညာတို့ ထွက်လာကြသဖြင့် တဦး တဦးလျှင် (၂၅) ယောက်မျှသော သတို့သမီးတို့နှင့် ပျော်မြူး ကြရကုန်၏။ ထိုနောက်တဖန် မြောက်ကိုင်းကို ခုတ်ကြပြန်ရာ လှည်း အစီး ငါးရာမျှတင်ဆောင်ယူနိုင်လောက်သော ရတနာ တို့သည် ထွက်ပေါ်၍ လာကြကုန်၏။

ထိုနောက်တဖန် အရင်းက ဖြတ်မည် ကြံကြသော အခါ ငါတို့ဘုရားရှင် အလောင်းတော် လှည်းမှူးက ရှိခိုး ဦးချလျက် ပဌမအကိုင်းကရေ၊ ဒုတိယအကိုင်းက အစား အစာ၊ တတိယအကိုင်းက သွီးကညာ၊ စတုတ္ထ အကိုင်းက ရတနာတို့ကိုပေးလေပြီ။ ဤမျှနှင့် တော်ကြပါ၊ အကြင်

သစ်ပင်ရှိမှုနိုင်လျှင် ထိုသစ်ပင်၏ အတော်ကိုပင် ချိုးဖျက်သော်ပါလျှင် ဟောင်းပန်း ပါသော်လည်း မရ၍ အရင်းက ဖြစ်ကြသော အခါ နဂါးလုလင် ထွက်လာ၍ ငါတို့ဘုရားနှင့် အလောင်းတော် လှည်းမှုးကိုသာချန်၍ ကျန်သော လှည်းဘုန်းသည်တို့ကို သတ်ဖြတ်ပြီးခါ ငါတို့ဘုရား အလောင်းတော်ကိုသော ရတနာဖြင့် ပြည့်သော လှည်းအပြီး ငါးရာနှင့်တကွ ဗာရာဏသီသို့ ကျအောင် ပို့ဆောင်ကုန်၏။ ဤဝတ္ထုဖြင့် 'သန္တုဋ္ဌီ,' ဟူသော မင်္ဂလာနှင့် မပြည့်စုံသော လှည်းသား ငါးရာတို့ ပျက်စီးကြ၍ 'သန္တုဋ္ဌီ,' မင်္ဂလာနှင့်ပြည့်စုံသော ဘုရားနှင့်အလောင်းတော် လှည်းမှုးမှာ ချမ်းသာရခြင်းကိုလည်း ပြဆိုပေ၏။

**သစ္စဝါတိုမည်သည်မှာ** ..ကျွန်းကိုကိုင်းမှီ, ကိုင်းကံ ကျွန်းမှီဟူသော ရှေးသူဟောင်းတို့ စကားပုံအတိုင်း တဦး၏ကျေးဇူးကို တဦးကသိနှင့်၍ ပေါင်းသင်း ဆက်ဆံကြမှသာ အရာရာမှာ ပြီးမြောက်မြဲ မှုတာဖြစ်၏။ ထိုကဲ့သို့သဘောထားမှု၌ သူတပါး၏ ကျေးဇူးကိုသော မိမိကသိ၍ သူတပါးကမူကား မိမိကပြုနိုင် ကျေးဇူး ဆပ်သည်သော်ဆန္ဒ ပေါ်လျှင် ပင်ပင်ပြု ကျေးဇူးပြုသောသူလည်း တ ပွည့်စွာ ထပ်၍ ကျေးဇူးပြုရန် စိတ်သင်ဖြင့် 'ကတညုတာ,' မင်္ဂလာတရား ပျက်ဖျက်၍ ပျက်စီးခြင်းသို့ရောက်ကြရန်ရာ၏။

ယခုအခါ ဤမင်္ဂလာ တရားတော်၏ အဓိပ္ပါယ်ကို သိကြသော အသင်းသူအသင်းသားတို့နှင့်တကွ ပညာရှိ

ဟူသမျှတို့က မိမိတို့ အမျိုးသား အချင်းချင်း တဦး တဦးကျေးဇူးကို တဦးကသိတို့ရာ တိုက်တွန်းနှိုးဆော်ကြသည်မှာ ဤမင်္ဂလာနှင့် လွန်စွာညီညွတ်ပေစွ။ ထို့ကြောင့် ထိုမင်္ဂလာတရား ကြီးပွားသည်ထက် ကြီးပွားလေအောင် အထူးလိုက်နာကြတို့ရာကောင်း၏။

ဤကား (ကတညုတာ) ဟူသော မင်္ဂလာတရားတော်၏ အဓိပ္ပါယ်တည်း။

## (၂၆) ကာလေန ဓမ္မဿဝနံ။

(၂၆) အခါသင့်လျော်၊ သူတော်တရား၊ ကြားနာပြား၊ မှတ်သားမင်္ဂလာ။

**တရားနာမှု** ...... မိမိသန္တာန်၌ " ကာမဝိတက် " စသော အကုသိုလ်တရား နှိပ်စက်သော အခါ၌ဖြစ်စေ၊ ဆွေမျိုး ပျက်စီးခြင်း စသော တစုံတခုသော ဘေးဒုက္ခတို့နှင့်တွေ့ကြုံရ၍ ဖိုပါသောက စိတ်ပူပန် ရသော အခါ၌ဖြစ်စေ။ တရားတော်ကို နာကြားခြင်းသည် (ကာလေနဓမ္မဿဝနံ) မည်၏။

ဗုဒ္ဓဘာသာဆိုင်ရာ ဤသာသနာတော်ကြီးသည် အနှစ်နှစ်ထောင်ကျော်မှ ယခုကာလတိုင်အောင် မပျက်မစီး တည်တန့်၍နေခြင်းသည် တရားတော်ကို နာရခြင်းကြောင့်သာ ဖြစ်ပေ၏။ အချုပ်အားဖြင့် ဆိုမူ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ဘုရားနှစ်ဆူကိုထား၍ ရှင်သာရိ

ပုဖြာကဲ့သို့ ပညာကြီးမားသောသူပင် ဖြစ်လင့်ကစား တရားတော်ကို မနာကြားရဘဲ အလိုအလျောက် ထွင်း ဖေါက်၍ သိစွမ်းနိုင်သောသူဟူ၍ တစုံတယောက် မျှ မရှိကြချေ။

**တရားမနာပြစ်** ........ ယခုခေတ် ကာလ၌ မြန်မာ စာသင်ကျောင်း၊ အင်္ဂလိပ် စာသင်ကျောင်း တို့မှာသော အနေရများ၍ မှင်ပြုံသောအခါ ၇ ရက်မှသာ ဘုန်းကြီး ကျောင်းမှာ နေရသူများကြ၍ မိမိတို့၏ နက်နဲသိမ်မွေ့ သောဘာသာ တရားတော်ကြီးကို အကြားရ၊ အနာရ နည်းပါးကြသဖြင့် အချို့ကလည်း ခရစ်ယာန် ဖြစ်ကြ၊ အချို့ကလည်း ခရစ်ယာန် ယောင်ယောင်၊ ဗုဒ္ဓဘာသာ ယောင်ယောင် ဖြစ်ကြရကား၊ အတိုးထိုက်တန်လှသော ဘာသာတရားတော်ကြီး တနေ့ထက် တနေ့ ပျက်စီး၍ လာချေပြီ၊ ထိုဘာသာ တရားတော်ကြီးကို မနာမကြား ကြရသဖြင့် ရာဇဝတ်မှုများလည်း တနေ့တခြား တိုးပွား၍ လာချေပြီ။

ဤကား 'ကာလေနဓမ္မဿဝနံ' ဟူသော မင်္ဂလာ တရားတော်၏ အဓိပ္ပါယ်တည်း။ ။

## (၂၇) ခန္တီစ။

'၂၇' ကိုးကုတ်နှစ်တန်၊ ကျိုးများရန်ပ၊ သည်းခံက မချမင်္ဂလာ။

**သည်းခံပုံ။** ။ ဤမင်္ဂလာ၌ သည်းခံခြင်း သည် အချမ်းအပူ ဆာလောင်မွတ်သိပ်ခြင်း၊ မှက်, ခြင်, ယင်, လေ,နေပူ,မြွေ,ပျား,ကင်း,သန်း,တို့၏ ကိုက်ခဲခြင်းအတွေ့ မကောင်းသဖြင့် ပြုကျင့်ပြောဆို ကြံစည်အပ်သောအရာ၊ ကိုယ်သန္တာန်၌ ဖြစ်ပေါ်လာသော ဒုက္ခ ဝေဒနာတို့ကို သည်းခံခြင်းအားဖြင့် များသတည်း၊ ။

**သည်းမခံပြစ်။** ။ အချမ်းအပူအစာအသောက် စသည်တို့ကို မခံနိုင်ပါက ချမ်းမှုပူမှု ကြိုက်သည့်အစာကို မရမှုစသည်တို့ကို အကြောင်းပြုကာ ရဟန်းလည်း ရဟန်းဆိုင်ရာ၊ လူလည်းလူဆိုင်ရာ၊ တာဝန်ဝတ္တရားများကို မဆောက်ရွက်ပဲ နေသည့်အတွက်၊ ရသင့်ရထိုက်သော အကျိုးတရားတို့မှ အပဖြစ်ကာ နိဗ္ဗာန်ချမ်းသာ ကြီးမှပင်ဆုံးရှုံးရခြင်း ရရာရကြောင်း၊ ပြည့်စုံရာ ပြည့်စုံကြောင်းအတွက် တရားသော, မတရားသော မစိစစ်နိုင်တော့ပဲ အားထုတ် ရှာမှီးကြရသောကြောင့် ပဌုပြန် မှာလည်းအကဲ့ရဲ့ခံရ၊ ကိုယ်စိတ်ပင်ပန်းရ၊ တမလွန် မှာလည်း အပါယ်စသော ဆင်းရဲဒုက္ခနှင့် တွေ့ရတတ် သည်ဖြစ်ရာ သည်းမခံနိုင်မှုမှာ လွန်စွာ အပြစ်များလှ တော့၏။

**မနိုင်လို့သည်းခံပုံ။** ။ မိမိထက် အစွမ်းသတ္တိ ခွန်အားဗလ ကြီးသောသူကို သည်းခံရာ၌ အချို့သော သူတို့က (ခန္တိစ မနိုင်၍ သည်းခံခြင်းသည်ရင်း) ဟူ၍ အကျိုးမရှိသလို ဆိုတတ်ကုန်၏။ ထိုစကားမှား၏။ နိုင်၍

သည့်မခံခြင်းက တမလွန်ဘဝကျမှ အကျိုးယုတ်သို့ရှိ၏။ နိုင်ဘဲလျက်သည်းမခံလျှော်ချက်ခြင်းပင် အကျိုးယုတ်၏။ သည်းခံလျှော် ချက်ခြင်းပင် အကျိုးရှိ၏။ ဤသို့ဆင်ခြင်ခြင်း မပြုပဲ အနိမ့်တုသင့်သောသူကို အနိမ့်တုလျှော် ချက်ခြင်းပင် ဒုက္ခရောက်၏။ ထိုသို့ သည်းမခံသည့်အတွက် ငါတို့ မြန်မာပြည်ကြီးလည်း သိမ်းနန်းပျောက်ရ၏။ အဘိဓါနီယာ ပြည်ကြီးလည်း သိမ်းနန်းပျောက်ရ၏။

**နိုင်လျက်သည်းခံပုံ။** ။မိမိအားနှိပ်စက်ညှင်းပန်းသော အလယ်ကို မိမိနှာခေါင်းလေဖြင့် မှုတ်လိုက်ပါက တခဏခြင်း ဖွဲ့ပြာ ကျစေနိုင်သော အစွမ်းသတ္တိရှိသော်လည်း သည်းခံတော်မူကြသော ဘူရိဒတ္တ နဂါးမင်း။ စမ္ပေယျနဂါးမင်းတို့ကဲ့သို့ မိမိအောက် အစွမ်းသတ္တိ ငယ်ကုန်သော သူတို့အားလည်း နိုင်ထက်စီးနင်း မပြု၊ အခိမျှသည်သားငယ်အမိကို မရိုက်ဘဲသည်းခံသည့်ပမာ ကရုဏာမေတ္တာရှေ့ထား၍ ကြိုးစားသည်းခံရာ၏။

**ဆောင်ပါ**...... ဝပ္ပမာစ နုစ ထဒ္ဒေါ၊ ဒဏ္ဍာဘော နုစ နန္ဒဝေါ။ တေဒသိ နုစ နက္ခန္တော၊ ကတ္တာစ နုစ ပိမ္ပိတော။

**ကိုယ် လုံး ထွား လည်း မပွား ဒေါသ၊ လိမ္မာ သော်ငြား၊ လွန်ရိုးသား၏၊ တံခိုးရှိလျက် သည်းခံ ဖက်၏။ လုပ်တတ်ငြားလည်း အကြွားမဖက်။** ။

မိမိနှင့် အစွမ်းသတ္တိ ခွန်အားဗလ တူမျှသော သူကိုလည်း ညာ့ရှေ့သွား မေတ္တာအားဖြင့် ကြိုးစား သည်းခံရာ၏။

**သည်းခံနည်း........** ဤအရာ၌ စိတ်မဆိုး အမျက်မထွက်မူ၍ ဟုတ်သလောက် မှန်သလောက် ပွင့်ပွင့်လင်းလင်း အကျိုးအကြောင်းကို ပြသပြောဆိုခြင်း၊ ဤကဲ့သို့အမှုကို နောင်တပန်မပြုကျင့်ရန် ဆုံးမခြင်းကို သည်းမခံဟု မဆိုရချေ။ ထို့ကြောင့် မိမိအကျိုးအဆွေအမျိုးတို့၏ အကျိုး မနစ်နာရအောင် အကျိုးအကြောင်းကို ဖြေလျှော့နှင့် ပြသပြောဆိုကြဘုန်ရာ၏။ ထိုသို့မပြောမူ၍ ဆိတ်ငြိမ်နေသောသူတို့ကို သည်းခံသည်ဟူ၍ မဆိုရသည့်ပြင် ညာတကာနှင့်သင့်ဟောဟူသော မင်္ဂလာပင် ပုက်ကွက်သည်ဟု ဆိုရ၏။ **ဤကား (ခန္တိစ) ဟူသော မင်္ဂလာတရားတော်၏** အခြင်္ဂါယ်တည်း။ ။

## (၂၇) သောဝစဿတာ။

(၂၇) ဆုံးမစကားနားလွယ်ခြင်းမှတ်သားမင်္ဂလာ။

**ဆိုလွယ်ပုံ......** ဤ၌ မိဘ၊ ဆရာ သမား သိတင်းသုံးဖော် အဆွေခင်ပွန်းစသော သူတို့ အကျိုးစီးပွားကိုလိုလား၍ ပြောကြား ဆုမှုလာသော အခါ သို့လော သို့လော တွေးတောပြန်လှန် ဆင်ခြေမကာန်, ဆင်ခြေ

မထင်ကပ်မှု၍ နှစ်သက်ရှိသေစွာ လိုက်နာအပ်၏။ ။ဆုံးမအပ်သော အရာမှာ ဩဝါဒနှင့် အနုအားဖြင့် ဆုံးမခြင်း၊ အကြမ်းအားဖြင့် ဆုံးမခြင်း၊ အနုအကြမ်းနှစ်ပါးလုံးဖြင့် ဆုံးမခြင်းဟူ၍ သုံးပါးရှိ၏။ ထိုသုံးပါးလုံးဖြင့် ဆုံးမအပ်သောအရာကို မြတ်နိုးတမ်ကြည်ဖြူရှိသေစွာ လိုက်နာအပ်၏။

**ဆုံးမနည်း**........ (၁) မသင့်မလျော် မလျောက်ပတ်သော အခါ၌ မဆုံးမမူ၍ သင့်လျော် လျောက်ပတ်သော အခါ၌ ဆုံးမခြင်း။

(၂) မဟုတ်မမှန်သော စကားကို ပယ်ရှား၍ ဟုတ်မှန်သော စကားဖြင့် ဆုံးမခြင်း။

(၃) ကြမ်းထမ်း ခက်ထန် နားမခံနိုင်ဘွယ်သော စကားကို ပယ်ရှား၍ သိမ်မွေ့ နူးညံ့သော စကားဖြင့် ဆုံးမခြင်း။

(၄) အကျိုးမရှိသော စကားကို ပယ်ရှား၍ အကျိုးရှိသော စကားဖြင့် ဆုံးမခြင်း။

(၅) အမျက်ဒေါသမပါစေမူ၍ မေတ္တာဖြင့် ဆုံးမခြင်း။ဤအင်္ဂါငါးပါးနှင့်ပြည့်စုံစေ၍ဆုံးမရာ၏။ ဤကဲ့သို့ ဆုံးမ၍မှ မရသော သူအား မဆုံးမဘဲ ပယ်ရှားလိုက်ရာ၏။

**ဆောင်ပါ........ သင့်လျော်သည့်ခါ၊ ဟုတ်မှန်ရာကို၊**
**ချိုသာနှုတ်ထွက်၊ ကျိုးသက်စေငြား၊**
**မေတ္တာထားလျက်၊ ငါးပါးအင်္ဂါ၊ စုံညီညာ၊**
**သြဝါဒ်ဆုံးမပေး။ ။**

ဤကား (သောဝစဿတာ) ဟူသော မင်္ဂလာတရားတော်၏ အဓိပ္ပါယ်တည်း။

## (၂၉) သမဏာနဉ္စ ဒဿနံ။

(၂၉) ရဟန်းသံဃာ မကြာခဏ ဖူးမြင်က မင်္ဂလာ။

ဤ၌ ကိလေသာမီး ငြိမ်းပြီးငြိမ်းဆဲ ငြိမ်းလတ္တံ့သော ရဟန်းတော်တို့အား ဖူးမြင်ခြင်း၊ တရားတော်ကိုနာခြင်း၊ ခစားဆည်းကပ်ခြင်း၊ အောက်မေ့ခြင်း အတုပြုခြင်းတို့မှာ လွန်စွာ ကျေးဇူးများလှရကား သီလနှံ့သော ရဟန်းတော်တို့ကို ဖူးမျှော်ရသောကာလ ဆွမ်းစသော သုံးဘွယ်ဝတ္ထုတို့ကို စွမ်းနိုင်သမျှ လှူဒါန်းရာ၏။ သို့မစွမ်းနိုင်ငြားက ငါးပါးသော တည်ခြင်းကိုပြုပြီးကား ရှိခိုးလိုက်ရာ၏၊ သို့မှ ပြုလုပ်ခြင်းငှါ မစွမ်းနိုင်ပါက လက်အုပ်ချီမကာ အသာညွတ်ကိုင်း၍နေရာ၏။ သို့ပြုရန်ပင် အခွင့်မသင့်က ကြည်လင်လှစွာသော မျက်စိဖြင့် ကြည့်ရှုလိုက်ရာ၏။ ထိုသို့ ကြည့်ရှုရသော ကုသိုလ်ကြောင့် ဘဝအထောင်တို့ ကာလပတ်လုံး မျက်စိနာခြင်း, မျက်စိသီ

ခြင်း, မျက်စိရွှေခြင်းစသော မျက်စိနှင့်စပ်သော ရောဂါ ဥပဒ်ကင်း၍ အသရေနှင့် ပြည့်စုံသော မျက်စိကိုရခြင်း။ ရတနာမိမာန်၌ ဖွင့်အပ်သော ပဥ္စမြားလေသာ ပြတင်း အသွင် ကြည်လင်သော မျက်စိကို ရနိုင်ခြင်း၊ ကမ္ဘာ တသိန်းမျှသောကာလပတ်လုံး လူစည်းစိမ်, နတ်စည်းစိမ် ကို ရနိုင်ခြင်းစသော အကျိုး အာနိသံသတို့ကို ရနိုင်၏။ ဤ၌ ရဟန်းတော်များနှင့် လူဒါယကာ, ဒါယိကာမတို့ အချင်းချင်း အပြန်အလှန် ကျင့်ကြံရပုံကို အတိုချုပ် ပြဆိုပါဦးမည်။ ။

**ဒကာဝတ်။** ။ရဟန်းတော်များနှင့် တွေ့ဆုံမိသည့် အခါ ခရီးဦးကြိုဆိုခြင်း၊ နေရာပေးခြင်းစသော ' မေတ္တာ ကာယကံ, အမှု၊ ကျန်းမာတော်မူပါ၏လော စသည်ဖြင့် ဦးစွာ လျှောက်ထားခြင်းစသော ' မေတ္တာဝစီကံ , အမှု ချမ်းသာ စေလိုစိတ် ဟူသော ' မေတ္တာ မနောကံ , အမှု တို့ကို ဖြစ်စေခြင်း၊ အလိုရှိရာ တောင်းခံတော် မူပါဟု ဘိတ်ခြင်း၊ စွမ်းနိုင်သမျှ ဒါန်းခြင်းတို့ကို ပြုလုပ် ရမည်။

**ရဟန်းဝတ်။** ။ဒကာ ဒကာမတို့အား မကောင်းမှု မပြုရန် တရားဖွေ ဟောပြ တား မြစ် ခြင်း၊ ဒါန သီလ စသော ကောင်းမှုတို့ကိုပြုရန် တိုက်တွန်းခြင်း၊ ဘေးရန် ကင်းကြပါစေ စသည်ဖြင့် အကျိုးစီးပွား လိုလားသော စိတ်ကိုဖြစ်စေခြင်း၊ မကြား ဘူး သေး သော တရားကို ဟောပြခြင်း၊ ကြားဘူးပြီးသောတရားကို ထပ်မံ ရှင်းပြ

ခြင်း၊ နတ်ရွာ ရောက်ကြောင်း နည်းလမ်း ကောင်းကို ညွှန်ပြခြင်းအားဖြင့် ရဟန်းတော်များက ဒကာ,ဒကာမ များကို ချီးမြှောက်ရမည်။ ။

**သဒ္ဓါဖျက်ရဟန်း။** ။အချို့သော ရဟန်းတော် တို့က ဒကာ, ဒကာမတို့အား သနားတော်မူလှ၍ ဗေဒင် ဟောခြင်း၊ ဆေးကုခြင်း၊ သစ်သီးပေးခြင်း၊ ပန်းပေး ခြင်း၊ လူတို့အစေအပါးခံခြင်း၊ လူတို့၏အမှု ကြီးငယ်ကို ကိုယ်တိုင်ရွက်ဆောင်ခြင်း၊ ဒါယကာတို့မှာလိုက်သော သတင်းစကားစာတို့ကိုဆောင်၍သွားခြင်း၊ ရောင်းဝယ်မှု ခင်းတို့ကို ကိုယ်တိုင်ရွက်ဆောင်ခြင်း၊ ဒါယကာဆင်းရဲ လျှင် မိမိတို့လည်း စိတ်ဆင်းရဲခြင်း၊ ဒါယကာချမ်းသာ လျှင် မိမိတို့လည်း စိတ်ချမ်းသာခြင်းအားဖြင့် လောကီ ကြီးပွားမှုကိုသာ အားရုံပြုလျက် ရွက်ဆောင် အားထုတ် ကြခြင်းမှာ သနားရာမရောက်သည့်ပြင် လူနှင့် လူခြင်းကဲ့ အလား ငါတို့ကိုသာ ဆောင်ရွက်ပေါ် ရပါပေသည် ဟူသောနှစ်လိုးထားဖြင့် ကိုးကွယ်မှု၊ ကြည်ညိုမှု၊ လှူဒါန်း မှုတို့ကိုပြုကြရကား သီလဝန္တ အရှင်ကောင်း အရှင်မြတ် တွေ့ပါတကားဟု အောက်မေ့ခြင်း၊ လှူဒါန်းခြင်း၊ ကိုးကွယ်ခြင်းဟု ဆိုအပ်သော သဒ္ဓါတရား အစစ်ကို ဖျက်ဆီးရာ ကျရောက်သဖြင့် ရှင်တော်ဘုရားက ထို ရဟန်းများကို 'ကုလဒူသက, ဒါယကာတို့ သဒ္ဓါအစစ် ကို ဖျက်ဆီးတတ်သော ရဟန်းဟူ၍ အပြစ်တင်ခြင်းကို ခံရသည့်ပြင် ထိုအရှင်တို့အား လှူဒါန်း ပူဇော်ရသော

ကုသိုလ်မှာလည်း မဟာနိသံသ, မဟာဖလ မဖြစ်ရကား ထိုရဟန်းတို့အား ကိုးကွယ်ဆည်းကပ်ရသော ဒါယကာ တို့မှာ လွန်စွာ နစ်နာလှ၏။

ဤကား (သမဏာနဉ္စဒဿနံ) ဟူသော မင်္ဂလာ တရားတော်၏ အဓိပ္ပါယ်တည်း။

## (၃၀) ကာလေန ဓမ္မသာကစ္ဆာ။

(၃၀) အခါသင့်လျော်၊ သူတော်တရား ဆွေးနွေး ပြော၊ မှတ်သားမင်္ဂလာ။

**တရားဆွေးနွေးပုံ**........ ဤ မင်္ဂလာ၌ သုတ္တန်ကို ဆောင်သော ရဟန်းတော်ချင်းချင်း၊ ဝိနည်းကို ဆောင် သော ရဟန်းတော်ချင်းချင်း၊ အဘိဓမ္မာကိုဆောင်သော ရဟန်းတော်ချင်းချင်း, သင့်လျော်သော အချိန် ကာလ တို့၌ အစည်းအဝေး ပြုလုပ်ကြ၍ ဆွေးနွေး မေးမြန်း တိုင်ပင်ကြခြင်းသည် (ကာလေနဓမ္မသာကစ္ဆာ) မည်၏။ ထိုမှ တပါး ရဟန်းတော်များကလည်း မိမိတို့ ဆိုင်ရာ သာသနာတော်ကြီး မပျက်စီးစေခြင်းငှါ တမြို့ တနယ် အတွင်း၌ရှိကြသော ရဟန်းတော်တို့ချင်းချင်း မကြာ မကြာ စည်းဝေးတိုင်ပင် ဆွေးနွေးခြင်း၊ ၂နှစ်တကြိမ်၊ ၃နှစ်တကြိမ်၊ တနိုင်ငံလုံးရှိ ရဟန်းတော်တို့၏ အစည်း အဝေးကို ပြုလုပ်ကြ၍ သာသနာ ကြီးပွားရေး တို့ကို ဆွေးနွေးတိုင်ပင်ကြပြီးလျှင် ကြီးပွားသည်ထက်ကြီးပွား

အောင် အားထုတ် ကြခြင်းသည် (ဓမ္မသာကစ္ဆာ) မင်္ဂလာမည်၏။

**လူများမှာလည်း**........ ရွာတိုင်းရွာတိုင်း, မြို့တိုင်း မြို့တိုင်း မကြာမကြာစည်းဝေးကြ၍ တနှစ်ကိုတကြိမ်ကျ နိုင်ငံလုံးကျွတ် အစည်းအဝေးကြီးကို ပြုလုပ်ကြပြီးလျှင် မိမိတို့၏ အမျိုးဘာသာ, သာသနာ ကြီးပွားရေးတို့ကို ဆွေးနွေးတိုင်ပင်ခြင်းသည် (ကာလေန ဓမ္မသာကစ္ဆာ) မည်၏။

**ဆွေးနွေးရကျိုး**........ မကြာမကြာ စည်းဝေးကြ၍ မိမိတို့ အမျိုးဘာသာ သာသနာ ကြီးပွားရေး တို့ကို ဆွေးနွေး တိုင်ပင်ကြခြင်းသည် (အဘိဏှံသန္နိပါတာ, သန္နိပါတ ဗဟုလာ, ဘဝိဿန္တိ, ဝုဍ္ဍိယေဝ, ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နောပရိဟာနိ) ဒေသနာတော်အရ မုချ ကြီးပွားကြောင်းဖြစ်၍ ဤမင်္ဂလာနှင့် ကိုက်ညီကာ လွန်စွာ သင့်လျော်လှ၏။

ဤကား (ကာလေနဓမ္မသာကစ္ဆာ)ဟူသော မင်္ဂလာ ဘာရားတော်၏ အဓိပ္ပါယ်တည်း။

## (၃၁) တပေါ်စ။

(၃၁) သတိဓမ္မ၊ ဝီရိယမျိုး၊ မြိုးခြံစွာပ၊ ကျင့်ကြံက မုချမင်္ဂလာ။

**မြိုးခြံပုံ**........ ဆုနှင့်ကို စောင့်ခြင်း၊ သတိ, အပြင်းကို ပူပန်စေတတ်ခြင်း၊ ဝိရိယသည် တပ,မည်၏။

အဆင်း၊ အသံ စသည်တို့အတွက် အကုသိုလ်ပွား ဒုက္ခများရေအောင် သတိတရားကြီးကြီးထား၍ ကိလေသာ တရားကို နှိပ်စက် ပူပန်စေတတ်သော ဝိရိယကို အားထုတ်ကာ မြိုးခြံစွာ ကျင့်ကြံမှုသည် မင်္ဂလာမည်၏ ဟူလို။ သတိနှင့်ဝိရိယတရားနှစ်ပါးကိုပင် ဤ၌ မင်္ဂလာဟု ဟောတော်မူ၏။

ဤကား(တပေါစ)မင်္ဂလာတရားတော်၏ အဖွင့်ပြယ် တည်း။ ။

## (၃၂) ဗြဟ္မစရိယဥ္စ။

(၃၂) သူတော် ကျင့်အပ်၊ အကျင့်မြတ် ကျင့်လတ်မင်္ဂလာ။

**မြတ်သောအကျင့်**........ ဤ၌ ဗြဟ္မစရိယာ (အကျင့်မြတ်)ဟူသည် အလှူပေးခြင်း၊ အမှုကြီးငယ် တို့ကို ရွက်ဆောင်ခြင်း၊ ငါးပါးသီလကိုစောင့်ခြင်း၊ ဗြဟ္မဝိဟာရ တရားကိုပွားများခြင်း၊ မေထုန်မှ ရှောင်ကြဉ်ခြင်း မိမိ မယားဖြင့်ရောင့်ရဲခြင်း၊ ဝိရိယကိုအားထုတ်ခြင်း၊ ဥပုသ် သုံးခြင်း၊ အရိယာမဂ်၊ ရဟန်းတရားဟူ၍ (၁၀) ပါး ပြား၏။

ဆောင်ပါ ........ အလှူပေးရိုး၊ မှုမျိုးဆောင်ရွက်၊
ငါးချက်သီလ၊ စောင့်ထကြည်ညို၊ ဗြဟ္မစို
ပွားလစ်၊ မေထုန်ပစ်နှင့်၊ တလှစ်မှတ်သား၊
ကိုယ့်မယားမှ၊ တခြားအရာ၊ လော်မာမရှိ၊
ဝီရိအားကြိုး၊ ဥပုသ်မျိုးကို၊ သုံးရိုးမှန်စွာ၊
အရိယာမဂ္ဂ၊ သမထာတရား၊ ဤဆယ်ပါး၊
မှတ်သား''ဗြဟ္မစရိယ'' သရုပ်တည်း။

ထိုတွင် အလှူပေးခြင်းကို ''ဒါန''၌ အမှုကြီးငယ်ကို ဆောင်ရွက်ခြင်း၊ ဥပုသ်သုံးခြင်းကို''အနေဝစ္စာနိကမ္မာနိ'' ၌ ငါးပါးသီလ ဆောက်တည်ခြင်း၊ မိမိမယားဖြင့် ရောင့်ရဲခြင်းတို့ကို''ဝိရတိပါပါမဇ္ဇပါနာစသံယာမော'' ၌ ဗြဟ္မစိုရကို ''ခန္တီ'' ၌ ဝိရိယကို ''တပေါစ'' ၌ ဆိုအပ်ပြီ။ အရိယာမဂ်ကို ဆိုလည်း ဖြစ်၏။ ထို့ကြောင့် ဤ၌ ပြဆိုရာ (၁) မေထုန်မှရှောင်ကြဉ်ခြင်း။ (၂) ရဟာန်း တရားဟူ၍ နှစ်ပါးသာ ရှိပေတော့သည်။

(၁) မေထုန်မှရှောင်ကြဉ်ကျိုး........ဤလောက၌ မေထုန်မှ ရှောင်ကြဉ်လျက် နေကြသောသူတို့မှာ အနာ ရောဂါကင်းခြင်း၊ မိမိစိတ်အလိုရှိတိုင်း ချမ်းသာစွာနေရ ခြင်း၊ သားမယားအတွက် မပူပန်ရခြင်း၊ အိုခဲ ခြင်း စသောအားဖြင့် များစွာ ချမ်းသာခွင့်ရ၏။

မေထုန်မှ မရှောင်ကြဉ်နိုင်သူတို့မှာ ထိုမေထုန်ကို မှီဝဲခံစားလိုသဖြင့် မိမိကိုယ်ကို မိမိသတ်၍ သေရခြင်း၊

သူတပါးတို့နှင့် ခိုက်ရန်ဖြစ်ရခြင်း၊ သူတပါး မယားတို့၌ လွန်ကျူးခြင်း၊ မုဒိမ်းမှုဖြစ်ခြင်း စသော ဒုစရိုက်၊ ဒုရာဇီဝ မှုတို့ကိုပြုကျင့်ကြ၍ အပါယ်သို့ ကျရောက်ခြင်း စသော အားဖြင့် များစွာဆင်းရဲရ၏။ ထို့ကြောင့် ထိုမင်္ဂလာ တရားကို ပွားများကြရအောင် အထူးသတိ ဆောင်ကြ ကုန်ရာ၏။

**(၂) ရဟန်းတရား .....** ရဟန်းတရားကို အားထုတ်သောသူတို့မှာ ယခုနေ့ရဟန်းဖြစ်လျှင် ယနေ့ပင် သူတကာတို့ ရိုသေမြတ်နိုး ရှိခိုးခြင်းကို ခံရ၏။ ထိုမှ တပါးလည်း သားမယား သားသမီး သေဆုံး၍ ပူပန်မှု မရှိရခြင်း၊ ဘဝလွတ်မြောက်ရေးကို အချိန်ပြည့် အား ထုတ်နိုင်၍ လျင်မြန်စွာ လွတ်မြောက်ရခြင်း စသော အားဖြင့် များစွာ အကျိုးရှိတော့၏။

ဗြဟ္မဝိုရ်တရားဟူသည် အညီအမျှ ချစ်ခြင်း မေတ္တာ, သနားခြင်းကရုဏာ, ဝမ်းမြောက်ခြင်းမုဒိတာ, ဟိုဘက် သည်ဘက် မပါသည့် ချိန်ခွင်ညှာသို့ တည့်မတ်စွာ ကြည့်ရှုခြင်း ဥပေက္ခာဟူ၍ ၄ ပါးအပြားရှိ၏။

ထို ၄ ပါးသော တရားတို့သည် သတ္တဝါတို့အား လွန်စွာ ကျေးဇူးများ၏။ သတ္တဝါတို့၏ "ငတ်မွတ်ခြင်း, ဝပြောခြင်း" ကို "မိုးယံ" ကသာ စီရင်သကဲ့သို့ ထိုအတူ သတ္တဝါတို့၏ ဆင်းရဲမှု, ချမ်းသာမှု, ကြီးပွားမှု, ဆုတ်ယုတ်မှုတို့ကို ယင်း "ဗြဟ္မဝိုရ်" တရား ၄ ပါးကသာ ပြုပြင်ကြ၏။ အကြင်အခါ ထိုတရား ၄ ပါးသည်

အားနည်း ဆုတ်ယုတ်၏။ ထိုအခါ လောကကြီးသည်လည်း အားနည်း ဆုတ်ယုတ်ခြင်းသို့ရောက်၏။ အကြင်အခါ ထိုတရား ၄ ပါး တိုးပွား ကြီးမြင့်၏။ ထိုအခါ ထိုလောကကြီးသည်လည်း တိုးပွား ကြီးမြင့်၏။ ။

ထိုတရား ၄ ပါး တို့သည် ထင်းချောင်း များကို စည်းနှောင်သော "ကြိုး" သစ်ပေါင် ဝါးပေါင်တို့ကို တုပ်နှောင်သော "ကြိမ်-နွယ်" အုတ်တို့ကို ဆက်စပ်သော "သရွတ်" ရွှေ၊ ငွေ၊ ကြေး၊ သံ စသည်တို့ကို ဆက်စပ်သော "ဂဟေ" တို့နှင့်တူကုန်၏။ ထို့ကြောင့် အကြင်အမျိုးသား အကြင်မြို့ရွာ နယ်ပယ်တိုင်း နိုင်ငံတို့၌ ထိုတရား ကိန်းအောင်းခြင်းမရှိ။ ထိုအမျိုးသား, ထိုမြို့ရွာ နယ်ပယ်တိုင်း နိုင်ငံတို့မှာ အကွပ်မရှိသော ကြမ်း, အထိန်းမရှိသော ချည်ခင်ပမာ ဘာရမ်းဘာဘာ ပျက်စီးကြ၍ မည်သည့်ဘုံဌာကိုမျှ ဆောင်ရွက်နိုင်ကြတော့မည်မဟုတ်ချေ။ ထိုတရား ၄ ပါး ကိန်းအောင်းခြင်း ရှိကလည်း မည်မျှ ကြီးကျယ်သော ကိစ္စကိုမဆို လွယ်ကူစွာနှင့် ရွက်ဆောင်ခြင်းငှါ စွမ်းနိုင်ကြ၏။

## (၃၃) အရိယာ သစ္စာန ဒဿနံ။

### (၃၃) သစ္စာလေးဝါသိမြင်ကာ၊ ချမ်းမင်္ဂလာ။

**သစ္စာကိုရှုပုံ**.......ဤ၌ သစ္စာ တို့သည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓ သစ္စာ၊ မဂ္ဂသစ္စာ ဟူ၍ ၄ ပါး အပြားရှိ၏။

ထိုငှပါးတို့တွင် (၁) ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ စိုးရိမ်ရခြင်း၊ အကြင်ဝတ္ထုကို အလိုရှိ၏။ ထိုဝတ္ထုကို မရခြင်း၊ အကျဉ်းအားဖြင့် ခန္ဓာ ၅ပါး ဤတရားတို့သည် ဒုက္ခသစ္စာ (ဆင်းရဲရ အမှန်)မည်၏။

(၂) ထိုဒုက္ခကိုဖြစ်စေတတ်သော ထိုထိုသောအာရုံ၌ အလွန်တပ်နှစ်သက် တတ်သော ရာဂနှင့်တကွ ဘဝသစ်ကို ဖြစ်စေတတ်သော တဏှာသည် သမုဒယသစ္စာ (ဆင်းရဲဖြစ်ကြောင်းအမှန်) မည်၏။

(၃) ထိုဒုက္ခ သမုဒယနှစ်ပါးတို့၏ ချုပ်ရာသည် နိရောဓသစ္စာ (ချုပ်ရာအမှန်) မည်၏။

(၄) က။ သမ္မာဒိဋ္ဌိ (မဖောက်မပြန် မှန်ကန်စွာ မြင်ခြင်း၊

ခ။ သမ္မာသင်္ကပ္ပ (မဖောက်မပြန် မှန်ကန်စွာ ကြံခြင်း။)

ဂ။ သမ္မာဝါစာ (မဖောက်မပြန် မှန်ကန်စွာ ဆိုခြင်း။)

ဃ။ သမ္မာကမ္မန္တ (မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်ခြင်း။)

င။ သမ္မာအာဇီဝ (မဖောက်မပြန်မှန်ကန်စွာ အသက်မွေးခြင်း။)

စ။ သမ္မာဝါယာမ (မဖောက်မပြန် မှန်ကန်စွာ အားထုတ်ခြင်း။)

ဆ။ သမ္မာသတိ (မဖောက်မပြန် မှန်ကန်စွာ အောက်မေ့ခြင်း။)

ဇ၊ သမ္မာသမာဓိ (မဖောက်မပြန်မှန်ကန်စွာ တည်ကြည်ခြင်း။)

ဤမဂ္ဂင်တရားကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာ (နိဗ္ဗာန်သို့ ရောက်ကြောင်းအမှန်) မည်၏။ ။

သတ္တဝါ အပေါင်းတို့သည် ထိုအမှန် လေးပါးကို မသိကြသည့်အတွက် ပိုးဖလံတို့သည် မီးကို တိုးကြသည့်ပမာ မိမိတို့ဒုက္ခကို မိမိတို့ရှာ၍ ဒုက္ခ ရှိရာသို့သာ တိုးကြကုန်၏။ ။

## (၃၄) နိဗ္ဗာနသစ္ဆိကိရိယာ

(၃၄) ဒုက္ခကင်းဝေး၊ ချမ်းအေးသာစံ၊ ပြည်နိဗ္ဗာန်ဟု၊
မျက်မှောက်ပြု၊ မှတ်ရှုမင်္ဂလာ။ ။

**နိဗ္ဗာန်ကိုမျက်မှောက်ပြုပုံ** ........ ဤ၌ " နိဗ္ဗာန် " ဟူသည် ကြီးကျယ်လှစွာသောအနာကြီး, အဖျားကြီး, နူနာကြီးတွေတကိုယ်လုံးပေါက်နေသဖြင့် တမိနစ်ကစက်ကန့်မျှချမ်းသာခွင့်မရသော သူသည် ထိုအနာမှ, ကွင်းလုံးကျွတ် ကင်းလွတ်သောအခါ လွန်စွာ ချမ်းသာ သကဲ့သို့ရင်း၊ ညီးညီးပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီး၏အတွင်း၌ပူလောင်ခြင်းမှက ပူလောင်သည်ကို

ခံနေရသောသူသည် ရေစင်ရေချမ်းဖြင့် သွန်းဖြန်းလောင်း ချလိုက်ရာ တခါတည်း ချမ်းသာသွားကဲ့သို့ရှင်း၊ အမိဝမ်းတွင်း၌ အပန်ဖန် ပဋိသန္ဓေ နေရခြင်းကြောင့် ဖြစ်သော ဆင်းရဲစသော ဒုက္ခဟူသမျှ အပေါင်းတို့သည် ထိုနိဗ္ဗာန်၌ မရှိတော့ပြီ။

ထို့ကြောင့် မည်သည့်ဆင်းရဲဒုက္ခကိုမဆို တွေ့ကြုံ ရသောအခါ ငါတို့သန္တာန်၌ ဖြစ်ပေါ်လာသော ဤဒုက္ခ မျိုးသည် အကြွင်းနိဗ္ဗာန်၌ မရှိ။ ထိုနိဗ္ဗာန်သည် ချမ်းသာ ပေစွတကားဟု ဆင်ခြင်အောက်မေ့ခြင်းကို ပြုရာ၏။

## (၃၅) နကမ္ပတိ။

(၁၅) လာဘ်ရ, မရ၊ ရှုတ်ချမြှောက်စား၊ နည်းများ
များ၊ သုခ ဒုက္ခ၊ ဤရှစ်ဖြာကြောင့်၊ ဝမ်းသာ
ဝမ်းနဲ့၊ နှစ်ကွဲမရှိ၊ စိတ်တည်ဘိ၊ မှတ်သိ
မင်္ဂလာ။

### မတုံလှုပ်ပုံ........

ဤမင်္ဂလာ၌ လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြံအရံ များခြင်း၊ အခြံအရံ နည်းခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်း၊ဆင်းရဲခြင်း ဤရှစ်ပါးသောတရားတို့သည် မည်သည့် သတ္တဝါကိုမဆို အစဉ်တစိုက်လိုက်၍ ဖြစ် တတ်ရကား (လောကဓမ္မ) "လောကဓံ" တို့ မည်ကုန်၏။

ထိုတရားတို့နှင့် တွေ့သောအခါ ဘုရား၊ ရဟန္တာကို ချန်၍ သတ္တဝါမှန်က တုန်လှုပ်တတ်ကြသော်လည်း သမာဓိဓါတ်ခံရင့်သန်၍ လောကဓံတရားတို့၏ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်ဟန်ကို အဖန်ဖန် စဉ်းစား ရှုမြင်တတ်သော "ဝိစာရဏာဉာဏ်" သန်မာထွားကြိုင်းသော ပုဂ္ဂိုလ်တို့မှာ ခိုင်မာ တည်ကြည်သော စိတ်နှလုံးကိုဖြစ်စေရမည် ဟူ၏။

ထိုလောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံသောအခါ ဝမ်းသာဝမ်းနည်းအားဖြင့် တုန်လှုပ်တတ်သော သူတို့မှာ ပွဲကြည့်သောအခါ လွမ်းဘွယ်၊ ဆွေးဘွယ်၊ နှစ်သက် ဝမ်းမြောက်ဘွယ် အခန်းတို့ကို တွေ့မြင်ရာ၌ တကယ် လွမ်းဆွေး၊ တကယ် နှစ်သက် ဝမ်းမြောက်တတ်ကြကုန် သော "သူငယ်၊ သူငယ်မ" တို့နှင့် တူရကား များစွာ ရှက်ဘွယ် ကောင်း၏။

ခိုင်မာတည်ကြည်သော စိတ်ရှိသော သူတို့မူကား အတောင်ငါးဆယ်ကွာဇီ စိုက်၍ထားအပ်သော သစ်ပင် ရှိသော လမ်းမကြီးမှာ နေ့ဥတုအခါ၌ လျှောက်သွား ရသော ခရီးသည်ယောကျ်ားသည် ရံခါပူချည် ရံခါအေး ချည်အားဖြင့် အရိပ်သို့ရောက်သောအခါလည်း မကြာမီ ပူမည်ကိုသိ၊ အပူသို့ ရောက်သောအခါလည်း မကြာမီ အေးမည်ကိုသိရကား၊ အားရဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း ဟူ၍ မရှိသကဲ့သို့ ထို့အတူ လာဘ်ရခြင်း၊ လာဘ်မရ ခြင်း၊ အခြံအရံများခြင်း၊ အခြံအရံနည်းခြင်း၊ ချီးမွမ်းခြင်း၊

ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့မှာ စက်ဘီးကြိုး လည်၍နေသည့်ပမာ ဘယ်အခါမှ အမြဲမရှိဘဲ တလှည့်စီ ဖြင့်ပျက်၍နေရကား မည်သို့မျှ ဝမ်းသာခြင်း၊ ဝမ်းနည်း ခြင်းဖြစ်တို့ရာ မရှိကြောင်း ကောင်းစွာ ဆင်ခြင်စဉ်းစား ပြီးကာ လောကဓံတရားတို့နှင့် တွေ့သောအခါ ဘည့်မတ် ခိုင်မာသော စိတ်နှလုံးကို ထားကြကုန်ရာ၏။ ။

## (၃၆) အသောကံ

(၃၆) လာဘ်ရမရ၊ ရှုတ်ချမြှောက်စား၊ နည်းများ ကြီးငယ်၊ သုခံ ဒုက္ခ၊ ဤရှစ်ဖြာကြောင့်၊ ဗျာပါ တမျိုး၊စိုးရိမ်ကြောင့်ကြ၊ မရှိက မှချမင်္ဂလာ။

**မစိုးရိမ်ပုံ** ........ ဤမြတ်ဘုရား ဟောတော်မူသည့်တို့ကို ချန်၍ ကျန်သမျှ သတ္တဝါတို့မှာ လောကဓံတရားနှင့် တွေ့ကြုံ သောကာလ စိုးရိမ် ကြောင့်ကြဘတ်သော သဘော ရှိကုန်၏။

ထို့ကြောင့် အချို့သော သူတို့သည် စိုးရိမ်တို့ရာ အာရုံနှင့် တွေ့ကြုံသောအခါ လွန်စွာစိုးရိမ်ပူပန်လှသဖြင့် မစားနိုင် မသောက်နိုင် ကြံနှင်၍ နေခြင်း၊ မိမိပြုဘွယ် ကိစ္စတို့ကို ပြုတို့ရန် သတိမရခြင်း၊ ရှေးက ရှိနှင့်သော အသိအလိမ္မာ ဉာဏ်ပညာတို့ ကွယ်ပျောက်၍သွားခြင်း၊ ဇာတ်နှလုံးပေါက်ပြန်ကူးသွယ်ခြင်း၊ ငိုကြွေးခြင်းစသည်တို့ကို ပြုလုပ်တတ်ကြကုန်၏။

ထိုသို့ ပြုလုပ်ခြင်းတို့ကြောင့် မိမိတို့အား တစုံတခု သော အကျိုးစီးပွား ဖြစ်ထွန်းခြင်းမရှိသည့်ပြင် မိမိအား မချစ်မနှစ်သက်သော ရန်သူတို့ မြင်သောအခါ သာ၍ပင် ဝမ်းသာကြ၍ ဝိုင်းဝန်းကာ နှိပ်စက်လိုကြကုန်၏။ မိမိ၏ အကျိုးစီးပွားကို လိုလားသူတို့ကလည်း လွန်စွာ စိတ်နှလုံး ပင်ပန်းခြင်းကို ရကြကုန်လျက် ညှိုးငယ်ကြိုလို့ ခြင်းဖြစ်ကြကုန်၏။

ထို့ကြောင့် မိမိတို့မှာ တစုံတခု ဖုံးရိပ်ကြောင့်ကြ ဘွယ်ရာ အခါရှိနှင့် တွေ့ကြုံသောကာလ "ယောကျ်ား ကောင်း" ပြီသစွာ ခိုင်မာသည့်မတ်သော စိတ်နှလုံးတို့ကို ဖြစ်စေပြီးကာ မိမိတို့ပြုလုပ်ဘို့ရာ အမှုကိစ္စ ဟူသမျှတို့ကို မမေ့မလျော့ဘဲ အားထုတ်ကြကုန်ရာ၏။

## (၃၇) ဝိရဇံ။

'၃၇) လာဘ်ရမရ၊ ရှုတ်ချမြှောက်စား၊ နည်းများ ခြိုး၊ သုခံ ဒုက္ခ၊ ဤရှစ်ဖြာကြောင့် ရာဂ, ဒေါသ, မောဟတည်းမြူ, မရှိမှု၊ မှတ်ယူ မင်္ဂလာ။

**မြူကင်းပုံ......** ဤ၌ 'ရာဂ, ဒေါသ, မောဟ,တို့ သည် သတ္တဝါတို့အား လွန်စွာ ညစ်ညူးစေတတ်သော ကြောင့် "မြူ" မည်၏။

ထိုသုံးပါးတို့တွင် "လောဘ" သည် အကြင်အခါ၌ အကြင်သတ္တဝါအား နှိပ်စက်၏။ ထိုအခါ ထိုသတ္တဝါ

သည့် လွန်စွာမိုက်မဲတွေဝေသော အဖြစ်သို့ရောက်သဖြင့် အကြောင်း အကျိုး အကောင်းအဆိုးကိုပင် မသိနိုင်ရကား မိမိတို့ အကျိုးစီးပွား မရှု၍ ရှက်ဖွယ်လိလိဖြစ်သော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြုလုပ်၊ ပြောဆို၊ ကြံစီတတ်ကြ၏။

**အချုပ်အားဖြင့်** ပြောဆိုရမူ ဤကမ္ဘာလောကကြီး တခုလုံး၌ မည်သည့်အခါမှ "ချမ်း"သည် ဟူ၍ မရှိဘဲ အမြဲပူဆူ၍ နေကြရခြင်း။ "ဒေဝီ" နှင့် "သား" "မယား" နှင့် "လင်" "မောင်" နှင့် "နှမ" တို့ မသင့်မတင့်ကြခြင်းကိုလည်း "လောဘ" ၏ အတွက်ကြောင့်သာ ဖြစ်ကြကုန်၏။ "လောဘ" ကြီး သူတို့နှင့် အတူတကွ နေရသော သူတို့မှာလည်း ဖုံမီးပမာ ဘယ်အခါမှ "ချမ်း" သည်ဟု မရှိဘဲ အမြဲ ပူပန်၍ နေကြရကုန် ၏။ ထို့ကြောင့် "ယောကျ်ားကောင်း" ပြီသွား "လောဘ" တည်းဟူသော "မြူ" ကို ပယ်ခွါ၍ "ငြိမ်း" ဟူသော မင်္ဂလာကို ဖြစ်စေကြကုန်ရာ၏။

**"ဒေါသ" တရားသည်** ...... အကြင် အခါ၌ အကြင်သူ အား နှိပ်စက်၏။ ထိုအခါ၌ ထိုသူသည် လွန်စွာ မိုက်မဲ တွေဝေသော အဖြစ်သို့ ရောက်သဖြင့် အကြောင်း အကျိုး အကောင်း အဆိုးကို မသိသတ်ရကား မိမိအကျိုး စီးပွားကို လိုလား၍ ဆုံးမပြောကြားသော စကားကို နားမဝင် အကောင်း မထင်တတ်ခြင်း စသောအားဖြင့် များစွာသော အပြစ်တို့ကို ပြုလုပ်

တတ်၏။ ထို့ကြောင့် ထို"ဒေါသ" ကြီးသော သူတို့နှင့် အတူတကွ နေရသော သူတို့မှာ မြွေပွေးကို ခါးပိုက်၌ ပိုက်ထားရသော သူကဲ့သို့၎င်း၊ ကျားမြီးကို ဆွဲထားရသော သူကဲ့သို့၎င်း၊ မည်သည့်အခါမှ စိတ်ချမ်းသာခွင့် မရဘဲအမြဲ ပူပန်၍ နေရ၏။ ထို့ကြောင့် "ယောက်ျားကောင်း" ပြုသစွာ ထိုဒေါသတရားကို ပယ်ရှား၍ "ခန္တီ" ဟူသော မင်္ဂလာတရားကို ဖြစ်ပွားစေရာ၏။

**"မောဟ"တရားသည်** အကြင် သတ္တဝါအား အကြင်အခါ နှိပ်စက်၏။ ထိုအခါ ထို သတ္တဝါသည် လွန်စွာမိုက်မဲတွေဝေသော အဖြစ်သို့ ရောက်တတ်သဖြင့် မိမိ အကျိုးစီးပွားကို အကျိုးစီးပွားဟု မထင်မြင်။ အကျိုးစီးပွားကိုပင် အကျိုးစီးပွားမဲ့ ဟူ၍ မှတ်ယူမှားပြီးလျှင် အကျိုးစီးပွားမဲ့ ကိုသာ ပြုလုပ်တတ်သဖြင့် အသက် တိုတတ်၏။ ချမ်းသာကြောင်း၊ ဆင်းရဲကြောင်းတို့ကို ကောင်းစွာမသိသည့်အတွက် မိမိလုပ်သမျှအလုပ်တို့မှာ ပျက်စီးခြင်းသို့သာ ရောက်တတ်၏။ "မောဟ" သည် လကွယ်, သန်းခေါင်, မိုးသည်းမှောင်, တောနက်ဟု ဆိုအပ်သော အင်္ဂါ၄ ပါးနှင့် ပြည့်စုံသော အမိုက်မှောင်ကြီးနှင့် တူ၏။

"ထိုမောဟ" တည်းဟူသော မှောင်ကြီး အတွင်း၌ ကျရောက်နေကြရကုန်သော သတ္တဝါတို့မှာ ကန္တာရခင်းခဲ အမိုက်မှောင်ကြီးထဲ၌ လမ်းသွား၍ နေကြသော သူကိုသည် ရံခါလမ်းပေါ်သို့ရောက်၊ ရံခါလမ်းပျောက်၍

သစ်၊ ကျွား၊ သားရဲ စသော ဘေးတို့ဖြင့် ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ခုံခါ စီးပွားအပေါက်အလမ်း သင့်၍ချမ်းသာသုခကိုရကြကုန်၏။ ခုံခါ စီးပွားအပေါက် အလမ်းမသင့်၍ ဆင်းရဲဒုက္ခသို့ ရောက်ကြရကုန်၏။

ထို့ကြောင့် "မောဟ" တည်းဟူသော "မြူ" ကို ပယ်ရှား၍ "ယောက်ျားကောင်း" ဖြစ်သဖြင့် "ဝိရုဇ်" ဟူသော မင်္ဂလာကို ဖြစ်ပွားစေကုန်ရာ၏။

## (၃၈) ခေမံ။

(၃၈) လာဘ်ရေ့မရ၊ ရှုတ်ချမြောက်စား၊ နည်းများ ခြံရံ၊ သုခံ့ဒုက္ခာ၊ ဤရှစ်ဖြာကြောင့် ၄-ဖြာ ယောဂ၊ ဘေးကင်းက၊ မရချ မင်္ဂလာ။

**ဘေးကင်းပုံ**........ဤခန္ဓ လောကဓံတရားနှင့် တွေ့ကြုံသော ကာလ ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂ-ဟု ဆိုအပ်သော ယောဂ ၄ ပါးဟူ သော ဘေးကင်းစေရမည်ဟူ၏။

ထိုယောဂတို့သည် တရားကိုယ်အားဖြင့် လောဘ, ဒိဋ္ဌိ, မောဟတို့ပင်တည်း။ ထို ၃ ပါးတို့တွင် လောဘ နှင့် မောဟကို ပြဆိုအပ်ပြီးဖြစ်သောကြောင့် ဒိဋ္ဌိကိုသာ ပြဆိုပေအံ့။

ဤလောက၌ ဒိဋ္ဌိ ဖြစ်ခြင်း၏ အကြောင်းတို့သည် သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးလုံးကိုပင် ပညာရှိတို့

မေးစစ်သောကာလ "အကြောင်းကင်းလျက် ဖြစ်ပျက်ရသည်" ဟူသော အဓိပ္ပါယ်မျိုး၌သာတည်း၏။

**ဒိဋ္ဌိဖြစ်ကြောင်း**.......(၁) ချမ်းသာသည်လည်း ဖြစ်သော, ဆင်းရဲသည်လည်း ဖြစ်သော, မချမ်းသာ မဆင်းရဲသည်လည်းဖြစ်သော, အမှတ်မထင် အကြင် တစုံတခုသောအာရုံကို တွေ့ကြုံခံစားရ၏။ ထိုအသုံးစုံ ဟူသမျှ "ကံကြောင့်သာ" ဖြစ်၏ဟူ၍ ယူသူတို့လည်း ရှိကြကုန်၏။

(၂) "ဘုရား ဖန်ဆင်းသောကြောင့်သာ" ဟူ၍ ယူသူတို့လည်း ရှိကြကုန်၏။

(၃) "အကြောင်း ကင်းလျက်သာဖြစ်၏" ဟူ၍ ယူသူတို့လည်း ရှိကြကုန်၏။

ထိုသုံးမျိုးတွင် နံပါတ်(၁) အယူမှာ ရှေးကံကြောင့်သာ သူ့အသက် သတ်ခြင်းစသော မကောင်းမှုကို ပြုရသည်၊ ပြုပြုသမျှ ကံကြောင့်သာဟု အဓိပ္ပါယ် ရောက်၏။

ထိုအဓိပ္ပါယ်မျိုး ရောက်ခဲ့သဖြင့် ပစ္စုပ္ပန်အကြောင်းကို မရှာမူ၍ "ကံ" ကိုသာယုံလျက် လှဲပုံခြင်းကို ပြုခဲ့ပါလျှင် ငါ မည်သည့်အမှုကို ပြုလိုသည်ဟူသော ဆန္ဒသည်၎င်း, ပြုလုပ်ခြင်း ဝီရိယသည်၎င်း, ဤအမှုကို ပြုအပ်၏၊ ဤအမှုကို မပြုအပ်ဟူ၍၎င်း ရှိကြတော့မည် မဟုတ်ပေ။

ထိုသို့မမှန်ပါလျှင် သူတော် သူမြတ်ဟူ၍လည်း ရှိကြတော့မည်မဟုတ်ပေ။ ထို့ကြောင့် မည်သည့် အရာမှာပင်ဖြစ်စေ "ကံ" ကြောင့်သာဟူသော "ပုဗ္ဗေကတဝါဒ" အယူကိုပယ်ရှား၍ အတိတ်ကံကို အခြေခံ တည်ထားကာ ပစ္စုပ္ပန် "ဉာဏ်ဝီရိယ" နှင့် အားထုတ်မှု အကြောင်းအားလျော်စွာ အကျိုးဖြစ်ပေါ်လာသည်ဟူသော "ကမ္မဝါဒ" အယူမျိုးကိုသာ ယူမိကြရအောင် အထူးသတိ ဆောင်ကြကုန်ရာ၏။

**(၂) ဘုရား ဖန်ဆင်းခြင်း ကြောင့်သာ ........**

ဟူသောအယူမှာလည်း ဘုရားဖန်ဆင်း၍ သူ့အသက်ကို သတ်ရသည့် စသောအားဖြင့် ဒုစရိုက်တရား ဟူသမျှတို့ကို ဘုရားဖန်ဆင်း၍ ပြုရသည်ဟူသော အဓိပ္ပါယ်သည် ရောက်ခဲ့၏။

ဤသို့လျှင် ချမ်းသာခြင်း၊ ဆင်းရဲခြင်းစသောအားဖြင့် အရာရာမှာ ဘုရားဖန်ဆင်းသောကြောင့်သာဟူ၍ ဘုရားကိုသာ ယုံကြည်အားထား၍ မိမိတို့၏ "ဉာဏ်ဝီရိယ" ကို ယုံကြည်အားထားခြင်း မရှိသော သူတို့မှာ ငါမည်သည့်အမှုကို ပြုလိုသည်ဟူသော ဆန္ဒသည်ရှင်း၊ ပြုလုပ်ခြင်း လုံ့လဝီရိယသည်ရှင်း၊ ဤအမှုကိုပြုအပ်၏။ ဤအမှုကို မပြုအပ်ဟူ၍ရှင်း၊ ရှိကြတော့မည်မဟုတ်ပေ။

ဤသို့လျှင် အားထုတ်လိုသောဆန္ဒ အားထုတ်ခြင်း ဝီရိယနှင့်တကွ၊ ဘယ်အမှုကို ပြုအပ်၏။ ဘယ်အမှုကို

နည်းပြုအပ်ဟူ၍မရှိဘဲ ဘုရားကိုသာ လွှဲပုံ၍ ထားပါက သူတော်သူမြတ်ဟူ၍ပင် မှတ်ကြတော့မည် မဟုတ်ချေ။

ထို့ကြောင့် မည်သည့်အရာမှာမဆို ဘုရားဖန်ဆင်း၍သာဖြစ်သည်ဟူသော အယူကိုပယ်ရှား၍ မှေးဘဝက 'ဥဿာဟဝီရိယ'ဖြင့် ပြုလုပ်အပ်သော ကောင်းမှုမကောင်းမှု''ကံ''ယခုဘဝ ''ဥဿာဟ,ဝီရိယ''ဖြင့် ပြုလုပ်အပ်သော ကောင်းမှု မကောင်းမှု ''ကံ''တို့ကို ပြုလုပ်မှုကြောင့်သာ အကြောင်းအားလျော်စွာ အကျိုး ဖြစ်ပေါ်လာသည်ဟူသော ''သမ္မာဒိဋ္ဌိ'' အယူကိုယူကြ၍ ''ခေမံ'' ဟူသော မင်္ဂလာတရားကို ဖြစ်ပွားစေကြကုန်ရာ၏။

(၃) **အကြောင်းမရှိ** ........ ပကတိ သဘော အတိုင်း ဖြစ်သည်ဟူသော သူတို့၏ အယူမှာလည်း ရှေးနည်းအတိုင်းပင်ဖြစ်၍ အထူးဝိစစ်ဘွယ် ရှိတော့မည် မဟုတ်ပေ။ထိုအယူမှာ ''ဥဿာဟ'' အလွန်တရားနည်းပါး လှသဖြင့် အကြောင်းအကျိုး အကောင်းအဆိုးမှ ဝေဘန်ခွဲခြား၍ မသိတတ်သော သူတို့၏ အယူ ဖြစ်ပေ၏၊ ထို့ကြောင့် မည်သည့်အရာမှာဖြစ်စေ အကြောင်းကင်းသောအရာ တပါးတည်းသော အကြောင်းကြောင့်သာ ဖြစ်သောအရာ ဟူ၍မရှိ။ များစွာသော အကြောင်းတို့ ပေါင်းဆုံမိသောကြောင့်သာ ဖြစ်၏။ ထိုအကြောင်းကို မိမိတို့မသိ၍သာ ဖြစ်ပေသည်ဟု နှလုံးထားကြပြီးလျှင် ''ကံ, ဥဿာဟ,ဝီရိယ'' ဟူသော အကြောင်း ၃ ပါးကို

အကျယ်ဝေဘာန် ကျက်စားကြပြီးလျှင် "ခေမံ" ဟူသော မင်္ဂလာတရားကို ဖြစ်ပွားကြစေဘုန်ရာ၏။ ။

## တောဒိသာနီ......တေသံ မင်္ဂလမုတ္တမံ

မင်္ဂလာကို, ကောင်းစွာပြုက, နေ့ညမလပ်, ခပ်သိမ်းရပ်တွင်, အောင်မြင်ရန်မျိုး, ကောင်းကျိုးသုခ, ချမ်းသာရ, မချ-မင်္ဂလာ။

**မင်္ဂလာလုပ်ရကျိုး**...... ဤလောက၌ မည်သည့် သတ္တဝါမဆို "မင်္ဂလာ" ကို အလိုရှိကြသည့်အတွက် မည်သည့်နေ့ရက် မည်သည့် အချိန်အခါမှာ မည်သည့် အမှုကို မည်ကဲ့သို့ ပြုလုပ်လျှင် "မင်္ဂလာ" ရှိသည်။ မည်သည့်နေ့ရက် မည်သည့် အချိန်အခါ၌ မည်သည့် အမှုကို မည်ကဲ့သို့ပြုလုပ်လျှင် "မင်္ဂလာ" မရှိ စသည်ဖြင့် မိမိတို့အလုပ်၏ ကောင်း, မကောင်းကို မရှုကြမူ၍ နေ့-ရက် အချိန်တို့ကိုသာ ရွေးချယ်ကြလျက် "မင်္ဂလာ" ရှိစေခြင်းငှါ လုပ်ကြသည်မှာ လွန်စွာ မှားယွင်း၏။

**စင်စစ်မှုကား**........ မည်သည့် နေ့-ရက် မည်သည့် အချိန်အခါမှာပင်ဖြစ်စေ မကောင်းသော အလုပ်ကို ပြုလုပ်က မည်ကဲ့သို့ "မင်္ဂလာ" ရှိအောင် ပြုလုပ်ကြသော်လည်း "မင်္ဂလာ" ရှိကြမည် မဟုတ်ချေ။

အကြောင်းမူကား အလုပ်က "မင်္ဂလာ" မရှိလျှင် မည်ကဲ့သို့ "မင်္ဂလာ" ရှိအောင် ပြုလုပ်ကြသော်လည်း

"မင်္ဂလာ" မရှိနိုင်ရာ၊ အလုပ်က "မင်္ဂလာ" ရှိသော အလုပ်ဖြစ်လျှင် မည်သည့် နေ့-ရက် မည်သည့် အချိန် အခါမှာပင် ပြုလုပ်စေကာမူ "မင်္ဂလာ" ရှိတော့သည် သာတည်း။ ။

ထို့ကြောင့် ငါတို့ဘုရားရှင် ဟောကြားတော်မူအပ်သော "မင်္ဂလာ" တရားကို မည်သည့် နေ့-ရက် မည်သည့် အချိန်အခါ၌မဆိုပြုလုပ်က "မင်္ဂလာ" ရှိကြတော့သည်သာဖြစ်၍ ခပ်သိမ်းသော အရပ်, ခပ်သိမ်းသော နေ့-ရက် အချိန်အခါတို့၌ ဘေးရန် ဟူသမျှတို့ကို အောင်မြင်ကြ၍ အလိုရှိအပ်သော ချမ်းသာ သုခကို မုချရနိုင်လေ၏။ ။

မင်္ဂလာမောင်မယ်၊ ဖြစ်ရန်ရွယ်လျက်၊ ဖွင့်ကျယ်
မင်္ဂလာ၊ ကျမ်းရွှေစာမှ၊ လိုရာရွေးထုတ်၊ အကျဉ်း
ချုပ်၍၊ ကောက်နုတ်မကျယ်၊ ဤကျမ်းငယ်ကို၊
ငယ်ရွယ်ကျောင်းသား၊ အစထား၍၊ များပြား
သွယ်သွယ်၊ လူပေါ်ယာယ်တို့၊ အလွယ်လေ့လာ၊
ပြုကြပါလျှင်၊ ခုခါ ယဉ်ကျေး၊ အပါယ်ဘေးမှ၊
ဝေးရန် အကြောင်း၊ အလွန်ကောင်းသည်........
နှစ်ထောင်းရှင်ပျ၊ လေ့လာကြ။ ။

ဤတွင် "မင်္ဂလာဖွင့်ကောက်နုတ်ချက်" ပြီးပြီ။

စာကြည့်တိုက်